# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ အင်္ဂါနေ့ အတွဲ [၅၅]၊ အမှတ် [၁၄၆]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၂)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဆူလတန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

## ၂၀၁၆ ခုနှစ်တွင် အယ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကိုကာကွယ်နိုင်ရေး အရေးကြီးအဆိုတင်သွင်း

စာ » ၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**

## သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို လွှတ်တော်က အတည်ပြုဖွဲ့စည်းခြင်းဆောင်ရွက်

စာ » ၇

---

**ယနေ့ — ဖတ်စရာ**

**ဂျပန်နိုင်ငံထုတ် စားသောက်ကုန်များ အရှေ့အလယ်ပိုင်းသို့ တင်ပို့**

စာ » ၄

**ဖားကန့်မြို့နယ် ဆန်းကြွယ်ကျေးရွာ၌ သောက်သုံးရေကန် ပျက်စီးမှုနှင့် ရေဘေးအန္တရာယ်ကျရောက်မည်ကို ရွာသူရွာသားများ စိုးရိမ်**

စာ » ၁၀

---

# ရန်ကုန်မြို့၌ လေထုတိုင်းတာစက်ဖြင့် ၄၇ နေရာတွင် တိုင်းတာပြီးစီး



သတင်းနှင့်ဓာတ်ပုံ-ထင်ပေါ်ဝင်း(ကမာရွတ်)

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်မြို့တော်၏ လေထုညစ်ညမ်းမှုကို စောင့်ကြည့်လေ့လာရန်အတွက် လေထုတိုင်းတာစက်များ တပ်ဆင်၍ တိုင်းတာလျက်ရှိရာ သတ်မှတ်ထားသောနေရာ ၆၇ နေရာအနက် ၄၇ နေရာကို တိုင်းတာပြီးစီးခဲ့ပြီး ကျန်နေရာများအား ဆက်လက်တိုင်းတာဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ကြိုတင်ရွေးချယ်သတ်မှတ်ထားသော နေရာ ၆၇ နေရာအနက် သုံးနေရာကို အထိုင်စက်ဖြင့်လည်းကောင်း၊ ကျန် ၆၄ နေရာကို ရွေ့လျားတိုင်းတာသည့်စနစ်ဖြင့် လည်းကောင်း လေထုညစ်ညမ်းမှု စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကုန်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လေထုတိုင်းတာခြင်းလုပ်ငန်းများ အကြောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်အင်ဂျင်နီယာချုပ်ဖြစ်သူ ဒေါက်တာအောင်မြင့်မော်က "ကျွန်တော်တို့ ရန်ကုန်မြို့က အခုမှ ပထမဆုံးအကြိမ်စတိုင်းတာဆိုတော့ အရင်တုန်းက ဘယ်လောက်များလဲ၊ အခုဘယ်လောက်လဲ၊ နောင် ဘယ်လောက်များမလဲဆိုတာ ခန့်မှန်းလို့ မရသေးဘူး။ *စာမျက်နှာ ၃ ကော်လံ ၁* ❍

**ရန်ကုန်မြို့တော်၏ လေထုညစ်ညမ်းမှုကို စောင့်ကြည့်လေ့လာရန်အတွက် လေထုတိုင်းတာစက်များ တပ်ဆင်နေစဉ်။**

---

## ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရား၊ ပုထိုး၊ စေတီ ပစ္စယံများပေါ်သို့ မတ်လ ၁ ရက်နေ့မှစ၍ တက်ရောက်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ပြီး မြန်မာတစ်မျိုးသားလုံးနှင့် ဆက်နွယ်နေသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်သည့်အတွက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရား၊ ပုထိုး၊ စေတီ ပစ္စယံများပေါ်သို့ မတ်လ ၁ ရက်နေ့မှစ၍ တက်ရောက်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ယနေ့ ထုတ်ပြန်သည်။

ယခုအခါ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ဘုရား၊ ပုထိုး၊ စေတီ၊ အုတ်ကျောင်း စသည့် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၀၀၀ ကျော်ရှိကြောင်း သိရှိရပြီး နှစ်ကာလရှည်ကြာလာသည့် *စာမျက်နှာ ၃ ကော်လံ ၅* ■




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်

မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့အဓိကထွက်ရှိသည့် နိုင်ငံဖြစ်သည့်အလျောက် သဘာဝဓာတ်ငွေ့ကို ပြည်ပသို့ တင်ပို့ရောင်းချနေသကဲ့သို့ ပြည်တွင်းသုံးအဖြစ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် စီအင်န်ဂျီမော်တော်ယာဉ်များတွင်လည်း အသုံးပြုလျက်ရှိပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်တင်းပေးလျက်ရှိရာတွင် ရေအားလျှပ်စစ်ပြီးလျှင် သဘာဝဓာတ်ငွေ့မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားသည် အများဆုံးဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တိုးချဲ့ဖွင့်လှစ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ပစ္စည်းအသုံးပြုမှုနှင့် နေအိမ်တိုက်တာ အဆောက်အအုံများတိုးပွားလာခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာလည်း နှစ်စဉ် ၁၅ ရာခိုင်နှုန်း မြင့်တက်လျက်ရှိပါသည်။ လက်ရှိအနေအထားအတိုင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်တက်သွားမည်ဆိုလျှင် ၂၀၂၀ -၂၀၂၁ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၈၁၂၁ မဂ္ဂါဝပ်၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းတွက်ချက်ထားပါသည်။ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးဆောင်ကာ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် ဒီဇယ်ဓာတ်အားပေးစက်ရုံများမှ စုစုပေါင်း စက်တပ်ဆင်အား ၅၂၃၅ မဂ္ဂါဝပ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး ဓာတ်အားစနစ်မှ ထုတ်လုပ်ဖြန့်ဖြူးမှုမှာ ၂၀၁၅ ခုနှစ်အတွင်း အများဆုံး၂၄၉၇ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် လက်ရှိအချိန်အထိ ၂၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ လာမည့်ငါးနှစ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေး နည်းလမ်းပေါင်းစုံအသုံးပြု၍ ထုတ်လုပ်သွားနိုင်မှသာ ၂၀၂၀ လျှပ်စစ်ဓာတ်အား လိုအပ်ချက် နှစ်ဆနီးပါးကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပါသည်။

နောက်ဆုံးဖွင့်လှစ်လိုက်သည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့၌ ဖွင့်လှစ်ခဲ့ပါသည်။ ယင်း ဓာတ်အားပေးစက်ရုံမှ ၂၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင် မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ၂၀၁၁ ခုနှစ်က စက်ရုံ ၁၀ ရုံဖြင့် ၇၁၅ မဂ္ဂါဝပ်အထိ သာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ လက်ရှိအစိုးရလက်ထက် ရန်ကုန် တိုင်းဒေသကြီး လှော်ကား၊ ရွာမ၊ အလုံနှင့် သာကေတတို့တွင် ပုဂ္ဂလိကဓာတ်အားပေးစက်ရုံများအပါအဝင် ယခုအခါ နိုင်ငံ ပိုင်နှင့် ပုဂ္ဂလိကပိုင် နှစ်ရပ်ပေါင်း သဘာဝဓာတ်ငွေ့သုံး ဓာတ် အားပေးစက်ရုံ ၂၀ အထိရှိလာပြီး ၁၂၁၀ မဂ္ဂါဝပ်အထိ တိုး မြှင့်ထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်ပါသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များအား ပြည်တွင်းဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ သဘာဝဓာတ်ငွေ့ထုတ်ယူအသုံးပြုမှုလည်း များပြားလာဖွယ်ရှိပါသည်။ သို့ဖြစ်၍ သဘာဝဓာတ်ငွေ့အရင်းအမြစ်ကို အသုံးပြုကာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## ရွေးကောက်ပွဲ တာဝန်ထမ်းဆောင်ခဲ့သော မဲရုံမှူး၊ ဒုမဲရုံမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ပဲခူးမြို့ မြို့တော်ခန်းမတွင် (၂၀၁၅)ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင် ဆရာ၊ ဆရာမများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**



## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ထမနဲထိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၊ ဗုဒ္ဓဘာသာအသင်းမိသားစု အစီအစဉ်ဖြင့် တတိယအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပခဲ့ရာ ဘွဲ့ကြို/ဘွဲ့လွန် ကျောင်းသား ကျောင်းသူများ၊ အလုပ်သင် ဆရာဝန်များစုဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့်အသင်းများအား ပါမောက္ခချုပ်နှင့်ဆရာ ဆရာမများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## တစ်လမ်းမောင်း သတ်မှတ်ထားသော လမ်းများတွင် စည်းကမ်းမဲ့မောင်းနှင်သူများရှိ




### ထင်သာမြင်သာပြုပြင်စရာ

နေပြည်တော်ပျဉ်းမနားမြို့ အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်ရသော တစ်လမ်းမောင်းစနစ် ဗိုလ်ချုပ်လမ်းနှင့် စိုက်ပျိုးရေးသိပ္ပံလမ်းဆုံရာမေ ခန်းမအနီး စိုက်ပျိုးရေးသိပ္ပံလမ်းမှ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်များနှင့် တချို့သော ယာဉ်များသည် ဗိုလ်ချုပ်လမ်းအထက်ဘက်သို့ **မကွေ့ရဟု အမှတ်အသား** ပြထားသော်လည်း တွေ့မြင်ရသည့်အတိုင်း ချိုးကွေ့မောင်းနှင်နေကြသည်ကို တွေ့ရသည်။ **(ဓါတ်ပုံ)**

ထို့အတူ ပျဉ်းမနားမြို့တွင် တစ်လမ်းမောင်းစနစ်ဖြင့် မောင်းနှင်ရန် သတ်မှတ်ထားသော ပျဉ်းမနားဈေးသို့သွားရာ ဗိုလ်တောက်ထိန်လမ်းတွင်လည်း စည်းကမ်းမဲ့ဆန့်ကျင်ဘက်လမ်းပြောင်းပြန် မောင်းနှင်နေသောဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားများကြောင့် ယာဉ်တိုက်မှုအန္တရာယ်များ အချိန်မရွေးဖြစ်ပွားနိုင်သဖြင့် လူ့အသက်အန္တရာယ် ဆုံးရှုံးထိခိုက်မှုများမဖြစ်ပွားခင် သက်ဆိုင်ရာမှ ကြိုတင်အရေးယူဆောင်ရွက်သင့်ကြောင်းနှင့် စည်းကမ်းမဲ့မောင်းနှင်သူများအနေဖြင့်လည်း မိမိဒေသ၏ ဂုဏ်ကိုစောင့်ထိန်းသောအားဖြင့် စည်းကမ်းလိုက်နာရန်လိုကြောင်း မြို့ခံပြည်သူများနှင့် မော်တော်ယာဉ်မောင်းနှင်သူများက ပြောဆိုနေကြသည်။ **ကိုပေါက်(ဥက္ကာမြေ)**

## စေတနာ့ဝန်ထမ်းလူငယ်များအား သဘာဝဘေးလျော့ပါးရေး သင်တန်းပေး

**ဖျာပုံ ဖေဖော်ဝါရီ ၂၂**

ပြောင်းလဲဖောက်ပြန်နေသော ရာသီဥတုနှင့်အတူ ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သိရှိပြင်ဆင်နိုင်ရေးအတွက် ဖျာပုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်ဆင့်ပွားသင်တန်းကို ဘိုကလေးမြို့နယ် ဇရာကျေးရွာ၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ရက်တိုင် ပို့ချဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းသား သင်တန်းသူ ၄၁ ဦးတက်ရောက်ခဲ့သည့် အဆိုပါ သင်တန်းကို သဘာဝဘေးဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် ဘေးအန္တရာယ်မဖြစ်မီ၊ ဘေးအန္တရာယ်ကျရောက်နေစဉ်၊ ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် လုပ်ဆောင်ရမည့် အချက်များကို ဆွေးနွေးပို့ချ လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာအတွင်း သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဖွဲ့ထောက်ကူကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား သင်တန်းသူများ ပူးပေါင်း၍ သဘာဝဘေးကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုများလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၂-၂-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄.၄၅ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၅၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၅ |
| တရုတ် | တစ်ယွမ် | ၁၈၉.၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၀၆ |

ခင်ရတနာ-စုစည်းသည်။

၅-၂-၂၀၁၆ မှ ၁၂-၂-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၀၆ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၃၆၇ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များတွင် ကမ္ဘာ့ဘဏ်မှ ငွေကြေးအကူအညီပေးရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာ အက်ဇဲလ်ဗန်ထရောဇန်ဘာ့ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်၊ ငွေရေး ကြေးရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် အကူအညီပေးရန်အတွက် သုံးသပ်လေ့လာဆန်းစစ် သွားရေး၊ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို အကူအညီပေးရာတွင် လွှတ်တော်အပိုင်းက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များတွင် ကမ္ဘာ့ဘဏ်မှ ငွေကြေးအကူအညီပေးရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# စံပြမူလတန်းကြိုကျောင်းများ ဖွင့်လှစ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ဝန်ကြီးဌာန ဘတ်ဂျက်မှ ငွေကျပ် ၁၀၉၅ ဒသမ ၇၅ သိန်းဖြင့် ဆောက်လုပ်သည့် မြင်းခြံ စံပြမူလတန်းကြို ကျောင်းဖွင့်ပွဲနှင့် တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ၌ ဝန်ကြီးဌာန ဘတ်ဂျက်မှ ငွေကျပ် ၁၁၁၆ သိန်းဖြင့် ဆောက်လုပ်ပြီးစီးသည့် ရုံးစည်ကြီး စံပြမူလတန်းကြိုကျောင်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မူကြိုကလေးများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် မူကြိုကလေးများ၏ မိဘများအတွက် မိသားစုသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ချောက်မြို့နှင့် ရေနံချောင်းမြို့ စံပြမူလတန်းကြို ကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် ဝန်ကြီးဌာန ဘတ်ဂျက်မှ ငွေကျပ် ၇၀၉ ဒသမ ၇ သိန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တရုတ်ကောကျေးရွာ စံပြမူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မူကြိုကလေးများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ (ECCD)အကြောင်း ရှင်းလင်းပြောကြားပြီး မူကြိုကလေးများ၏ မိဘများအတွက် မိသားစုသုံးပစ္စည်းများ(Family Kit) ကို ထောက်ပံ့ပေးအပ်ရာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၂)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဆူလတန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

■ ***ရှေ့ဖုံးမှ***

အဆောက်အအုံတို့သည် ခံနိုင်ရည်လျော့နည်းလာသည့်အပြင် လူအများအပြား တက်ရောက်မှုအတွက် ဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများ၏ ရေရှည်တည်တံ့မှုကို အန္တရာယ်ဖြစ်စေကြောင်း၊ တက်ရောက်သူတို့အတွက်လည်း အန္တရာယ်များလာကြောင်း၊ ထို့အပြင် တက်ရောက်သူလူအများ၏ မလျော်ကန်သည့် ဝတ်စားဆင်ယင်မှု၊ ကခုန်သီဆိုမှု၊ ဘုရားပေါ်တွင် အိပ်စက်ခြင်းစသည့် ယဉ်ကျေးမှုဖြစ်စဉ်ကို ထိခိုက်ယိုယွင်းစေသည့် အပြုအမူအဖြစ်အပျက်တို့သည် သတိပေးတားမြစ်သည့်ကြားကပင် မလိုလားအပ်သည့်ဖြစ်စဉ်မျိုး မကြာခဏ ဖြစ်ပွားလျက်ရှိနေကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။ **ရှင်မင်း**

○ ***ရှေ့ဖုံးမှ***

၆၇ နေရာလုံး ပြည့်တဲ့အခါကျရင် တစ်နေရာချင်းစီမှာ ဘယ်လောက်များလဲ ကြည့်မယ်။ မြို့နယ်အသီးသီးမှာလည်း မလွတ်အောင်တိုင်းထားတယ်။ ရန်ကုန်မှာ ခရိုင်လေးခုရှိတော့ တစ်မြို့လုံးရဲ့ လေထုအခြေအနေကို သိချင်ရင် ခရိုင်လေးခုပေါင်းလိုက်ရင် သိသွားပြီ။ ခရိုင်တစ်ခုချင်းစီရဲ့ အခြေအနေကိုသိချင်ရင် တစ်နေရာချင်းစီကဟာတွေကို ပေါင်းရမယ်။ အဲဒီတော့ ၆၇ နေရာပြီးတဲ့အခါမှာ တစ်ကနေပြန်စမယ်။ ပြန်စတဲ့အခါမှာ ပထမဆုံး တိုင်းတဲ့အချိန်တုန်းက ဥပမာအားဖြင့် အမှုန်တွေက 100 ppm တွေ့တယ်လို့အဖြေရထားတယ်။ ဒုတိယအကြိမ် တိုင်းတဲ့ကြားမှာ ခြောက်လလောက် ကွာသွားမယ်။ အဲဒီလို ကွာတဲ့အခါမှာ သူက 110 ppm ဖြစ်နေမယ်။ အဲဒီလိုအချိန်ကျရင် ကွာခြားတာက ၁၀ ပိုနေတယ်။ ပိုနေတဲ့ ၁၀ ဘယ်ကလာလဲဆိုတာ ကျွန်တော်တို့က စက်ထိုင်တဲ့နေရာရဲ့ တစ်မိုင်ပတ်လည်ကို လိုက်ကြည့်မယ်။ အဆောက်အအုံတွေ ဆောက်နေတယ်။ မြေသယ်ကားတွေ သယ်နေရင် အမှုန်တွေ အများကြီးထွက်တာမို့လို့ ကျွန်တော်တို့က ဘယ်လိုလျှော့ချရမလဲဆိုတာ စဉ်းစားမယ်။ ဆိုလိုချင်တာက ထုတ်ပြန်ဖို့ဆိုရင် Base line data ကိုပဲ ထုတ်ပြန်လို့ရဦးမယ်။ များတယ် နည်းတယ်ဆိုတာ ဒုတိယအကြိမ် တိုင်းမှပဲ သိမှာလေ။ ဒုတိယအကြိမ် တိုင်းရင်သိမယ်။ တတိယအကြိမ်တိုင်းရင် ပိုသိမယ်။ များတဲ့ဟာတွေကို လျှော့ချသွားမယ်။ ဒီလိုအစီအမံနဲ့ လုပ်နေတဲ့အတွက် ချက်ချင်းမထုတ် ပြန်နိုင်သေးတာပါ" ဟု လေထုတိုင်းတာရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



**ရန်ကုန်မြို့ မြို့တော်ခန်းမအနီး တပ်ဆင်မည့် လေထုအရည်အသွေးတိုင်းတာစက်ကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။**

WHO Guide Line တွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများအရ အမှုန်အမွှားများပါဝင်မှုကို (50 ppm)၊ ဓာတ်ငွေ့ပါဝင်မှုကို ဆာလဖာဒိုင်အောက်ဆိုက်(20 ppm)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ပါဝင်မှုကို (40 ppm) အခြေခံ၍ တိုင်းတာလျက်ရှိပြီး လေထုအတွင်းပါဝင်နေသော အမှုန်များကိုလည်းကောင်း၊ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ မော်တော်ကားများမှ ထုတ်လွှတ်နေသော ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်ပါရာအောက်ဆိုက် ကဲ့သို့ ဓာတ်ငွေ့များကို စောင့်ကြည့်လေ့လာ တိုင်းတာသွားမည် ဖြစ်ကြောင်း သိရသည်။

လေထုတိုင်းတာသည့် အထိုင်စက်များကို မြို့တော်ခန်းမအနီးတွင်လည်းကောင်း၊ လှည်းတန်းမီးပွိုင့်အနီးတွင်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့တွင်လည်းကောင်း တပ်ဆင်ထားကြောင်း သိရသည်။ ရွေ့လျားတိုင်းတာရေးစက်အနေဖြင့် တစ်ကြိမ်တိုင်းတာလျှင် ရှစ်နာရီခန့် တိုင်းတာရပြီး တစ်ပတ်လျှင် နေရာ နှစ်နေရာသို့ သွားရောက်၍ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် စီမံဆောင်ရွက်ရာတွင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှသာ ထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

## အချိန်အခါမဟုတ် မိုးရွာနိုင်မည်ဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂** ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်နှင့် အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်တို့ကြောင့် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက်ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# ဖီဂျီဆိုင်ကလုန်း သေဆုံးသူ ၂၀အထိတိုးလာ



ဖီဂျီ၌ ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ပြီးနောက် ပျက်စီးနေသောနေအိမ်အချို့။

**ဖီဂျီ ဖေဖော်ဝါရီ ၂၂**

ပစိဖိတ်ကျွန်းနိုင်ငံ ဖြစ်သည့် ဖီဂျီတွင် အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် တနင်္လာနေ့မှစတင်ကာ အပျက်အစီးများကို ရှင်းလင်းနေပြီဖြစ်ကြောင်း၊ နေအိမ်အများအပြားပျက်စီးပြီး ဆက်သွယ်ရေး လမ်းကြောင်းများ ပြတ်တောက်ကာ သေဆုံးသူ ၂၀ အထိရှိသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဖီဂျီလူဦးရေ ကိုးသိန်းတွင် အများစုမှာ မြေနိမ့်ပိုင်းဒေသများ၌ နေထိုင်လျက်ရှိရာ သဘာဝဘေးကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးပြဿနာများ ထပ်မံဖြစ်ပွားလာနိုင်ခြင်းအပေါ် အကူအညီပေးရေးအေဂျင်စီများက သတိပေးလျက်ရှိသည်။ ကောက်ပဲသီးနှံစိုက်ခင်းများ အများအပြားပျက်စီးပြီး ရေချိုရရှိနိုင်မှုမှာလည်း အခက်အခဲနှင့် ရင်ဆိုင်နေရသည်။

စနေနေ့ညပိုင်းက ဝင်ရောက်ခဲ့သော ဝင်စတန်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းမတိုက်ခတ်မီ ဖီဂျီနိုင်ငံတစ်ဝန်း ရာနှင့်ချီသော ဒုက္ခသည်စခန်းများ၌ လူပေါင်း ၈၀၀၀ နီးပါးရှိနေဆဲဖြစ်သည်။

အဆိုပါ မုန်တိုင်းကြောင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေးမက်ကာလီက ပြောသည်။ နယူးဇီလန် စစ်ဘက်ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ ဖီဂျီမြို့တော် ဆူဗာသို့ စေလွှတ်ခဲ့ကြောင်း ၎င်းက ပြောသည်။

**(ရိုက်တာ)**



**ဖေဖော်ဝါရီ ၂၁ ရက်က ဆီးရီးယားနိုင်ငံ ဒမတ်စကတ်တောင်ပိုင်း စေရီဒက်ဇေနက်ဘ်ဒေသတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည့်နေရာကို ဆီးရီးယားတပ်ဖွဲ့ဝင်များ စူးစမ်းရှာဖွေနေစဉ်။**

**(ဒမတ်စကတ်ရှိ ရှီးယိုက်တို့နေထိုင်ရာဒေသတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၈၃ ဦးအထိ မြင့်တက်လာကြောင်း နိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီက ဖော်ပြသည်။ ဗုံးခွဲတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူ ၁၇၈ ဦးရှိခဲ့သည်။)**

(ဆင်ဟွာ)

## ပျောက်ဆုံးရေဒီယိုသတ္တိကြွပစ္စည်း ဘာဆရာမြို့ တောင်ပိုင်း၌ တွေ့ရှိ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂**

အီရတ်နိုင်ငံမှ ပျောက်ဆုံးသွားသော ရေဒီယိုသတ္တိကြွပစ္စည်းကို ဇူဘိုင်ယာမြို့တောင်ပိုင်း ဓာတ်ဆီဆိုင်အနီး အစုအပုံလိုက် တွေ့ရကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောသည်။

အဆိုပါ ရေဒီယိုသတ္တိကြွပစ္စည်းသည် လက်ဆွဲကွန်ပျူတာအရွယ်အစားရှိပြီး သိုလှောင်အိမ်တစ်ခုအတွင်း ထားရှိကာ ထိခိုက်ပျက်စီးမှုနှင့် ဓာတ်ရောင်ခြည်သင့်မှုကို စိုးရိမ်စရာမရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ရေဒီယိုသတ္တိကြွပစ္စည်းသည် ဘာဆရာမြို့တောင်ပိုင်းအနီး အမေရိကန်ရေနံကုမ္ပဏီ ဝယ်သာဖို့ဒ်ကုမ္ပဏီပိုင် သိုလှောင်ရုံမှ နိုဝင်ဘာလတွင် အခိုးခံရပြီး ရှာဖွေမှုများ ပြုလုပ်နေကြောင်း ရိုက်တာက လွန်ခဲ့သောသီတင်းပတ်တွင် ဖော်ပြသည်။ ယင်း ရေဒီယိုသတ္တိကြွပစ္စည်းကို မည်သို့ရှင်းလင်းမှုပြုလုပ်မည်ကို ချက်ချင်း မသိနိုင်သေးကြောင်း၊ ဘာဆရာမြို့တောင်ဘက် ကိုးမိုင်အကွာ ဇူဘိုင်ယာမြို့သို့ ဆွစ်စစ်ဆေးရေးအဖွဲ့ သွားရောက်နေပြီ ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**(ရိုက်တာ)**

## အမေရိကန် မောင်းသူမဲ့ယာဉ် တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ သုံးဦးသေဆုံး

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၂**

တနင်္လာနေ့တွင် ပါကစ္စတန်-အာဖဂန်နယ်စပ်၊ ပါကစ္စတန် အနောက်မြောက်ဘက် လူမျိုးစုဒေသအနီးရှိ ယာဉ်နှစ်စင်းကို အမေရိကန်တို့က မောင်းသူမဲ့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုတွင် အနည်းဆုံး စစ်သွေးကြွအဖြစ်သံသယရှိသူ သုံးဦးသေဆုံးသွားခဲ့ကြောင်း ဒေသတွင်း ရုပ်သံကသတင်းဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ဂျပန်နိုင်ငံထုတ်စားသောက်ကုန်များ အရှေ့အလယ်ပိုင်းသို့ တင်ပို့

**တိုကျို ဖေဖော်ဝါရီ ၂၂**

ဂျပန်နိုင်ငံ အစားအစာထုတ်လုပ်သူများနှင့် အစားအစာကုမ္ပဏီများသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများကို အရှေ့အလယ်ပိုင်း ကမ္ဘာ့အကြီးဆုံးအစားအစာပြပွဲကြီးသို့ တင်ပို့ခဲ့သည်။

တနင်္ဂနွေနေ့က ဒူဘိုင်း၌ ငါးရက်ကြာကျင်းပသော အစားအစာပြပွဲသို့ နိုင်ငံပေါင်း ၁၂၀မှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၅၀၀၀ ကျော် ဝင်ရောက်ပြသခဲ့သည်။ ဂျပန်နိုင်ငံ ဖူကူရှီးမားဆန်စပါးများသည် ဘေးကင်းကြောင်း ဂျပန်ကုန်သွယ်ရေးအဖွဲ့က အရှေ့အလယ်ပိုင်းအထိ ဈေးကွက်ချဲ့ထွင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



ဒူဘိုင်း၌ ငါးရက်ကြာကျင်းပနေသော ကမ္ဘာ့အကြီးဆုံး အစားအစာပြပွဲကြီး။

# တရုတ်နိုင်ငံတွင် ပိုမိုကောင်းမွန်သော မြို့များတည်ဆောက်ရန် လမ်းညွှန်ချက်ထုတ်ပြန်

**ပေကျင်း ဖေဖော်ဝါရီ ၂၂**

တရုတ်နိုင်ငံတွင် ကျေးလက်ဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစည်းဝေးပွဲတွင် နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီး နှစ်လအကြာတွင် ယင်းညွှန်ကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းညွှန်ကြားချက်တွင် တရုတ်နိုင်ငံ၏မြို့တော်များကို ပိုမိုစိမ်းလန်းစေပြီး နေချင်စဖွယ်ကောင်းရေးကို ဦးတည်ဖော်ပြထားသည်။ ထို့အပြင် ကျေးလက်လယ်ယာမြေကာကွယ်ရေးကိုလည်း ဦးစားပေးထားသည်။ မြို့ပြ စီမံကိန်းအကောင်အထည်ဖော်သူများအား အရင်းအမြစ်၊ စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးများကို အလေးထားရန် တိုက်တွန်းထားသည်။

၁၉၇၈ ခုနှစ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း စည်းဝေးပွဲကျင်းပစဉ်အချိန်က လူဦးရေ ၁၈ ရာခိုင်နှုန်းခန့်သာ မြို့ပေါ်တွင်နေထိုင်ကြသည်။ ယင်းပမာဏသည် ၂၀၁၅ခုနှစ်အရောက် ၅၆ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့သည်။ မြို့ပြစီမံကိန်းသည် လေထုညစ်ညမ်းခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းအပါအဝင် အခြားအခက်အခဲများစွာကိုဖြစ်ပေါ်စေနိုင်သည်။ သို့သော်လည်း ကျေးလက်အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်သည်။ **(ဆင်ဟွာ)**

# မီချီဂန်သေနတ်ပစ်ခတ်မှုတွင် သံသယရှိသူ Uber ကုမ္ပဏီမှ ယာဉ်မောင်းအားဖမ်းဆီး

**မီချီဂန် ဖေဖော်ဝါရီ ၂၂**

ကယ်လ်မာဇူးစီရင်စု၌ လူခြောက်ဦးအား စနေနေ့က သေနတ်ဖြင့် အသေပစ်သတ်ခဲ့မှုတွင် ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူ မီချီဂန်မှ



အမျိုးသား တစ်ဦးအား တနင်္ဂနွေနေ့က ဖမ်းဆီးထားကြောင်း သိရသည်။ အဆိုပါ အမျိုးသားသည် Uber ကားပစ္စည်းဝန်ဆောင်မှု ကုမ္ပဏီမှ ယာဉ်မောင်းတစ်ဦးဖြစ်ပြီး အခင်းဖြစ်ပွားသည့်ညက လာရောက်အားပေးသူများအား မောင်းထုတ်ခဲ့သည်ဟု ရဲဌာန၏စုံစမ်းစစ်ဆေးမှုများက ဖော်ပြသည်။

တရားစွဲဆိုသူများက ဂျက်ဆန်ဒယ်လ်တန် (၄၅ နှစ်) သည် ဒက်ထရွိုက် အနောက်ပိုင်းမှ မိုင်ပေါင်း ၁၅၀ (၂၄၀ ကီလိုမီတာ) အကွာ၊ ကယ်လ်မာဇူးရှိ ခရက်ကာဘာရယ်စားသောက်ဆိုင်၊ ကားအရောင်းဆိုင်နှင့် တိုက်ခန်းအပြင်ဘက် ကားပါကင်တွင် ကြိုတင်ကြံစည်ထားခြင်းမရှိဘဲ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

သေနတ်ပစ်ခတ်မှုအတွင်း ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးဒဏ်ရာရရှိခဲ့ပြီး မိန်းကလေးမှာ အသက်ဆုံးရှုံးရဖွယ်ရှိကြောင်း သိရသည်။ စနေနေ့ညက ငါးနာရီကြာဖြစ်ပွားသည့် အဆိုပါပစ်ခတ်မှုအတွင်း အယ်လ်တန်သည် Uber ကုမ္ပဏီအတွက် လုပ်ဆောင်ခဲ့ခြင်း ဟုတ်မဟုတ်ကို အာဏာပိုင်များက အတည်ပြုပြောဆိုခြင်းမရှိသေးပေ။

လူဦးရေ ၇၅၀၀၀ နေထိုင်သည့် ကယ်လ်မာဇူးဒေသသည် သေနတ်ကိုင်ဆောင်မှုများကို တင်းကျပ်နေချိန်တွင် ယင်းကဲ့သို့သော အစုလိုက်အပြုံလိုက် သေနတ်ပစ်ခတ်မှု နောက်ဆုံးဖြစ်ပွားခဲ့သည့်နေရာဖြစ်သည်။ **(ရိုက်တာ)**



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ စည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၆)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆင်မင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသက အဖွင့်သမ္မောဒနီယဩဝါဒကထာ မြွက်ကြားတော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သော တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၅) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၅)အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က တင်ပြသည်။

ထို့နောက် ဗဟိုပညာရေးအဖွဲ့ (၁/၂၀၁၆)အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်/မန္တလေး)တို့က တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုက်ဘာစစ်ဆင်ရေးစာအုပ်ဖြန့်ချိ




ဒေါက်တာမျိုးသန့်ပြုစုရေးသားသည့် ဆိုက်ဘာစစ်ဆင်ရေးမဟာဗျူဟာများ၊ နည်းလမ်းများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာတည်ဆောက်မှုပုံစံများစာအုပ်ကို မြဝတီစာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ဆိုက်ဘာစစ်ဆင်ရေးသည် နိုင်ငံတိုင်း၊ တပ်မတော်တိုင်းအတွက် နိုင်ငံတကာမှ အလေးထားစဉ်းစားနေသည့် စစ်ဆင်ရေးတစ်ခုဖြစ်သည်။ မမြင်ရသောလက်နက် (Virtual Weapon) ဖြစ်သည့် ဆိုက်ဘာလက်နက်သည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးဆိုင်ရာများ၏ ပစ်မှတ်များအား ဦးတည်တိုက်ခိုက်လာနိုင်သည်။ ဆိုက်ဘာစစ်ဆင်ရေးအား သီးခြားစစ်ဆင်ရေးအမည်ဖြင့် ကြေညာတိုက်ခိုက်နေခြင်းမရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတင်းအချက်အလက်ခိုးယူခံရမှုများ ရင်ဆိုင်နေရခြင်း၊ Website များတိုက်ခိုက်ခံနေရခြင်းများသည် ပကတိတွေ့မြင်နေရသော တိုက်ခိုက်မှုများပင်ဖြစ်သည်။

ကျောက်ခေတ်၊ ကြေးခတ်၊ သံခေတ်၊ လယ်ယာစိုက်ပျိုးရေးခေတ်နှင့် စက်မှုခေတ်မှစ၍ သတင်းအချက်အလက် ခေတ်၊ အာကာသခေတ်နှင့် ဒစ်ဂျစ်တယ်ခေတ်များအဖြစ် ပြောင်းလဲလာနေသည်ဖြစ်ရာ တိုးတက်မှုများနှင့်အတူ နည်းပညာများအပေါ် အခွင့်ကောင်းယူ၍ ပြောင်းလဲနေသော ဖြစ်စဉ်များနှင့်အတူ နည်းပညာယှဉ်ပြိုင်မှုအရ နည်းလမ်းမျိုးစုံဖြင့် အသုံးပြုဆောင်ရွက်နေကြသည်။

ဆိုက်ဘာစစ်ဆင်ရေးသည်ပင်လျှင် ဒစ်ဂျစ်တယ်ခေတ်၏ မှတ်တိုင်တစ်ခုအဖြစ် ဝင်ရောက်နေရာယူလာသည်ဖြစ်ရာ ယင်းအတွက်စာဖတ်သူများအနေဖြင့် လိုအပ်သောဆိုက်ဘာနည်းပညာဆိုင်ရာ ဗဟုသုတများအား ဤစာအုပ်တွင်ဘက်ပေါင်းစုံမှ ပြင်ဆင်ရေးသားထားရှိသည်။ စာရေးသူ၏ဆိုက်ဘာဆိုင်ရာဖော်ပြချက်များသည် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲလာသော ဆိုက်ဘာနည်းစနစ်များ၊ တိုက်ခိုက်မှုပုံစံများ၊ ကာကွယ်မှုနယ်ပယ်များ၊ မဟာဗျူဟာဆိုင်ရာအချက်အလက်များ ပေါင်းစပ်ပါဝင်နေသည်ဖြစ်ရာ စာဖတ်သူအတွက် အကျိုးရှိမည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။

# ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက်၌ တည်ထားကိုးကွယ်ထားသော လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး၊ တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဓမ္မစကြာဘုရား အဆူဆူတို့၏ (၁၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို (တပို့တွဲလပြည့်ကျော် ၂ ရက်) ဖေဖော်ဝါရီ ၂၅ ရက်မှစတင်ကာ (တပို့တွဲလပြည့်ကျော် ၅ ရက်) ဖေဖော်ဝါရီ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေပွဲများ၊ ဇာတ်ပွဲများ ပါဝင်ကျင်းပမည်ဖြစ်ကာ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့်ပင့်သံဃာ ၁၂၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**




**ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်း အမှတ်(၁)နေ နာယက ဦးကိုကိုကြီး- ဇနီး(ဒေါ်ရင်ရင်မြ)နှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ဆေးရုံကြီးအဝင် မုခ်ဦးအသစ်ဆောက်လုပ်ရန်အတွက် ဖေဖော်ဝါရီ ၁၇ ရက်က အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။** (မြန်မာ့အလင်း)

# ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၏ (၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲအဖြစ် ဘုရားကြီး၏ ပုံတော်တူရုပ်ပွားတော်မြတ်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်အတွင်း လှည့်လည်အပူဇော်ခံပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် သံဃာအပါး ၉၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များအတွက် နေရာစီစဉ်ပေးနိုင်ရန် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၅၁၀၆၆၃ နှင့် ၀၁-၅၁၂၃၄၃ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း ဘုရားကြီးဂေါပကအဖွဲ့မှ သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သံဃနာယကအဖွဲ့ ရွေးချယ်တင်မြှောက်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၂**

ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် သံဃနာယကအဖွဲ့ ၂၅ ရာခိုင်နှုန်း အနားယူခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်၌ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ အခမ်းအနားကို နမောတဿဘုရားရှိခိုးဖြင့် ဖွင့်လှစ်ကြသည်။

အဆိုပါရွေးချယ်တင်မြှောက်ပွဲတွင် သဘာပတိဖြစ်သည့် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ ဘဒ္ဒန္တဝိစိတ္တစာရက ဩဝါဒကထာမြွက်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ရွေးချယ်ဖွဲ့စည်းတင်မြှောက်ခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

# အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရှိ ရတနာ Plat Form နှင့် ပတ္တမြား Plat Form တို့တွင် ပိုက်ဆက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၅-၂-၂၀၁၆ ရက်နေ့မှ ၂၈-၂-၂၀၁၆ ရက်နေ့အထိ လေးရက်ကြာ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုရပ်ဆိုင်းမည်ဖြစ်သဖြင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှုကို ပဲခူးတိုင်းဒေသကြီး (အရှေ့) ၂၃ မဂ္ဂါဝပ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်) ၂၉ မဂ္ဂါဝပ်၊ ကရင်ပြည်နယ် ၆ မဂ္ဂါဝပ်၊ မွန်ပြည်နယ် ၂၅ မဂ္ဂါဝပ်၊ ဧရာဝတီတိုင်းဒေသကြီး ၂၅ မဂ္ဂါဝပ်၊ ရန်ကုန်တိုင်းဒေသကြီး ၁၄၂ မဂ္ဂါဝပ်တို့အား လျှော့ချရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ Total Shut Down ဆောင်ရွက်စဉ်ကာလဖြစ်သည့် ၂၅-၂-၂၀၁၆ ရက်နေ့မှ ၂၈-၂-၂၀၁၆ ရက်နေ့အတွင်း ရန်ကုန်ဧရိယာရှိ ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုဝန်အား စုစုပေါင်း ၂၀၀ မဂ္ဂါဝပ်ခန့် လျော့ကျနေမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူမီးသုံးစွဲသူများအား အဆင်ပြေစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ထားပါသည်-

(က) စက်မှုဇုန်ကြီးများအား အဆိုပါကာလအတွင်း ဝန်အားလျှော့ချထားမည်ဖြစ်ပါသည်။

(ခ) မြို့နယ်များ၊ ရပ်ကွက်များအတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ လုပ်ငန်းရှင်များအား မေတ္တာရပ်ခံ၍ ဝန်အားလျှော့ချထားမည်ဖြစ်ပါသည်။

(ဂ) မြို့ပြင်ဒေသများဖြစ်သော တောင်ပိုင်းခရိုင်ရှိ မြို့နယ်များအားလုံးနှင့် သာကေတ၊ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)၊ သဃ်န်းကျွန်း၊ ဒေါပုံ၊ ဗဟန်း၊ လမ်းမတော်၊ အလုံ၊ ဒဂုံ၊ စမ်းချောင်း၊ မရမ်းကုန်း၊ ကမာရွတ်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှော်ကား၊ လှိုင်သာယာ၊ မှော်ဘီ၊ လှည်းကူးမြို့နယ်တို့တွင် ညနေ ၅ နာရီမှ ည ၁၀ နာရီအတွင်း အချိန်တိုဝန်အား လျှော့ချမှုများ ဆောင်ရွက်ရမည်ဖြစ်ပြီး ည ၁၀နာရီမှ နောက်တစ်နေ့ နံနက် ၅ နာရီအတွင်း မြို့နယ်အားလုံးသို့ မီးပေးထားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဓာတ်ငွေ့ပို့လွှတ်မှုရပ်ဆိုင်းစဉ် ဓာတ်အားထုတ်လုပ်မှု လျော့နည်းသွားပါသဖြင့် ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက မီးသုံးစွဲသူပြည်သူလူထုအနေဖြင့် စာနာနားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ လေးစားစွာဖြင့် အသိပေးပန်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရှစ်ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသမျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာညီလာခံ

သဇင်နွယ်

ကျွန်မတို့နိုင်ငံမှာ ၂၀၁၁ ခုနှစ် ဧပြီလ ဒီမိုကရေစီအစိုးရစတင်ခဲ့တဲ့ အချိန်မှစ၍ လက်ရှိအချိန်ထိ အာဆီယံထိပ်သီးညီလာခံ၊ ဘင်းစတက်ညီလာခံ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် မြန်မာ့ကျန်းမာရေးဖိုရမ်၊ အရှေ့တောင်အာရှ ဆီးဂိမ်းအားကစားပြိုင်ပွဲ စသည်ဖြင့် နိုင်ငံတကာမှ ဧည့်သည်များဖြင့် အစည်းအဝေးများစွာနှင့်အားကစားပြိုင်ပွဲများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံသားများဟာ သာမန်အချိန်များမှာ ပေ့ါပါး လွတ်လပ်စွာ နေတတ်သော်လည်း ဦးတည်ချက်တစ်ခုနဲ့ အောင်မြင်စွာဆောင်ရွက်ရန်ရှိပါက သေချာစွာလုပ်ပြီး နိုင်ငံဂုဏ်ကို ဆောင်နိုင်ကြောင်း အထက်ဖော်ပြပါ ညီလာခံများက သက်သေပြနေပါတယ်။

ယခုလည်း မျိုးဆက်ပွားကျန်းမာရေး ညီလာခံတစ်ခုကို အစိုးရမဟုတ်တဲ့ စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းတစ်ခုက ကျင်းပပေးမယ်လို့ သိရပါတယ်။ ဒီညီလာခံဟာ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံများအတွက် ကျင်းပမှာဖြစ်ပါတယ်။ (၈)ကြိမ်မြောက်ဖြစ်ပါတယ်။

ဦးဆောင်ကျင်းပပေးမည့် အဖွဲ့အစည်းကတော့ နှစ်ပေါင်း(၂၅)နှစ်တိုင်တိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများပါဝင်တဲ့ မိသားစုများရဲ့ ကျန်းမာရေး၊ ပညာရေး၊လူမှုရေးနှင့် စီးပွားရေးတို့ကို တိုးတက်အောင် တတ်နိုင်သမျှဆောင်ရွက်ပေးနေတဲ့ "မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း" ဖြစ်ပါတယ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဟာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားကျန်းမာရေးကော်မတီမှ ချမှတ်ထားသောမူဝါဒများကို ကျန်းမာရေးဝန်ကြီးဌာနမှ လမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်ပါတယ်။

၂၀၀၀ ပြည့်နှစ်မှ ချမှတ်ခဲ့သော ထောင်စုနှစ်ရည်မှန်းချက် (၂၀၀၀-၂၀၁၅) အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပါဝင်ပူးပေါင်း ဆောင်ရွက်သကဲ့သို့ ထောင်စုနှစ်ရည်မှန်းချက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် (၂၀၁၅-၂၀၃၀) ကိုလည်း ဆက်လက်၍ ပါဝင်ဆောင်ရွက်ပေးရမည် ဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကျွမ်းကျင်သူနှင့် မွေးဖွားခြင်း၊မွေးပြီးမိခင်စောင့်ရှောက်ခြင်း၊ တစ်နှစ်နှင့်ငါးနှစ်အောက်ကလေးများ ကျန်းမာဖွံ့ဖြိုးရန် စောင့်ရှောက်ခြင်း၊ မိသားစုစီမံကိန်းအတွက် ဆောင်ရွက်ပေးခြင်း စသဖြင့် မျိုးဆက်ပွားကျန်းမာရေးကို ဆောင်ရွက်သည်သာမက ပျိုရွယ်သူများအတွက်လည်း ပျိုရွယ်သူကျန်းမာရေးကိုပါ အသိပညာဖြန့်ဖြူးနေသော အသင်းတစ်ခုလည်းဖြစ်ပါတယ်။

မျိုးဆက်ပွားကျန်းမာရေးကို အသင်းစတင်တည်ထောင်သည့် ၁၉၉၀ ပြည့်နှစ်မှစ၍ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာ မိသားစုစီမံကိန်းအသင်းများနှင့်လည်း ဆက်သွယ်ဆောင်ရွက်ခဲ့သောကြောင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို မျိုးဆက်ပွားကျန်းမာရေးအတွက် ဦးဆောင်၍ ဆောင်ရွက်နေသော အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခံရပါတယ်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ၌ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် (၇) ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကို ဦးဆောင်ကျင်းပသော Philippines Non-Governmental Organization Council (PNGOC) မှ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို (၈)ကြိမ်မြောက်ညီလာခံအဖြစ် ကျင်းပရန် ကမ်းလှမ်းခဲ့သောကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် (၈)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသမျိုးဆက်ပွား ကျန်းမာရေးနှင့်အခွင့်အရေးဆိုင်ရာညီလာခံ ( 8th Asia Pacific Conference on Reproductive and Sexual Health and Rights) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းစင်တာ (အမှတ်-၂)(MICC -II)၌ ဦးဆောင်ပြီး လက်ခံကျင်းပပေးမှာ ဖြစ်ပါတယ်။

## ညီလာခံနောက်ခံအကြောင်းတရား

အာရှ-ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာညီလာခံသည် ဒေသတွင်းနိုင်ငံများရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ လူငယ်လူရွယ်များ၊ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမူဝါဒချမှတ်သူများ၊ စီမံကိန်းအကောင်အထည်ဖော်သူများ၊ သတင်းဖြန့်ဖြူးပေးသူမီဒီယာများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးအတွက်တွေ့ဆုံဆွေးနွေးသော ညီလာခံကြီးတစ်ခုဖြစ်ပါတယ်။

## တွေ့ဆုံရသော အကြောင်းရင်း

မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များအတွက် အချေအတင်ဆွေးနွေးရန်ရှိသော စိန်ခေါ်မှုများ၊ HIV / AIDS ကာကွယ်ခြင်းနှင့် ကုသခြင်းအပါအဝင် လူထုကျန်းမာရေး စနစ်များနှင့် တစ်ကမ္ဘာလုံး ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရန်အတွက်လိုအပ်သော ဆန်းသစ်သော အကြံဉာဏ်နှင့် နည်းဗျူဟာအသစ်များ မျှဝေနိုင်ရန်၊ ကူညီထောက်ပံ့ရန် အများဆုံးလိုအပ်နေသော၊ အုပ်စုများ၏ မျိုးဆက်ပွားကျန်းမာရေးအတွက် နည်းပညာနှင့် သက်ဆိုင်သောသုတေသနများ၊ မူဝါဒနှင့် စီမံကိန်းအထောက်အထားများ၊ အသိပေးဆွေးနွေးမှုများနှင့် ဆက်သွယ်ရေးနည်းဗျူဟာများကို ရှာဖွေဖော်ထုတ်ရန် အတွေ့အကြုံဖလှယ်ရန် အတွက်ဖြစ်ပါတယ်။

**အာရှ-ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာညီလာခံသည် ဒေသတွင်းနိုင်ငံများရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ လူငယ်လူရွယ်များ၊ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမူဝါဒချမှတ်သူများ၊ စီမံကိန်းအကောင်အထည်ဖော်သူများ၊ သတင်းဖြန့်ဖြူးပေးသူ မီဒီယာများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးအတွက် တွေ့ဆုံဆွေးနွေးသော ညီလာခံကြီးတစ်ခုဖြစ်ပါတယ်။**

## ကျင်းပပြီးခဲ့သောညီလာခံများ

ပထမအကြိမ် အာရှ-ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးညီလာခံကို ၂၀၀၁ခုနှစ်တွင် (Philippines NGOC)ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ညီလာခံကို ၂၀၀၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ လည်းကောင်း၊ တတိယအကြိမ် ညီလာခံကို ၂၀၀၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ စတုတ္ထအကြိမ် ညီလာခံကို ၂၀၀၇ ခုနှစ်၌ အိန္ဒိယနိုင်ငံ၊ ပဉ္စမအကြိမ် ညီလာခံကို ၂၀၀၉ ခုနှစ်၌ တရုတ်နိုင်ငံ၊ ဆဋ္ဌမအကြိမ် ညီလာခံကို ၂၀၁၁ ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံနှင့် သတ္တမအကြိမ် ညီလာခံကို ၂၀၁၄ ခုနှစ်၌ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့ပါတယ်။

ညီလာခံကို အစိုးရမှဦးဆောင်မှုမပြုဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်းကသာဦးဆောင်ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပကြခြင်းဖြစ်ပါတယ်။

## လူငယ်များအတွက်အစီအစဉ်

ထူးခြားချက်အနေနဲ့ လူငယ်များအတွက် ရည်ရွယ်ကျင်းပတဲ့ လူငယ်ညီလာခံ (Youth Conference) ကို ညီလာခံပထမဆုံးနေ့တွင် ကျင်းပမှာဖြစ်ပြီး လူငယ်ဆွေးနွေးပွဲများ၊ သရုပ်ဖော်တင်ဆက်မှုများ၊ လူငယ်ဥယျာဉ် (Youth Garden)နှင့်အခြားသော ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ပါတယ်။

ညီလာခံကို မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးကို ပါဝင်ဆောင်ရွက်နေသောသူများအတွက် ဦးတည်ရာလမ်းကြောင်းတစ်ခု ဖော်ဆောင်ရန်၊ အောင်မြင်မှုနှင့် အတွေ့အကြုံများ၊ သင်ခန်းစာများကို မျှဝေရန်၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် မျိုးဆက်ပွား ကျန်းမာရေးကို လူတိုင်းလက်လှမ်းမီစေရန် ဆောင်ရွက်ရာတွင် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို သဘောတူဖော်ထုတ်နိုင်ရန်၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များအတွက် ဆောင်ရွက်ထားသော သုတေသနများမှရလဒ်တွေ့ရှိချက်များကို ပြန်လည် သုံးသပ်ရန်၊ မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးအတွက် အစိုးရနှင့်မူဝါဒချမှတ်သူများကို အသိပေးခြင်းဆိုင်ရာ၊ ရန်ပုံငွေဆိုင်ရာ၊ အုပ်ချုပ်စီမံမှုဆိုင်ရာ၊ ယုံကြည်ခိုင်လုံမှုနှင့် ထင်သာမြင်သာရှိမှုဆိုင်ရာ၊ လုပ်ဆောင်နိုင်မှုဆိုင်ရာနှင့်ကျန်းမာရေးစနစ်အတွင်း ပူးပေါင်းဆောင်ရွက်နိုင်မှုဆိုင်ရာများအတွက် ခိုင်လုံမှုရှိပြီး အမှန်တကယ် ကျင့်သုံးဆောင်ရွက်ခဲ့သည့် နည်းလမ်းများကို မျှဝေရန်၊ မိတ်ဖက်အဖွဲ့အစည်းများ ပိုမိုခိုင်မာစေခြင်းနှင့် မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးအတွက် အခွင့်အလမ်းများကို ပို၍ဖွင့်ပေးရန်စသည့် ရည်ရွယ်ချက်များနှင့် ကျင်းပမှာဖြစ်ပါတယ်။

အဓိကကျတာကတော့- "အာရှ-ပစိဖိတ်ဒေသအတွင်း၌ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများကို လူတိုင်းသေချာစွာ လက်လှမ်းမီရရှိစေနိုင်ရန် " ဦးတည်ထားပါတယ်။

ဒါကြောင့် ဦးတည်လမ်းကြောင်း လေးခုဖြင့် ဆွေးနွေးကြရပါမယ်။

(၁) အားလုံးအတွက် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ဥပဒေများနှင့် မူဝါဒများ၊

(၂) အုပ်ချုပ်စီမံမှုနှင့် ရေတွက်ဆောင်ရွက်နိုင်မှု မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးအတွက် တာဝန်ရှိသူများကို အသိပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ဗဟိုချုပ်ကိုင်မှု မဟုတ်သော ဝန်ဆောင်မှုများပေးခြင်း၊ ပြည်သူလူထုနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာမှ သဘောတူညီမှုများ၊

(၃) မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘဏ္ဍာဆိုင်ရာငွေကြေးရန်ပုံငွေ၊

(၄) မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးကို ကျန်းမာရေးစနစ်အတွင်း ထည့်သွင်းပါဝင်စေရန် တို့ဖြစ်ပါတယ်။

**ဆွေးနွေးရာတွင် -**

(၁) ပဏာမရှေ့ပြေးဆွေးနွေးမှုကဏ္ဍ - သက်ဆိုင်ရာကျွမ်းကျင်သူများက ကျွမ်းကျင်မှုဘာသာရပ်အလိုက် ဦးတည်လမ်းကြောင်းပေါ်အခြေခံ၍ ယင်းတို့၏ အတွေ့အကြုံ သင်ခန်းစာများကို ပဏာမတင်ပြခြင်းနှင့်

(၂) ဦးတည်လမ်းကြောင်းအလိုက်ခွဲပြီး တစ်ချိန်တည်းတွင်ပြိုင်တူဆွေးနွေးမှုကဏ္ဍ- သိပ္ပံအခြေခံနည်းပညာ သုတေသနစာတမ်းများ၊ ဖြစ်ရပ်မှန်အခြေခံစာတမ်းများကို သက်ဆိုင်ရာ ဦးတည်လမ်းကြောင်းအလိုက် တင်သွင်းခြင်းဖြစ်ပါတယ်။

ဖတ်ကြားတင်သွင်းမည့်စာတမ်း ၈၇ စောင်နှင့် ပိုစတာကပ်၍ တင်သွင်းမည့်စာတမ်း ၉၁ စောင်ရှိသည်ဟု သိရပါတယ်။

(၃) ကွင်းဆင်းလေ့လာရေးကိုလည်း စီစဉ်ထားရှိပါတယ်။

(၄) ညီလာခံနှင့်သက်ဆိုင်သော ပြခန်းငယ်များကိုလည်း ကျင်းပမည့်ခန်းမတွင် ထားရှိမည်ဖြစ်ပါတယ်။

(၅) နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့်အခွင့်အရေးများအတွက် ဆောင်ရွက်ပေးနေမှုများ၊ လိုအပ်သော ခေတ်မီဆေးဝါးစက်ကိရိယာများအကြောင်း၊ ကျင့်သုံးမှုအကောင်းဆုံးနည်းလမ်းများကို သီးသန့်တင်ပြဆွေးနွေးခြင်း အစီအစဉ်များလည်း ဆောင်ရွက်ထားရှိပါတယ်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဟာ အာရှ-ပစိဖိတ်ဒေသမျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးညီလာခံကို ကျင်းပနိုင်ရန် ၂၀၁၄ ခုနှစ် မတ်လမှစတင်၍ ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။

ပူးပေါင်းကူညီထောက်ပံ့ပေးသော ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ၊ UNFPA, WHO, UNESCO နှင့် 3MDG ကဲ့သို့သော UN Agency များ၊ ရန်ပုံငွေထောက်ပံ့ပေးပါသော အခြားပြည်တွင်း ပြည်ပမှအဖွဲ့အစည်းများကို မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြအပ်ပါတယ်။



## ရန်ကုန်-ကျောက်ဖြူလမ်း တောင်ကုတ်-မအီလမ်းပိုင်း၌ ဆန်အိတ်မော်တော်ယာဉ် တိမ်းမှောက်

**မအီ ဖေဖော်ဝါရီ ၂၂** ရခိုင်ပြည်နယ် တောင်ကုတ်မြို့ မှ ၄၃ မိုင်အကွာရှိ မအီမြို့သို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ထွက်ခွာလာသော ဆန်အိတ်တင်မော်တော်ယာဉ်သည် ပေ ၈၀ ခန့် အနက်ရှိ ချောက်ကမ်းပါးသို့ ကျဆင်းသွားခဲ့သည်။

အဆိုပါယာဉ်မှာ ဆန်အိတ် ၁၅၀ ခန့်နှင့် လူငါးဦး တင်ဆောင်မောင်းနှင်လာခဲ့ခြင်းဖြစ်ပြီး ဖောင်းသောင်းရွာအကျော် လမ်းကွေ့ မအီမြို့သို့ ရောက်ရှိရန် သုံးမိုင်ခန့်အလို၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်နောက်လိုက်နှင့် ခရီးသည်ငါးဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး သံတွဲခရိုင်ပြည်သူ့ ဆေးရုံသို့ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **မောင်မောင်ဌေး(ပြန်/ဆက်)**


**ထူးခြားသည့် ညအပူချိန်**

ပင်လောင်းမြို့ ၅ ဒီဂရီစင်တီဂရိတ်

**မှတ်သားဖွယ်ရာ မိုးရေချိန်**

ပူတာအိုမြို့ ၀ ဒသမ ၃၁ လက်မ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၆ ခုနှစ်တွင် အယ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကိုကာကွယ်နိုင်ရေး အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ အယ်နီညိုရာသီဥတုနှင့် ပတ်သက်သည့် အရေးကြီး အဆိုတစ်ခုတင်သွင်းခြင်း၊ ကော်မတီ သုံးခု ဖွဲ့စည်းအတည်ပြုခြင်းနှင့် ကော်မတီ နှစ်ခု ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက **"ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်နီညို အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းရာ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ထောက်ခံဆွေးနွေးသည်။

အဆိုရှင်က အဆိုတင်သွင်းရာတွင် အယ်နီညိုအကျိုးဆက်ကြောင့် အပူအန္တရာယ်၊ သောက်သုံးရေရှားပါးမှု၊ မီးအန္တရာယ်ကြုံတွေ့မှု၊ ယင်းတို့နှင့်ဆက်စပ်သည့် ကျန်းမာရေးပြဿနာများ၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ကြုံတွေ့နိုင်သည့် ဆိုးကျိုးများကို ရင်ဆိုင်ရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

**ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၂၂-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရေကြည်မဲဆန္ဒနယ် | ဒေါက်တာဦးစံရွှေဝင်း | ဥက္ကဋ္ဌ |
| ၂။ | ပြည်မဲဆန္ဒနယ် | ဒေါက်တာခင်စိုးစိုးကြည် | အဖွဲ့ဝင် |
| ၃။ | တောင်ကြီးမဲဆန္ဒနယ် | ဒေါက်တာဒေါ်သန်းငွေ | ״ |
| ၄။ | ကျိုက်ထိုမဲဆန္ဒနယ် | ဒေါက်တာဦးခင်ဆောင် | ״ |
| ၅။ | ဒေးဒရဲမဲဆန္ဒနယ် | ဒေါက်တာဒေါ်ခင်ညို | ״ |
| ၆။ | မြောက်ဥက္ကလာပ မဲဆန္ဒနယ် | ဒေါက်တာဦးသန်းဝင်း | ״ |
| ၇။ | သနပ်ပင်မဲဆန္ဒနယ် | ဦးမြင့်ဦး | ״ |
| ၈။ | ဒလမဲဆန္ဒနယ် | ဒေါက်တာဦးစိန်မြအေး | ״ |
| ၉။ | မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ် | ဒေါ်ဖြူဖြူသင်း | ״ |
| ၁၀။ | မြိတ်မဲဆန္ဒနယ် | ဦးစိုးပိုင်ဌေး | ״ |
| ၁၁။ | မိုင်းယန်းမဲဆန္ဒနယ် | ဦးစိုင်းဆမ် | ״ |
| ၁၂။ | ခေါင်လန်ဖူးမဲဆန္ဒနယ် | ဦးအာမိုးဆီ | ״ |
| ၁၃။ | ဘူးသီးတောင်မဲဆန္ဒနယ် | ဦးအောင်သောင်းရွှေ | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီးမြင့်ဟန် | ״ |
| ၁၅။ | ပြင်ဦးလွင်မဲဆန္ဒနယ် | ဒေါက်တာ ဦးအောင်ခင် | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များစာရင်း (၂၂-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဦးစိုးသူရထွန်း | ဥက္ကဋ္ဌ |
| ၂။ | ရွှေတောင်မဲဆန္ဒနယ် | ဒေါ်မြခ္ခာညိုဦး | အဖွဲ့ဝင် |
| ၃။ | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | ဦးနေထက်ဝင်း | ״ |
| ၄။ | ပုဗ္ဗသီရိမဲဆန္ဒနယ် | ဦးရည်မွန်(ခ) မောင်တင်သစ် | ״ |
| ၅။ | မိုးကုတ်မဲဆန္ဒနယ် | ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော် | ״ |
| ၆။ | ညောင်ရွှေမဲဆန္ဒနယ် | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ״ |
| ၇။ | ပင်လည်ဘူးမဲဆန္ဒနယ် | ဦးမင်းနောင် | ״ |
| ၈။ | လဟယ်မဲဆန္ဒနယ် | ဦးသက်နောင် | ״ |
| ၉။ | ထီးလင်းမဲဆန္ဒနယ် | ဦးမြတ်လေးဦး | ״ |
| ၁၀။ | ပန်းတနော်မဲဆန္ဒနယ် | ဦးမန်းညွန့်သိန်း | ״ |
| ၁၁။ | နောင်မွန်းမဲဆန္ဒနယ် | ဦးဂျီဖုန်ဆားရ် | ״ |
| ၁၂။ | ကွန်ဟိန်းမဲဆန္ဒနယ် | ဒေါ်နန်းခင်စော | ״ |
| ၁၃။ | ဆော့လော်မဲဆန္ဒနယ် | ဦးလာမာလေး | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်ဝင်းဆွေ | ״ |
| ၁၅။ | ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် | ဦးအေးနိုင် | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း (၂၂-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဆိပ်ကမ်းမဲဆန္ဒနယ် | ဦးတင်မောင်ဝင်း | ဥက္ကဋ္ဌ |
| ၂။ | ရေတာရှည် မဲဆန္ဒနယ် | ဦးကြည်မိုးနိုင် | အဖွဲ့ဝင် |
| ၃။ | ဆိပ်ဖြူမဲဆန္ဒနယ် | ဦးအောင်သိုက် | ״ |
| ၄။ | ပျဉ်းမနားမဲဆန္ဒနယ် | ဦးသန်းစိုးအောင် | ״ |
| ၅။ | ဂန့်ဂေါမဲဆန္ဒနယ် | ဒေါ်ယဉ်မင်းလှိုင် | ״ |
| ၆။ | မိုင်းပန်မဲဆန္ဒနယ် | ဦးစိုင်းကျော်မိုး | ״ |
| ၇။ | သိန္နီမဲဆန္ဒနယ် | ဦးစိုင်းဦးခမ်း | ״ |
| ၈။ | ပုလောမဲဆန္ဒနယ် | ဦးအုန်းခင် | ״ |
| ၉။ | ကွမ်းလုံမဲဆန္ဒနယ် | ဦးယန်ကျင်းကန် | ״ |
| ၁၀။ | မင်းပြားမဲဆန္ဒနယ် | ဦးစစ်နိုင် | ״ |
| ၁၁။ | မက်မန်းမဲဆန္ဒနယ် | ဦးတင်အေး | ״ |
| ၁၂။ | တမူးမဲဆန္ဒနယ် | ဦးနိုင်နိုင်ဝင်း | ״ |
| ၁၃။ | ထန်းတပင် မဲဆန္ဒနယ် | ဦးဇော်ဝင်း | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီးအောင်မြင့် | ״ |
| ၁၅။ | ပန်းဘဲတန်း မဲဆန္ဒနယ် | ဦးနေဖူးဗဆွေ | အတွင်းရေးမှူး |

အမျိုးသားလွှတ်တော်အစည်းအဝေး

# သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို လွှတ်တော်က အတည်ပြုဖွဲ့စည်းခြင်းဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ **(အပေါ်ပုံ) ဘင်္ဂလားဒေ့ရှ် ပါလီမန်ဥက္ကဋ္ဌကပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားမှတ်တမ်းတင်ခြင်း၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို လွှတ်တော်က အတည်ပြုဖွဲ့စည်းခြင်းနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဖွဲ့စည်းရေး**တို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **ဘင်္ဂလားဒေ့ရှ် ပါလီမန်ဥက္ကဋ္ဌ ဒေါက်တာ ရှီရင်ရှာမင်ချောင်ဒရီထံမှ ပေးပို့သည့် သဝဏ်လွှာ**ကို ဖတ်ကြားတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်သီဟ၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များစာရင်း(၂၂ -၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) | ဦးကျော်သီဟ | ဥက္ကဋ္ဌ |
| ၂။ | ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) | ဦးစောမိုးမြင့်(ခ) ဆင်မြူရယ် | အဖွဲ့ဝင် |
| ၃။ | ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) | ဦးခင်မောင်မြင့် | ״ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) | ဦးရဲထွဋ် | ״ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) | ဦးခင်မောင်ဝင်း | ״ |
| ၆။ | ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) | ဦးညီစိန် | ״ |
| ၇။ | မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂) | ဒေါ်သီရိရတနာ | ״ |
| ၈။ | ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀) | ဦးစိုင်းသာစိန် | ״ |
| ၉။ | ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) | ဒေါ်ရှားမူ | ״ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) | ဦးဟန်ဝင်းသိန်း | ״ |
| ၁၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) | ဦးမြင့်နိုင် | ״ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) | ဦးထွန်းထွန်းဦး | ״ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) | ဦးမောင်မောင်အုန်း | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့် | ״ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) | ဦးစခင်ဇော်လင်း | အတွင်းရေးမှူး |

## ပြည်သူ့လွှတ်တော်အစည်းအဝေးမှ

ရာသီဥတုပြောင်းလဲမှုအတွက် ရေရှည် ကြိုတင်ကာကွယ်မှုများ ချမှတ်ထားရန်လိုအပ်ကြောင်း၊ ယခု ၂၀၁၆ ခုနှစ် အယ်နီညို အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများပူးပေါင်းပြီး ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း။



မိတ္ထီလာ မဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း

ကြိုတင်ပြင်ဆင်မှု အနေဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေကို စနစ်တကျ သုံးစွဲခြင်း၊ ရေလှောင်တမံများရှိရေများကို မှန်မှန်ကန်ကန် အသုံးပြုစေခြင်း၊ အယ်နီညိုဖြစ်စဉ် သက်ရောက်မှုကြောင့် အများဆုံးထိခိုက်နိုင်မည့် စားနပ်ရိက္ခာ ထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပေါ် အလေးထား စောင့်ကြည့်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာစီမံထားရှိခြင်း၊ ခြောက်သွေ့သော ရာသီဥတုနှင့်လိုက်လျောညီထွေသည့် စိုက်ပျိုးရေးနည်းစနစ်များ စူးစမ်းရှာဖွေခြင်း၊ ရေပေးဝေရေးစနစ်များ ချဲ့ထွင်ခြင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာမည့် ရောဂါများအတွက် ကြိုတင်ကာကွယ် ကုသနိုင်ရန် အစီအမံများထားရှိခြင်းနှင့် မိုးခေါင်ခြောက်သွေ့ပြီး အန္တရာယ်ကျရောက်မှုကင်းရှင်းစေရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိသင့်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။



ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း

ထို့နောက် ယင်းအဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က **ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**တွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းနှင့် အတွင်းရေးမှူးအဖြစ် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**တွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်းနှင့် အတွင်းရေးမှူးအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**တွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းနှင့် အတွင်းရေးမှူးအဖြစ် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေတို့ ပါဝင်သော ကော်မတီဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းတာဝန်ပေးရန်နှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ကော်မတီဥက္ကဋ္ဌအဖြစ် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်နှင့် အတွင်းရေးမှူးအဖြစ် မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင် (ခ)ပေါခင်တို့အပါဝင် ကော်မတီဝင် ၁၅ ဦးဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ကော်မတီဥက္ကဋ္ဌအဖြစ် ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦးနှင့် အတွင်းရေးမှူးအဖြစ် ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်တို့အပါအဝင် ကော်မတီဝင် ၁၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်း ရန်လျာထားကြောင်းလွှတ်တော်သို့ အသိပေးပြောကြားသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီတွင်ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံလွှတ်တော်ချင်း အပြန်အလှန်လေ့လာရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ သံအမတ်ကြီး Mr. Robert Chua သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကော်မတီဆောင် အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း အပြန်အလှန်လေ့လာရေး၊ ဝန်ထမ်းများအား သင်တန်းများပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေး ပထမနေ့ ဆွေးနွေးပွဲစတင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ "Joint Monitoring Committee Union" (JMC-U)၏ စတုတ္ထအကြိမ် အစည်းအဝေးပထမနေ့ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန ( MPC ) တွင် ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တာ ကျင်းပသွားမည့် စတုတ္ထအကြိမ်မြောက် JMC-U အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် JMC-U၊ ပြည်နယ်/တိုင်းအဆင့် JMC-S၊ ဒေသန္တရအဆင့် JMC-L တို့၏ ရုံးအဖွဲ့လုပ်ငန်းလမ်းညွှန်များ၊ အဆင့်အသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆွေးနွေးအတည်ပြုခြင်း၊ ဝန်ထမ်းရွေးချယ်ရေးဖွဲ့စည်းခြင်းနှင့် ဆွေးနွေးအတည်ပြုခြင်း၊ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်သည့် ကိစ္စရပ်များ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ် ဆွေးနွေး အဖြေရှာခြင်း၊ တနင်္သာရီတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)နှင့် အခြားကော်မတီများဖွဲ့စည်းမည့် ကိစ္စရပ်များ၏ လုပ်ထုံးလုပ်နည်းအချိန်ဇယားသတ်မှတ်ခြင်း၊ ပဉ္စမအကြိမ်ကျင်းပမည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) အချိန် သတ်မှတ်ခြင်းတို့ကို ဆွေးနွေးသွားမည်ဖြစ်သည်။



အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် **(အပေါ်ပုံ)** မိမိတို့ကော်မတီအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) စာချုပ်ပါ အချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး လေးစားလိုက်နာရမည့် အချက်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ကြ၍ တိုးတက်မှုများရှိလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါအချက်များဖြစ်သည့် တပ်ပိုင်းဆိုင်ရာကျင့်ဝတ်၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား အောက်ခြေအဆင့်ထိ တိတိကျကျသိရန်အတွက် ထိန်းသိမ်း လိုက်နာတည့်မတ်ပေးသွားရန် မိမိအနေဖြင့် တင်ပြလိုကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီ ၉ ရက်က ရှမ်းပြည်နယ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)အား ရှမ်းပြည်နယ် ခိုလန်တွင် ပြည်ထောင်စုအဆင့်က ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေများတွင် တိုက်ပွဲဖြစ်သည်များ ရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲနှင့် နမ့်ဆန်မြို့နယ်များအတွင်း TNLA နှင့် ရှမ်းပြည် RCSS/SSA တို့ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ဇန်နဝါရီလအတွင်းတွင် KNU တပ်မဟာ (၃)နယ်မြေ၌ ရွာသူရွာသားများအား ဖမ်းဆီးခေါ်ဆောင်သည့် ဖြစ်စဉ်၊ တပ်မဟာ(၅) နယ်မြေ၌လည်း အလားတူဖြစ်စဉ်တစ်ခုနှင့် တပ်မဟာ (၂) နယ်မြေတွင် အလားတူဖြစ်ရပ်လေးများအား တွေ့ရကြောင်း။

နှစ်ကာလ ကြာရှည်စွာရင်ဆိုင်ဖြတ်သန်းနေရသည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခကို အဆုံးသတ်ရန်လိုပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အရေးကြီးဆုံးအရာသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ရရှိလာသော ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ရန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးဆိုင်ရာ ကော်မတီအဆင့်ဆင့်သည် လိုက်နာရမည့် တာဝန်၊ စည်းကမ်းချက်များနှင့်အညီ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းနိုင်သည့်နည်းကို အသုံးပြု၍ ဖြေရှင်းရန် လိုပါကြောင်းပြောကြားသည်။

ဆက်လက်၍ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယ ဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ယနေ့ပြုလုပ်သည့် JMC-U ၏ ပထမနေ့အစည်းအဝေးနှင့် ပတ်သက်၍ JMC-U အတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးကြီး ဝဏ္ဏအောင်က " ဒီနေ့က ပြည်ထောင်စုအဆင့် ရုံးအဖွဲ့ဖွဲ့ဖို့ လုပ်ငန်းလမ်းညွှန်ပဲဆွေးနွေးနိုင်တယ်။ ဒါတွေလည်း မပြီးပြတ်သေးတော့ မနက်ဖြန် ဆက်ဆွေးနွေးမှာပါ။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာ အဆင့်ဆိုပြီး ရုံးအဖွဲ့တွေ အကုန်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ အဲ့ဒီအတွက် ဆက်ဆွေးနွေးမှာပါ" ဟုပြောသည်။

ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးဝဏ္ဏအောင်က "မြေပြင်မှာ ဖြစ်နေတဲ့ အချို့နေရာတွေရှိပါတယ်။ ဆက်ကြေးကောက်တဲ့ ပုံစံမျိုးလေးတွေပါ။ ရှမ်းပြည်မှာက TNLA နဲ့ RCSS တို့ဖြစ်တာပါ။ တိုက်ပွဲဖြစ်တဲ့ ဖြစ်စဉ်မှာ တပ်မတော်အနေနဲ့ မပါဝင်ပါဘူး။ ၂၀၁၂ တုန်းက RCSS/SSA နဲ့ ငြိမ်းချမ်းရေးလက်မှတ်ထိုးတုန်းက သက်မှတ်ထားတဲ့ နယ်မြေရှိပါတယ်။ အဲ့ဒီနယ်မြေကို ပြောတာပါ။ RCSS အနေနဲ့ သတ်မှတ်ထားတဲ့ နယ်မြေမှာပဲ နေထိုင်ဖို့၊ နယ်မြေကျော်လွန်သွားတော့ အခုလို မလိုလားအပ်တဲ့ ဖြစ်စဉ်လေးတွေ မဖြစ်အောင် နေထိုင်သွားဖို့ပါပဲ" ဟုဆိုသည်။

ယနေ့ပြုလုပ်သည့် JMC-U ၏ ပထမနေ့ အစည်းအဝေးသည် ညနေ ၅ နာရီတွင် ပြီးဆုံးခဲ့ပြီး ဒုတိယနေ့အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် MPC ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ရဲခေါင်ညွန့်**

**ဓာတ်ပုံ - ဖိုးထောင်**

❖ *ကျောဖုံးမှ*

တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

Crown Advanced ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးသန်းဆွေက "ပင်မတံတားအရှည် ၄၆၅ မီတာရှိတယ်။ ပေအားဖြင့် ၁၅၂၅ ပေ၊ ချဉ်းကပ်တံတား အရှည်တစ်ဖက်ကို မီတာ ၃၀၊ ပေအနေနဲ့ ၉၈ ပေခွဲ တံတားအစအဆုံး ပေအရှည် ၅၂၅ မီတာ၊ ပေအားဖြင့် ၁၇၂၂ ပေ ရှည်ပါတယ်။ တံတားအကျယ်ကိုတော့ နှစ်ပိုင်းခွဲထားတယ်။ တစ်ပိုင်းက အဖြောင့်ပိုင်း(၁၃ ဒသမ ၄ မီတာ) ၄၄ ပေ၊ အကွေ့ပိုင်းက ၁၄ ဒသမ ၅ မီတာ ပေအရ ၄၈ ပေဖြစ်တယ်။ လမ်းဆုံအလယ် ကင်းလွတ်အမြင့် ၆ မီတာ၊ ပေအရ ၁၉ ပေ၊ ခန်းဖွင့်အကျယ် ၄၅ မီတာပါ။ ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ရှိပြီး အသွားအပြန်နှစ်လမ်းမောင်း လေးလမ်းသွား အဝေးပြေး ပြည်လမ်းမ တောင်မြောက် ဆက်သွယ်သောတံတားဖြစ်တယ်။ အနေ့းယာဉ်တွေ ဖြတ်သန်းရခက်ပါတယ်။ ခုနေအရ Steel Plate Girder နဲ့ Steel Box Girder သံပေါင်တင်ခြင်း ၁၅ ခန်းပြီးသွားပြီ၊ ကွန်ကရစ်ကြမ်းခင်း လောင်းခြင်းလုပ်ငန်းတော့ ၁၂ ခန်းပြီးပြီ၊ သုံးခန်းကျန်ရက်ပိုင်းအတွင်း သုံးခန်းပြီးမယ်။ တောင်မြောက် ချဉ်းကပ်လမ်းကျောက်ခင်းနေပြီး ၈၇ ရာခိုင်နှုန်းပြီးစီးပြီလို့ ဆိုရမယ်။ နိုင်လွန်ကတ္တရာခင်းပြီးတာနဲ့ ကားတွေ ဖြတ်သန်းမောင်းနှင်ခွင့်ရမှာပါ။ သတ်မှတ်ရက်ထက် နောက်မကျပါဘူး" ဟု မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။**

(မိုး/ဇလ)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# သီလဝါဆိပ်ကမ်း၌ ရေဘေးသင့်ဒေသများအတွက် အလွယ်တကူတပ်ဆင်နိုင်သော အိမ်ရာများရောက်ရှိ

သတင်း - မင်းသစ်
ဓာတ်ပုံ - ရဲထွဋ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလွယ်တကူတပ်ဆင်နိုင်သော အိမ်ရာ-Assembled Board House ( Prefabricated House)အလုံး ၁၁၆၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က "ရေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက အလှူရှင်များက လှူဒါန်းနေတာဖြစ်တယ်။ အလှူပစ္စည်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာရေဘေးသင့်ဒေသကို အမြန်ပို့ဆောင်ပေးပြီး တည်ဆောက်သွားမယ်။ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ၊ လူနေအိမ်တွေကို အလျင်အမြန်အဆင်သင့် တပ်ဆင်လိုက်ရုံပါပဲ။ ရေဘေးသင့်ဒေသတွေအတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် မြန်မာငွေကျပ် ၆ ဘီလီယံတန်ဖိုးရှိ အလွယ်တကူတပ်ဆင်နိုင်သောအိမ်ရာ-Assembled Board House (Prefabricated House) အလုံး ၁၁၆၀ ကို ရေဘေးသင့်ခဲ့သည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းတို့၌ အဓိကတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ အဓိကအသုံးပြုသွားမယ်။ အခုချိန်ထိ တရုတ်နိုင်ငံအစိုးရနဲ့ တရုတ်ပြည်သူတွေက ထောက်ပံ့လှူဒါန်းခဲ့တာ တရုတ်ယွမ်ငွေသိန်း ၁၀၀၀ ရှိပါပြီ။ ရေဘေးကို မြန်မာပြည်သူတွေခံစားရတာကို တရုတ်ပြည်သူလူထုကလည်း ထပ်တူခံစားရပါတယ်။ ဒါကြောင့် အကူအညီတွေကို အလျင်အမြန်ပေးနေပါတယ်။ အကူအညီတွေပေးနေတယ်ဆိုတာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပြတာပါပဲ" ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပြောကြားသည်။

၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အမေရိကန်ဒေါ်လာ ၁၆ သိန်းကျော်တန်ဖိုးရှိ လှေ၊ စက်လှေများအပါအဝင် အထောက်အကူပြုပစ္စည်းများနှင့် စက်တင်ဘာ ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၁ သိန်းတန်ဖိုးရှိ သက်ကယ်အကျီ၊ ရေစုပ်စက်၊ ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းလိုက်သည့် အလွယ်တကူတပ်ဆင်နိုင်သည့်အိမ်ရာ Assembled Board House (Prefabricated House)အလုံး ၁၁၆၀ ကို NORTHERN DIAMOND သင်္ဘောလိုင်းဖြင့် သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။



ဆိပ်ကမ်း၌ရောက်ရှိနေသော အလွယ်တကူတပ်ဆင်နိုင်သည့် အိမ်ဆောက်ပစ္စည်းများအား တွေ့ရစဉ်။

အခမ်းအနားတွင် အလွယ်တကူတပ်ဆင်နိုင်သည့် အိမ်ရာလွှဲပြောင်းပေးအပ်ခြင်းနှင့် သက်ဆိုင်သည်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြပြီး သီလဝါဆိပ်ကမ်း၌ ရောက်ရှိနေသော အလွယ်တကူ တပ်ဆင်နိုင်သည့် အိမ်ရာများ ထည့်သွင်းထားသည့် ကွန်တိန်နာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



## တောင်သာမြို့နယ်၌ ရေပြတ်လပ်နေသော ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

**တောင်သာ ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် သပွတ်ပင်တဲအုပ်စု သီးပင်ကုန်းကျေးရွာ၌ သောက်သုံးရေပြတ်လပ်နေကြောင်း အကူအညီတောင်းခံလာမှုအပေါ် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေဂါလန် ၁၈၀၀ ဆံ့ ရေကားတစ်စီး၊ လီတာ ၂၀ ပါ ရေသန့်ဘူးကြီး ၁၀၀ သွားရောက်ဖြန့်ဝေပေးခဲ့သည်။

သီးပင်ကုန်းကျေးရွာမှာ မြေသားရေကန်တူးဖော်ထားရှိသော်လည်း ယမန်နှစ် မိုးရာသီက မိုးရေမရရှိသောကြောင့် ရေပြတ်လပ်ရခြင်းဖြစ်ကြောင်းနှင့် လက်ရှိ သောက်သုံးရေကို ရွာနှင့် နှစ်မိုင်ခန့်ဝေးကွာသော ရတနာမြိုင်ကျေးရွာမှ သယ်ယူသုံးစွဲလျက်ရှိပါကြောင်း ကျေးရွာပြည်သူများ၏တင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူးက သောက်သုံးရေကို စနစ်တကျချွေတာသုံးစွဲကြရန်မှာကြားပြီး မြေအောက်ရေ တူးဖော်ပေးနိုင်မည့် အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

တောင်သာမြို့နယ်မှ နွေရာသီ ရေပြတ်လပ်နိုင်သော ကျေးရွာများသို့ ရေပေးဝေနိုင်မည့် အစီအစဉ်ကို စီမံချက်ရေးဆွဲပြီး တင်ပြဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အယ်နီညိုရာသီဥတုကြောင့် နွေရာသီရေရှားပါးကျေးရွာများအား သောက်သုံးရေရရှိရေး လှူဒါန်းနိုင်ရန် နှိုးဆော်

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံတွင်း ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် ပင်မဆောင်ရွက်ပေးသည့်ဌာန (Focal Department) ဖြစ်ပါသည်။ ယခုနှစ် မတ်လမှ မေလခန့်အထိ မြန်မာနိုင်ငံတစ်ဝန်း အယ်နီညိုရာသီဥတုကြုံတွေ့မည်ဖြစ်ပြီး ပူပြင်းမှုကြောင့် ကျေးလက်ဒေသသောက်သုံးရေရှားပါးမှု ကြုံတွေ့နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူများအနေဖြင့် ရေရှားပါးကျေးရွာများကို သောက်သုံးရေရရှိရေး ထောက်ပံ့လှူဒါန်းနိုင်ပြီး လှူဒါန်းရာတွင် အောက်ပါလုပ်ငန်းများ ပါဝင်လှူဒါန်းနိုင်ပါသည်-

(က) ရေသယ်ပို့ယာဉ်(ရေကား၊ မော်တော်ယာဉ်၊ စက်လှေ)ကူညီလှူဒါန်းခြင်း၊

(ခ) ရေသယ်ပို့ခြင်းကုန်ကျမည့် စက်သုံးဆီ(သို့) စက်သုံးဆီကုန်ကျစရိတ် လှူဒါန်းခြင်း၊

(ဂ) အလှူရှင်လှူဒါန်းငွေဖြင့် စက်ရေတွင်းများတူးဖော်နိုင်ရန် လှူဒါန်းခြင်း၊

၂။ သောက်သုံးရေရရှိရေးလှူဒါန်းခြင်းအား သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ ခရိုင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့်လည်း ဆက်သွယ်၍ လှူဒါန်းနိုင်ပြီး စေတနာရှင်ပြည်သူများလှူဒါန်းမှုအပေါ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သည်များဖြည့်စွက်၍ အလုံးစုံပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပြီး လိုအပ်ပါက နိုင်ငံတော်ထောက်ပံ့ငွေမှ ထည့်ဝင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ လှူဒါန်းလိုပါက အမြဲတမ်းအတွင်းဝန်(ပြည်ထောင်စုဝန်ကြီးရုံး) ဖုန်း-၀၆၇-၄၀၈၀၄၆၊ ညွှန်ကြားရေးမှူးချုပ်(မွေး/ကု) ဖုန်း-၀၆၇-၄၀၈၀၅၆၊ ညွှန်ကြားရေးမှူးချုပ်(ငါးလုပ်ငန်း) ဖုန်း-၀၆၇-၄၀၈၁၇၈၊ ညွှန်ကြားရေးမှူးချုပ်(ကျေးလက်) ဖုန်း ၀၆၇-၄၀၉၀၂၆၊ ဒုတိယအမြဲတမ်းအတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) ဖုန်း-၀၆၇-၄၀၈၀၅၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၀၂၇၊ ဒုတိယအင်ဂျင်နီယာချုပ်(လုပ်ငန်း)ဖုန်း-၀၆၇-၄၀၉၃၅၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ညွှန်ကြားရေးမှူး(ရေပေးရေး) ဖုန်း-၀၆၇-၄၀၉၄၁၁။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# လတပို့တွဲဆင်ယင်နွှဲ ရခိုင်ရိုးရာရထားဆွဲပွဲ ခြိမ့်ခြိမ့်သဲသဲ

ပေါက်လဲပွင့်ဆဲ လတပို့တွဲအခါသမယ လဆန်းရက်သည်ကား ရခိုင်တိုင်းရင်းသားတို့၏ စုပေါင်းစွမ်းရည်ဖော်ညွှန်းခြင်းကို ပြသသော၊ ရပ်လုံးရွာလုံးကျွတ် စုပေါင်းဆင်နွှဲကြသော၊ ရိုးရာရထားဆွဲပွဲကျင်းပသော ကာလများဖြစ်သည်။ အပူနှင့်အအေးတို့ ဒွန်တွဲလွန်ဆွဲသောကာလ၊ ဤတပို့တွဲလရာသီတွင် ရှေးအစဉ်အလာကပင် ရထားဆွဲပွဲကို ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပြည်နယ်မြို့တော်စစ်တွေ၏ ကျက်သရေဆောင် ဝက်ပါကွင်းကြီးတွင် ကျင်းပသော ရိုးရာရထားဆွဲပွဲသည်ကား အဌမအကြိမ်မြောက်ပင် ရှိခဲ့ပြီဖြစ်သည်။ ရထားဆွဲပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ (တပို့တွဲလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ ) ကျင်းပနေခြင်းဖြစ်ပြီး ရခိုင်ရိုးရာသံချပ်ပွဲကိုပါ ထည့်သွင်းကျင်းပထားကြောင်း ပွဲစသည့်နေ့မှစ၍ နေ့စဉ် ဝက်ပါကွင်းကြီးတစ်ခုလုံး ပြည့်လျှံကာ ကြက်ပျံမကျ ခြိမ့်ခြိမ့်သဲသဲ စည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**



ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းတက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အစည်းများ၊ ရခိုင်ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရထားဆွဲမည့် ရပ်ကွက်သူရပ်ကွက်သားများနှင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ တက်ရောက်ကြကြောင်း သိရသည်။

"ခုလိုယဉ်ကျေးမှုပွဲတော်တစ်ခုကို ပြည်နယ်မြို့တော်မှာ နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်တာဟာ ကျွန်တော်တို့ ရခိုင်လူမျိုးတွေအတွက် ဂုဏ်ယူစရာပါ။ ရထားဆွဲပွဲဟာ စုပေါင်းဆောင်ရွက်ရတဲ့အတွက် အချင်းချင်း စည်းလုံးညီညွတ်အောင်လုပ်သလို ဖြစ်သွားတယ်။ မိမိတို့တစ်နေ့တာ မောပန်းလာခဲ့သမျှတွေကို ရထားဆွဲပွဲမှာ ပါဝင်ဆင်နွှဲခြင်းအားဖြင့် အလိုလို ပြေပျောက်သွားသလို ဖြစ်သွားရတယ်။ ခုလိုအချိန်မျိုးမှာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ရိုးရာအစဉ်အလာတွေကို အားလုံးဝိုင်းဝန်းပြီးတော့ ဆောင်ရွက်သင့်ပါတယ်" ဟု စာရေးဆရာ ခင်မောင်ဝင်း (စစ်တွေ) က ပြောသည်။

**ရခိုင်ရိုးရာရထားဆွဲပွဲဟူသည်**

ရခိုင်လူမျိုးတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလတွင်ကျင်းပသော ပွဲတော်ဖြစ်သည်။ စည်းလုံးညီညာ၊ စုပေါင်းဆောင်ရွက်တတ်မှုကို ပြသောပွဲဖြစ်သည်။ တတိယဓညဝတီခေတ် (ဘီစီ-၅၈၀ မှ အေဒီ ၃၂၆ အထိ) နန်းတက်ခဲ့သော စန္ဒာသူရိယမင်းကြီးလက်ထက် ဘီစီ (၆) ရာစုတွင် စတင်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် ကျင်းပခဲ့ကြောင်း၊ ပျော်ပွဲရွှင်ပွဲသက်သက် ကျင်းပခဲ့ခြင်း မဟုတ်ကြောင်း၊ ရခိုင်တို့၏ဇာတာနှင့် နေ၊ လ၊ နက္ခက်တာရာများကို ယှဉ်၍ ကျင်းပကြောင်း ရခိုင်ယဉ်ကျေးမှုစာပေများအရ လေ့လာသိရှိရသည်။

ရထားဆွဲပွဲကျင်းပခြင်းဖြင့် လယ်ယာမြေများ မြေဆီသြဇာတက်ခြင်း၊ ကောက်ပဲသီးနှံ ဆန်ရေစပါးပေါများခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း၊ မင်းနှင့်ပြည်သူတို့ ကြည်ဖြူစွာ လက်တွဲကာ အရာရာကိုအောင်မြင်စေခြင်း စသော အင်္ဂါရပ်များနှင့် ပြည့်စုံစေသည်ဟု ရှေးရခိုင်များက ယူဆခဲ့ကြကြောင်းလည်း သိရသည်။

ရထားပြုလုပ်ရာတွင် သစ်သားတန်းများကို ရှေးအခါက ဒိုးနွယ်၊ (ဂုံညင်းဒိုးပင်၏အနွယ်) ဖြင့် ချည်နှောင်ရသည်။ ရထားအညွန့်ကို ဝါးညွန့်ဖြင့်ပြုလုပ်ရသည်။ စက်သီး(ဘီး) လေးလုံးတပ်ရသည်။ ယခုအခါ သစ်တောများပြုန်းတီးပြီး ဒိုးနွယ်များ ရှားပါးလာသဖြင့် ဒိုးနွယ်နေရာတွင် သံမူလီများဖြင့် အစားထိုးကာ အသုံးပြုကြသည်။

ရထားဆွဲရာတွင် ရပ်ရွာအလိုက်၊ ရပ်ကွက်အလိုက်၊ အဖွဲ့အစည်းများအလိုက် ဆွဲရသည်။ နှစ်ကြိမ်ဆွဲရပြီး နှစ်ကြိမ်လုံးနိုင်မှသာ အနိုင်ရသည်။ အကယ်၍ တစ်ဖက်တစ်ခေါက်နိုင်ပါက နောက်တစ်ခေါက်ထပ်ဆွဲပြီး အနိုင်ရသူအား အောင်နိုင်သူအဖြစ်သတ်မှတ်သည်။ ဆွဲသော ရထားကို တပို့တွဲလပြည့် ညသန်းခေါင်ယံမကျော်မီ မီးရှို့ဖျက်ဆီးပစ်ရကြောင်းလည်း သိရသည်။

**ဆွဲ-လေး-လေး-ယီးဆွဲ-ယီးဆွဲ**

ရထားဆွဲပွဲစတင်သည့် ဖေဖော်ဝါရီ ၁၉ ရက်နံနက်ကပင် ရထားဆွဲမည့်ရက်ကွက်များမှ အဖွဲ့များက စိတ်ခွန်အား တက်ကြွဖွယ်ကောင်းသော ရခိုင်အဆိုတော်များ၏ မြူးကြွသီချင်းများကိုတီးကာ ကားများဖြင့် တစ်လမ်းဝင်တစ်လမ်းထွက် စစ်တွေမြို့အနှံ့လှည့်လည်မှုကို မြင်ရသည်မှာ ဇာတိသွေး၊ ဇာတိမာန်တက်ကြွစရာဖြစ်သည်။ ရခိုင်အဆိုတော်ဒိုးရီ၏ "အား. . . ရခိုင်အား. . . အား. . . ရခိုင်အား" ဟူသော တေးသံက စစ်တွေမြို့အနှံ့ဟိန်းနေသည်။

ရထားမဆွဲမီရထားကို ရိုးရာအစဉ်အလာအရ အသက်သွင်းခြင်း၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား ပင့်ဖိတ်ခြင်း၊ ဂါထာမန္တန်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ပြီးမှ ရထားဆွဲကြရသည်။ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်သူနိုင်ကိုယ်နိုင်အပြိုင်ဆွဲကြသည်။ ပွဲကြည့်ပရိသတ်များကလည်း " ဆွဲ-လေး-လေး-ယီးဆွဲ-ယီးဆွဲ" ဟု ဆက်တိုက်အားပေးကြရာ ဝက်ပါကွင်းကြီးတစ်ခုလုံး ဟိန်းနေသည်။ အနိုင်ရသော အဖွဲ့များကလည်း သံချပ်ထိုး၍ကခုန်မြူးထူးနေကြရာ မြင်ရသူတို့ ကြက်သီးထရလောက်အောင် စိတ်ဓာတ်တက်ကြွသွားကြရသည်။

ဖေဖော်ဝါရီ ၁၉ ရက် ပထမနေ့အစီအစဉ်အရ ရထားဆွဲကြရာ လမ်းမတော်တောင်ရပ်ကွက်နှင့် မြို့သူကြီးရပ်ကွက်တွင် လမ်းမတော်တောင်ရပ်ကွက်ကလည်းကောင်း၊ စက်ရုံစုရပ်ကွက်နှင့် ရှုပတောင် ရပ်ကွက်တွင် စက်ရုံစုရပ်ကွက်ကလည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ဖေဖော်ဝါရီ ၂၀ ရက် ဒုတိယနေ့တွင် ဆင်ကူးလမ်းရပ်ကွက်နှင့် ရွာကြီးမြောက်ရပ်ကွက်တို့ဆွဲကြရာ ဆင်ကူးလမ်းရပ်ကွက်ကလည်းကောင်း၊ မောလိပ်ရပ်ကွက်နှင့် အုန်းတပင်ရပ်ကွက်တွင် အုန်းတပင်ရပ်ကွက်ကလည်းကောင်း၊ ကျေးပင်ကြီးရပ်ကွက်နှင့် ကျောင်းကြီးလမ်းရပ်ကွက်တွင် ကျောင်းကြီးလမ်းရပ်ကွက်ကလည်းကောင်း အနိုင်ရရှိကြသည်။

ဖေဖော်ဝါရီ ၂၁ ရက် တတိယနေ့တွင် မကျည်းမြိုင်နှင့် ကျောင်းတက်လမ်း၌ မကျည်းမြိုင်ရပ်ကွက်ကလည်းကောင်း၊ မိဖုံနှင့်ဆက်ရိုးကျ၌ ဆက်ရိုးကျရပ်ကွက်ကလည်းကောင်း၊ ဘောလုံးကွင်းနှင့် ရှုပမြောက်၌ ဘောလုံးကွင်းရပ်ကွက်ကလည်းကောင်း၊ ရွှေပြားနှင့် လမ်းမတော်မြောက်၌ ရွှေပြားရပ်ကွက်ကလည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ပွဲစဉ်တိုင်းတွင် အနိုင်ရသော အသင်းအား ဆုငွေကျပ် တစ်သိန်းနှင့် ရှုံးနိမ့်သောအသင်းအား ဆုငွေကျပ် ရှစ်သောင်းချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၃ ရက် (တပို့တွဲလပြည့်နေ့) ညတွင် သံချပ်ပြိုင်ပွဲများမှ အနိုင်ရရှိသောအသင်းများကို ပထမ၊ ဒုတိယ၊ တတိယအလိုက် ဆုငွေများထိုက်တန်စွာ ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ထိုနေ့ သန်းခေါင်ယံ မတိုင်မီ ရထားကို မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့ ဘောလုံးကွင်း ရပ်ကွက်မှ ကိုအောင်ကျော်ခိုင်က "ရထားဆွဲပွဲဟာ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရခိုင်တစ်ခုသာရှိတယ်လို့ သိရပါတယ်။ ရထားဆွဲရလို့ ကျွန်တော်တို့တွေလည်း ပျော်လည်းပျော်ရသလို စည်းလုံးညီညွတ်မှုလည်းရသွားကြတယ်။ အနိုင်အရှုံးဆိုတာကတော့ပွဲတစ်ခုရဲ့ သဘာဝပါ။ ဘယ်လိုပဲပြောပြော ရခိုင်တွေရဲ့ညီညွတ်မှုကို ပြနိုင်ပြီပေါ့။ ရထားဆွဲပွဲမှာ ညီညွတ်မှုနဲ့ အနိုင်ရသလို အရာရာမှာလည်း အားလုံးညီညွတ်ကြပါလို့ ပြောလိုပါတယ်" ဟု ပီတိစကားဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံတို့ နေထိုင်ကြရာ ယဉ်ကျေးမှုနှင့် ရိုးရာပွဲတော်များ ကိုယ်စီရှိကြသည်။ ထိုအထဲတွင် ပြည်မြန်မာ၏ အနောက်ဘက်သာစွဌာနေ လဆန်းမြေမှ ထေရဝါဒဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရင်းသားတို့၏ ရှေးရိုးရာရာသီပွဲတော်တစ်ခုဖြစ်သော ရထားဆွဲပွဲကို မြန်မာနိုင်ငံတစ်ဝန်းမှ သိရှိကြစေရန် ဒေသခံစာပေသမားတစ်ဦးအနေဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

**သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-မြတ်ဝေ**

# ဖားကန့်မြို့နယ် ဆန်းကြွယ်ကျေးရွာ၌ သောက်သုံးရေကန်ပျက်စီးမှုနှင့် ရေဘေးအန္တရာယ်ကျရောက်မည်ကို ရွာသူ ရွာသားများ စိုးရိမ်

**ဖားကန့် ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆန်းကြွယ်ကျေးရွာနှင့် မော်တောင်းကျေးရွာနေ ပြည်သူများက သောက်ရေကန် ပျက်စီးမှုနှင့် မိုးတွင်းကာလ ရေဘေးအန္တရာယ်ကျရောက်မည်ကို ရွာနှစ်ရွာမှ ကျေးရွာသူကျေးရွာသားများ စိုးရိမ်နေသဖြင့် လက်မှတ်ထိုး၍ သက်ဆိုင်ရာသို့ အကြောင်းကြားထားကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က သိရသည်။

ဖားကန့်မြို့နှင့် နှစ်မိုင်ခန့်အကွာတွင် မော်တောင်းရွာ၊ ဆန်းကြွယ်ရွာ၊ မနားရွာ၊ ဖားပြင်ရွာ စသည့် ရွာများရှိရာ ဆန်းကြွယ်ကျေးရွာ၏ အနောက်ထိပ်တွင် ရှရော်ခကျေးရွာဘက်မှ စီးဆင်းလာသော ရှရော်ခချောင်း၊ (မိုးတွင်းကာလ ရေစီးကြမ်းသည်) အလားတူ မနားကျေးရွာဘက်မှ စီးဆင်းလာသော မနားရေချောင်းတို့သည် ဖားပြင် ကျေးရွာနှင့်နီး၍ ဥရုချောင်းထဲသို့ စီးဝင်သည်။

ယခုအခါ ယင်းချောင်းအဝကို ပိတ်ဆို့ပြီး အရှေ့ဘက် ခုနစ်ဖာလုံခန့်ရှိ မနားပေါက်ဝမှ ဆန်းကြွယ်ကျေးရွာဘက်သို့ ရေလွှဲမြောင်းကြီး ဖောက်လုပ်လာခဲ့ရာ ရေလွှဲမြောင်း၏ အဆုံးတွင် ကျေးရွာနှစ်ရွာ၏ သောက်သုံး ရေကန်ရှိ၍ မိုးတွင်းကာလတွင် ရေကန်အတွင်းသို့ ရေဆိုးများ ဝင်ရောက်နိုင်ကြောင်း၊ ယခုအခါ မြောင်းလွှဲ ဆောင်ရွက်နေသော ကုမ္ပဏီ အလုပ်သမားတစ်ဦးက အဆိုပါ သောက်သုံးရေကန်အတွင်း ရေဆင်းကူး၍ တစ်ကန်လုံး ရေစုပ်ထုတ်ခဲ့ရကြောင်း ပြောကြားသည်။

အဆိုပါ ရှရော်ခချောင်းအား ယခင် ဥရုချောင်းထဲ တည့်တည့်စီးဝင်ပြီး ဆန်းကြွယ်ကျေးရွာ တံတားအနီး ပေ ၆၀ ခန့်အကွာတွင် ရေထွက်ပေါက်အား ၁၀ ပေခန့်ရှိ ရေလွှဲလမ်းကြောင်းကြီးအဖြစ် ကုမ္ပဏီမှ ဘက်ဟိုးယာဉ် ငါးစီး၊ မြေ သယ်ယာဉ် ၁၀ စီးခန့်တို့ဖြင့် ဖောက်လုပ်လျက်ရှိရာ ရေကန်နှင့် မဝေးတော့ပေ။ မိုးတွင်းကာလတွင် ရှရော်ခချောင်းမှာ တောင်ကျရေနှင့်အတူ ကျောက်ခဲများ ပါလာတတ်ပြီး အိမ်များနှင့် တံတားပါ မျောပါနိုင်၍ ဒေသခံရွာသူ ရွာသားများ အလှည့်ကျညမအိပ်ရဘဲ စောင့်ရှောက်ခဲ့ရကြောင်း ဆန်းကြွယ်ကျေးရွာနေ ဦးကျော်ဝင်းနှင့် ဦးမြင့်မောင်တို့က ပြောပြသည်။

သို့ဖြစ်၍ ရေစီးကြမ်းသော ချောင်းထွက်ပေါက် နှစ်ခုနှင့် နီးစပ်နေ၍လည်းကောင်း၊ ဆန်းကြွယ်ကျေးရွာအနောက်ဘက် လူနေအိမ်များကို လည်းကောင်း ရေများဝင်ရောက် ဖျက်ဆီးနိုင်သောကြောင့် ရေဘေးအန္တရာယ်နှင့် သောက်သုံးရေကန် ပျက်စီးမှုတို့ကို ကာကွယ်ကူညီဆောင်ရွက်ပေးစေလို၍ အိမ်ခြေ ၈၀၀ ခန့်နှင့် လူဦးရေ ၂၀၀၀ ကျော်ခန့်ရှိ ရွာသူရွာသားများက စိုးရိမ်စွာဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများထံသို့ အကြောင်းကြားထားကြောင်း သိရသည်။



**စိုးနိုင်ဦး(ဖားကန့်)**

# ရတနာပုံတက္ကသိုလ် ပညာရေးအထောက်အကူပြု နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ရတနာပုံတက္ကသိုလ် (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပညာရေးအထောက်အကူပြု နည်းပညာပြပွဲနှင့် ဘာသာရပ်ပေါင်းစုံ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ပညာရေး အထောက်အကူပြု နည်းပညာပြပွဲတွင် သိပ္ပံသုတေသန အထောက်အကူပြု ပြခန်း ၄၀ ခန့် ပါဝင်ပြသခဲ့ကြပြီး ဘာသာရပ်အသီးသီးတို့က ခင်းကျင်းရောင်းချသည့် ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၃၀ ခန့် ပါဝင်ရောင်းချခဲ့သည်။ ထို့ပြင် ဟောပြောပွဲများလည်း ပါဝင်ရာ ဦးကျော်ကျော်လှိုင်၊ ဒေါက်တာ တင်အောင်ရွှေ၊ ဦးကောင်းဇံ၊ ဦးရဲမြတ်သူနှင့် ဦးဇေယျာထွန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဟောပြောပို့ချကြသည်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဆွေဇင်ထား(ဥပဒေ)**
**ဓာတ်ပုံ-မင်းထက်အောင်**

# မေးခွန်းပေါက်ကြားခဲ့မှု နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်ချုပ်သူနှင့်သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်း

**မကွေး ဖေဖော်ဝါရီ ၂၂**

မကွေးမြို့၌ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲ မေးခွန်းလွှာများ ပေါက်ကြားခဲ့မှုဖြင့် အစစ်ဆေးခံခဲ့ရသူ မကွေးမြို့ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာမ ဒေါ်လှလှမော်က မေးခွန်းပေါက်ကြားခဲ့မှုနှင့် ပတ်သက်၍ ကိုယ်ပိုင်အထက်တန်းကျောင်း အုပ်ချုပ်သူနှင့် သက်ဆိုင်မှုမရှိကြောင်း သတင်းမီဒီယာသမားများနှင့် တွေ့ဆုံသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီခွဲက နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း ဧည့်ခန်းဆောင်၌ ပြုလုပ်သည်။

"ကျွန်မက နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းမှာ အလုပ်လုပ်ပါတယ်။ ကျွန်မဆီကို ဖုန်းဗိုက်ဘာနဲ့ သူငယ်ချင်းဖြစ်သူ ရွှေစက်တော်ဥယျာဉ်ရွာမှာနေတဲ့ ဦးလှိုင်မျိုးကျော်က မေးခွန်းရလို့ ပေးပို့ခဲ့တာဖြစ်ပြီး ကျွန်မကလည်း အဲဒီမေးခွန်းကို မိတ္တူဆိုင်ကို ခင်မင်လို့သာ ပို့ပေးခဲ့တာပါ" ဟု ဆရာမ ဒေါ်လှလှမော်က ပြောသည်။

"ဦးလှိုင်မျိုးကျော်က ကျွန်မဆီကို အခကြေးငွေနဲ့ ပေးပို့တာမဟုတ်ပါဘူး။ ကျွန်မပေးလိုက်တဲ့ မိတ္တူဆိုင်က တစ်ဆင့် ပင်ရင်းကို စုံစမ်းကြည့်လိုက်တော့ ကျွန်မဖြစ်နေခဲ့တာပါ။ ဦးလှိုင်မျိုးကျော်ကလည်း ဒီမေးခွန်းကို တခြားကနေ ရရှိလာတာဖြစ်ပါတယ်။ နောက်ဆက်တွဲ ဆက်စပ်သူတွေကိုလည်း မကွေးမြို့မရဲစခန်းက စစ်ဆေးနေပါတယ်" ဟု ဆက်လက်ပြောပြသည်။

"ဒီမေးခွန်းတွေဟာ ကျွန်မဆီက မဟုတ်ပါဘူး။ အွန်လိုင်းပေါ်တက်နေတာပါ။ မေးခွန်းပျံ့ခဲ့တာကတော့ ဖေ့ဘွတ်ခ်ပေါ်ကနေ တစ်နိုင်ငံလုံးကို ပျံ့တာဖြစ်ပါတယ်။ မေးခွန်းကိစ္စနဲ့ပတ်သက်ပြီး ကျွန်မကို ဖေဖော်ဝါရီ ၁၈ ရက်က ရဲစခန်းကို ခေါ်ယူစစ်ဆေးခဲ့မှသာ ကိုယ်ပိုင်ကျောင်းအုပ်ချုပ်သူ သိရှိခဲ့တာဖြစ်ပါတယ်။ ကျောင်းအုပ်ချုပ်သူအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်မှုမရှိပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ကျော်ဇေယျ**

# ကုန်းသီးဖြင့်ပစ်ခံရသည့် မန္တလာမင်းခရီးသည်တင်ယာဉ် ပြန်လည်ပြင်ဆင်ပြီးစီး


**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ရန်ကုန်မှ မန္တလေးသို့ စတင်ထွက်ခွာလာသည့် မန္တလာမင်းခရီးသည်တင်ယာဉ်ကို ဖေဖော်ဝါရီ ၂၁ ရက် ည ၉ နာရီက ကုန်းသီးဖြင့် ပစ်ခတ်ခံခဲ့ရပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိခြင်းမရှိသေးကြောင်းနှင့် မော်တော်ယာဉ်ကို ပြန်လည်ပြင်ဆင်ပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။

မန္တလာမင်း ယာဉ်အမှတ် 9K/ ---- မော်တော်ယာဉ်သည် ရန်ကုန်မှ စတင်ထွက်ခွာလာခဲ့ပြီး အမြန်လမ်း မိုင်တိုင်အမှတ် ၃၇ မိုင် ၇ ဖာလုံအရောက်တွင် ယခုကဲ့သို့ ပစ်ခတ်ခံရခြင်းဖြစ်သည်။ ပစ်ခတ်မှုကြောင့် မော်တော်ယာဉ်၏ ညာဘက်မှန်ကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ကျွန်တော်က မိုင်တိုင် ၁၁၉ မှာ ဆိုင်ကယ်နဲ့ကား တိုက်မိတဲ့အတွက် အမြန်လမ်းရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေနဲ့ အတူ အကူအညီသွားပေးနေတာပါ။ အပစ်ခံရတဲ့ကားက ကျွန်တော် နောက်ဆုံးဝယ်ထားတဲ့ SCANIA Marcopolo ပါ။ ကြားကြားချင်းတော့ ပါလာတဲ့ခရီးသည်တွေအတွက် စိုးရိမ်လိုက်မိတယ်။ နောက်တော့ ထိခိုက်ဒဏ်ရာမရတာကို သိရတယ်။ ကားပျက်စီးတာကို မစိုးရိမ်ပါဘူး။ ကားတွေက အလုံးစုံအာမခံရှိပေမယ့် ခရီးသည်နဲ့ ယာဉ်မောင်းကိုတော့ စိုးရိမ်ခဲ့တယ်။ မဆင်မခြင်လုပ်ရပ်ဖြစ်တာမို့ အမြန်ဆုံးဖမ်းမိစေချင်တယ်"ဟု မော်တော်ယာဉ်ပိုင်ရှင် ကိုဇော်မိုး(ပိုင်အိုးနီးယား)က ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ကုန်းသီးထိမှန်ထားသည့် ကားဘော်ဒီနှင့် ညာဘက်မှန်တို့ကို လဲလှယ်တပ်ဆင်ပြီးစီးခဲ့ပြီး ခရီးသည်များကိုလည်း ယင်းနေ့ည ပစ်ခတ်ခံရအပြီး ဂိတ်မှ အခြားမော်တော်ယာဉ်ကို အချိန်မဆိုင်းဘဲပို့ကာ ပြောင်းလဲစီးနင်းစေခဲ့ကြောင်း သိရသည်။




"ပစ်ခတ်သူကို ဖမ်းဆီးရမိခြင်း မရှိသေးပါဘူး။ ရထားတုန်းကလည်း ခဲနဲ့ပစ်တာမျိုး ရှိခဲ့ကြတယ်။ အနီးအနားကျေးရွာတွေအထိ လိုက်လံစုံစမ်းစစ်ဆေးနေပါတယ်။ အမြန်လမ်းရဲတပ်ဖွဲ့ဝင်တွေအားလုံး သတိနဲ့ စစ်ဆေး စောင့်ကြည့်မှုတွေလုပ်နေပါတယ်။ အခုနောက်ပိုင်းမှာ လုံခြုံရေးနဲ့ ခရီးသည်တွေရဲ့ အသက်အန္တရာယ်အတွက် အချိန်နဲ့အမျှ အမြန်လမ်းရဲတပ်ဖွဲ့က လုပ်ကိုင်ပေးနေရဲ့သားနဲ့ အခုလိုဖြစ်ရတာကို စုံစမ်းဖော်ထုတ်သွားမယ်"ဟု အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-ဇော်မိုး(ပိုင်အိုးနီးယား)**

# တက္ကသိုလ်ဝင်စာမေးပွဲ မုဒုံမြို့နယ်၌ စာစစ်ဌာနလေးခုဖွင့်လှစ်မည်

**မုဒုံ ဖေဖော်ဝါရီ ၂၂**

မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်၌ စာစစ်ဌာန ၄၈ ခုအနက် မုဒုံမြို့နယ်၌ အထက(၁)၊ (၂)၊ (၃)နှင့် ကမာဝက်အထကတို့၌ စာစစ်ဌာနလေးခု ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၁၁ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက်ပိုင်းမှ စတင်ကာ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများက ထုတ်ပေးလျက်ရှိကြောင်းနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

▲ *ကျောဖုံးမှ*

အခြေခံပညာအထက်တန်းကျောင်း(ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာ အထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့၏ ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ လည်းကောင်း ထုတ်ယူနိုင်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများသည် နေပြည်တော်စာစစ်ဌာန ၃၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၉၇၄၁ ဦးနှင့် ပြင်ပဖြေဆိုသူ ၈၇၃၇ ဦး စုစုပေါင်း ၁၈၄၇၈ ဦး၊ ကချင်ပြည်နယ် စာစစ်ဌာန ၅၉ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၆၃၁၃ ဦး၊ ပြင်ပဖြေဆိုသူ ၁၂၃၅၆ ဦး စုစုပေါင်း ၂၈၆၆၉ ဦး၊ ကယားပြည်နယ် စာစစ်ဌာန ၁၄ ခု၌ ကျောင်းတက်ဖြေဆိုသူ ၃၄၅၂ ဦး၊ ပြင်ပဖြေဆိုသူ ၁၄၂၂ ဦး စုစုပေါင်း ၄၈၇၄ ဦး၊ ကရင်ပြည်နယ် စာစစ်ဌာန ၃၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၉၆၈၅ ဦး၊ ပြင်ပဖြေဆိုသူ ၄၇၂၇ ဦး စုစုပေါင်း ၁၄၄၁၂ ဦး၊ ချင်းပြည်နယ် စာစစ်ဌာန ၂၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၄၆၄၃ ဦး၊ ပြင်ပဖြေဆိုသူ ၆၅၄၀ စုစုပေါင်း ၁၁၁၈၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စာစစ်ဌာန ၁၇၈ ခု၌ ကျောင်းတက်ဖြေဆိုသူ ၄၇၆၅၆ ဦး၊ ပြင်ပဖြေဆိုသူ ၃၇၄၂၂ ဦး စုစုပေါင်း ၈၅၀၇၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး စာစစ်ဌာန ၃၈ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၀၄၂၈ ဦး၊ ပြင်ပဖြေဆိုသူ ၆၁၃၂ ဦး စုစုပေါင်း ၁၆၅၆၀၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)စာစစ်ဌာန ၇၀ ၌ ကျောင်းတက်ဖြေဆိုသူ ၂၁၉၃၁ ဦး၊ ပြင်ပဖြေဆိုသူ ၁၂၀၅၀ စုစုပေါင်း ၃၃၉၈၁ ဦး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)စာစစ်ဌာန ၄၇ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၂၅၈၀၊ ပြင်ပဖြေဆိုသူ ၈၀၃၃ ဦး စုစုပေါင်း ၂၀၆၁၃ ဦး၊ မကွေးတိုင်းဒေသကြီး စာစစ်ဌာန ၁၂၀ ၌ ကျောင်းတက်ဖြေဆိုသူ ၃၅၉၈၂ ဦး၊ ပြင်ပဖြေဆိုသူ ၂၆၈၅၂ ဦး စုစုပေါင်း ၆၂၈၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီး စာစစ်ဌာန ၁၆၅ ခု၌ ကျောင်းတက်ဖြေဆိုသူ ၅၆၁၉၇ ဦး၊ ပြင်ပဖြေဆိုသူ ၃၉၁၄၂ ဦး စုစုပေါင်း ၉၅၃၃၉ ဦး၊ မွန်ပြည်နယ် စာစစ်ဌာန ၄၈ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၅၆၀၆ ဦး၊ ပြင်ပဖြေဆိုသူ ၅၁၂၂ ဦး စုစုပေါင်း ၂၀၇၂၈ ဦး၊ ရခိုင်ပြည်နယ် စာစစ်ဌာန ၁၀၄ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၉၆၁၄ ဦး၊ ပြင်ပဖြေဆိုသူ ၁၇၅၉၀ စုစုပေါင်း ၃၇၂၀၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးစာစစ်ဌာန ၂၁၅ ခု၌ ကျောင်းတက်ဖြေဆိုသူ ၆၅၀၃၀၊ ပြင်ပဖြေဆိုသူ ၄၄၁၃၅ ဦး စုစုပေါင်း ၁၀၉၁၆၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)စာစစ်ဌာန ၁၃ ခု၌ ကျောင်းတက်ဖြေဆိုသူ ၂၃၂၄ ဦး၊ ပြင်ပဖြေဆိုသူ ၁၇၅၇ ဦး စုစုပေါင်း ၄၀၈၁ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)စာစစ်ဌာန ၆၂ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၆၂၂၂ ဦး၊ ပြင်ပဖြေဆိုသူ ၈၀၂၃ ဦး စုစုပေါင်း ၂၄၂၄၅ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စာစစ်ဌာန ၃၅ ခု၌ ကျောင်းတက်ဖြေဆိုသူ ၉၃၁၀၊ ပြင်ပဖြေဆိုသူ ၅၉၆၉ ဦး စုစုပေါင်း ၁၅၂၇၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီး စာစစ်ဌာန ၁၉၆ ခု၌ ကျောင်းတက်ဖြေဆိုသူ ၄၉၇၉၃ ဦး၊ ပြင်ပဖြေဆိုသူ ၁၈၆၁၇ ဦး စုစုပေါင်း ၆၈၄၁၀နှင့် နိုင်ငံခြားစာစစ်ဌာန ၁၇ ခု၌ ပြင်ပဖြေဆိုသူ ၉၈ ဦး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာန ၁၄၇၀ ၌ ကျောင်းတက်ဖြေဆိုသူ ၄၀၆၇၀၇ ဦးနှင့် ပြင်ပဖြေဆိုသူ ၂၆၄၇၂၄ ဦး စုစုပေါင်း ၆၇၁၄၃၁ ဦးတို့ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးထားကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

# မီးဘေးသင့် ပြည်သူများအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂** မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဦးရှိန်(ဥက္ကဋ္ဌ) ပျော်ရွှင်ကျန်းမာကူညီရေးအသင်း ရန်ကုန်မြို့က (OA-011834) စာရင်းသို့ တိုက်ရိုက်ထည့်သွင်း လှူဒါန်းငွေကျပ် ၁၅၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ BHI International Ltd ဝန်ထမ်းများ(မိသားစု)က ငွေကျပ် ၃၂၅၀၀၀၊ ES4E ပညာရေးမိသားစုများနှင့် ကျောင်းသား ကျောင်းသူများက ငွေကျပ် ၂၀၀၀၀၀၀၊ ဦးမျိုးဆွေ-ဒေါ်အေးအေးကြိုင် (မိသားစု)က ငွေကျပ် ၁၅၀၀၀၀၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ငွေကျပ် ၂၀၇၄၀၀၀၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ရန်အောင်ရပ် မိသားစု လစဉ် သံဃာ့ဒါန ဆွမ်းလောင်းအသင်းက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းသည်။ သို့ဖြစ်၍ ယနေ့ရရှိငွေမှာ ၄၇၉၉၀၀၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၁၄၅၀၃၉၇၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဓားဖြင့်ထိုးကာ ထွက်ပြေးတိမ်းရှောင်သူအား ၄င်းမိသားစုက ရဲတပ်ဖွဲ့သို့ အပ်နှံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ဒဂုံမြို့နယ် ပြည်လမ်း အနောက်ရပ်ကွက် တော်ဝင်စင်တာ ပထမထပ်ရှိ မျက်မှန်ဆိုင်တွင် အလုပ်လုပ်ကိုင်နေသော စမ်းချောင်းမြို့နယ်နေ အသက်၂၀ နှစ်ခန့်ရှိ အမျိုးသမီးထံသို့ လျှာထိုးဦးထုပ်အနက်၊ အင်္ကျီလက်ရှည်အဖြူနက်ပြာရောင် ဘောင်းဘီရှည် ဝတ်ဆင်ထားသော ဖေ့စ်ဘုတ်ခ်တွင် ခင်မင်သူ (အမည်မသိ)၊ အသက်၂၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးရောက်ရှိလာပြီး စကားပြောဆိုနေခဲ့ကြကြောင်း၊ ထို့နောက် အမျိုးသမီးမှာ အဆိုပါ အမည်မသိအမျိုးသားနှင့် တော်ဝင်စင်တာပထမထပ်ရှိ အထည်ဆိုင်တန်းရှေ့တွင် တစ်ယောက်တစ်ခွန်း စကားများကြရာ ၄င်းအမျိုးသားက အမျိုးသမီးအား လက်သီးဖြင့်ထိုးကာ အသင့်ယူဆောင်လာသော ခေါက်ဓားဖြင့်ထိုးပြီး ထွက်ပြေးသွားခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့သဖြင့် ဓားဖြင့်ထိုးခံရသူအမျိုးသမီးတွင် ဒဏ်ရာများရရှိရာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ကုသခဲ့ရသောကြောင့် ၄င်းအမျိုးသားအား စုံစမ်းအရေးယူပေးပါရန် အဆိုပါ အမျိုးသမီး၏ အစ်မဖြစ်သူ မဖြူသီ၏တိုင်တန်းချက်အရ ဒဂုံမြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ အမျိုးသားအား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့များသို့ ၄င်း၏မှတ်တမ်းဓာတ်ပုံများ ပေးပို့၍ လိုက်လံစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ အမျိုးသားမှာ အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ နယ်မြေရဲစခန်းအပိုင် နယ်မြေအတွင်း၌နေထိုင်သော မှတ်ကြီး(ခ) လွမ်းနိုင်ဝင်းဆိုသူဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

ထို့ကြောင့် ဝေဘာဂီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မှတ်ကြီး(ခ) လွမ်းနိုင်ဝင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ ၄င်းမှာ နေပြည်တော်သို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရပြီး ယနေ့ နံနက် ၅ နာရီက ၄င်း၏ အစ်ကိုဖြစ်သူ မျိုးမင်းထက်က မှတ်ကြီး (ခ)လွမ်းနိုင်ဝင်း ၂၃ နှစ်အား ဝေဘာဂီနယ်မြေရဲစခန်းသို့ လာရောက်အပ်နှံခဲ့သဖြင့် ဝေဘာဂီ



ပြစ်မှုကျူးလွန်သူ မှတ်ကြီး(ခ) လွမ်းနိုင်ဝင်းအား တွေ့ရစဉ်။

နယ်မြေရဲစခန်းမှတစ်ဆင့် သက်ဆိုင်ရာ ဒဂုံမြို့မရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**လှိုင်လင်**

လှိုင်လင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက်က လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာဘုန်းကြီးကျောင်းရှေ့ လှိုင်လင်-နမ့်စန်သွားကားလမ်းမပေါ်တွင် နီနိုင်လတ်မောင်းနှင်ပြီး ထွန်းဦးလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၀၀ သိမ်းဆည်းရမိသည်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက်က မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် ရဲဘော်ကုန်း(၁)လမ်း အမှတ်(၅၀)နေ မင်းမြတ်သူ (ခ)မင်းသူ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ နှင့် မြန်မာငွေကျပ် ၀ ဒသမ ၉ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**နောင်ချို**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ စိုင်းအိုက်ပေါင်းမောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ အလေးချိန် ၀ ဒသမ ၁၂၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ တို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၇ ရက်က မိုင်းရယ်မြို့နယ် ဟိုယကျေးရွာ-တန့်ယန်းဘီးခွန်ကောက်ခံရေးဂိတ်အနီး၌ အိုက်သိန်းမောင်းနှင်ပြီး မဟန်အေးလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ ကိုလည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၈ ရက်က ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်း အမှတ်(၇)နေ ထွန်းဝင်း၏နေအိမ်ကို ရှာဖွေရာ ၄င်းနှင့်အတူ နေဇော်အောင်အားတွေ့ရှိပြီး နေအိမ်ခေါင်မိုးနှင့် ထရံကြားမှ ဆေးခြောက် ၀ ဒသမ ၈၂ ကီလို သိမ်းဆည်းရမိပြီး ကျိုက္ကဆံအိမ်ရာ တိုက်-၁၄ အခန်း-စ၂ တိုက်ခန်းမှ ဆေးခြောက် ၀ ဒသမ ၅၇ ကီလို ထပ်မံသိမ်းဆည်းရမိသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ဖေဖော်ဝါရီ ၂၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | (ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈၅၀၀ မှ ၅၁၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀မှ ၄၁၅၀၀ | အသစ် |
| ၃။ | ဇီရာ/ ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၄၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၂၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၄၅၀၀ | အသစ် |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၀၀၀ မှ ၂၅၀၀၀ | အသစ်/ရှယ် |
| ၇။ | ပဲစင်းငုံနီ RC(၂၀၁၆) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၈၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၈၀ မှ ၂၁၃၅ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား၊ တောင်တွင်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၇၀၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၆၀၀ | ရှယ်၊ လတ် |
| ၁၁။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၀ မှ ၆၅၀ | ဆွဲ၊ A1,OK,S1,S2,S3, |
| ၁၂။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ | |
| ၁၃။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ကိုယ်ဝန်ဆောင် မိခင်တစ်ဦး ရေတွင်းထဲ ခုန်ချသေဆုံး

**ဖြူး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဆားဂွန်းရွာတွင် ယနေ့ နံနက်ပိုင်းက ကိုယ်ဝန်သည်မိခင်တစ်ဦး ရေတွင်းထဲသို့ ခုန်ချသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၃ နာရီက ဖြူးမြို့နယ် သာခုကန်ကျေးရွာအုပ်စု ဆားဂွန်းရွာနေ မဆိုနာမိုသီး (၂၈ နှစ်) ကိုယ်ဝန်ငါးလရှိသူသည် ခြံချင်းကပ်လျက်ရှိသော ဦးဗျာစ်မူနီး၏ သောက်သုံးရေတွင်းထဲသို့ ခုန်ချသေဆုံးသွားသဖြင့် ယနေ့ နံနက်ပိုင်းက အလောင်းအား ဖြူးဆေးရုံသို့ ပို့အပ်ခဲ့သည်။

ယင်းဖြစ်စဉ်အား ဖြူးမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ရေတာရှည်မြို့နယ်၌ ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**ရေတာရှည် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့တောင်ဘက် ရန်ကုန်-မန္တလေးလမ်း၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈နာရီခွဲက ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း သိရသည်။

ရေတာရှည်မြို့တောင်ဘက်၌ နန်ချွန်ကျေးရွာနှင့်မြောက်နန်ချွန်ကျေးရွာအကြားကားလမ်းမိုင်တိုင်အမှတ်(၁၈၇/၇)နှင့်(၁၈၈/၀)အကြားတွင် တောင်မှမြောက်သို့ ဇော်မင်းဦး(၄၃ နှစ်)အောင်ဆန်းလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားနေသူ မောင်းနှင်လာသောခြောက်ဘီးယာဉ်သည် အရှိန်လွန်၍ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်ဘက်မှ ဝင်းကျော်ဌေး(ခ)ကိုပွ(၂၇နှစ်) ရေတာရှည်မြို့အမှတ် (၄)ရပ်ကွက် အောင်မြန်မာလမ်းနေသူ မောင်းနှင်လာသောထော်လာဂျီနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ဇော်မင်းဦးတွင်ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိကာ တောင်ငူဆေးရုံ၌ တက်ရောက်ကုသလျက်ရှိပြီး ယာဉ်ပေါ်လိုက်ပါစီးနင်းသူ ဌေးအောင်မှာ နေရာတွင်သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းနှစ်ဦးအား သက်ဆိုင်ရာက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် မတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ပူတာအို၊ ရွှေကူ၊ ဟိုပင် |
| ၃။ | ကရင်ပြည်နယ် | လှိုင်းဘွဲ၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကနီ၊ ခင်ဦး၊ ခမ်းပတ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင်၊ ပန်းတောင်း |
| ၇။ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊ ငါန်းဇွန်၊ ပျော်ဘွယ် |
| ၉။ | မွန်ပြည်နယ် | ရေး |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ကျိုင်းလပ် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ဘိုကလေး၊ ဇလွန်၊ ငပုတော |

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5B/1418, Nissan Diesel Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအေးကျော်၉/မခန(နိုင်)၁၅၃၆၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**တိုက်ခန်းအမြန်ရောင်းမည်**

ဒုထပ်၊ (1500 Sqft)
ပြင်ဆင်ပြီး၊ အသင့်နေရုံ
တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊
ဖုန်း - ၀၉ ၄၅၀၂၁၅၁၇၀၊ ၀၉ ၇၈၅၁၉၇၄၅၆

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်သက်စံ ၁၂/လမန(နိုင်) ၁၄၈၃၄၉၏ နိုင်ငံကူးလက်မှတ် M-830670 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၃၄၂၆၃၁**




**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပါမည်။

၂။ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာ သီရိ)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၂-၂-၂၀၁၆ရက်မှ ၂၅-၂-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၅-၂-၂၀၁၆ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ ရန်ကုန်ပုံနှိပ်စက်ရုံများမှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့် တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၂-၂-၂၀၁၆ရက်မှ ၂၉-၂-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန် မှာ ၂၉-၂-၂၀၁၆ရက် ညနေ ၄နာရီဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၂-၆၂၉၃၂၊ ၀၆၇- ၄၁၂၂၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

# တစ်သောင်းကျပ်တန်ငွေတုဖော်ထုတ်ရာမှ သေနတ်တစ်လက်ဖမ်းဆီးရမိ

**ဘားအံ ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံ အနောက်ကျေးရွာမှ တာဝန်သိ ပြည်သူတစ်ဦးက တစ်သောင်းကျပ်တန် ငွေစက္ကူအတု ဟု သံသယရှိသဖြင့် သက်ဆိုင်ရာ အိန္ဒြူနယ်မြေရဲစခန်းသို့ ဖေဖော်ဝါရီ ၂၀ ရက်က အကြောင်းကြားရာမှ အိန္ဒြူနယ်မြေရဲစခန်းမှူး ရဲအုပ် ဇော်နိုင်အောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ မှုခင်းတပ်ဖွဲ့စု(၁၀)မှ ရဲအုပ် သန်းထိုက် ဦးစီးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် တစ်သောင်းကျပ်တန် ငွေစက္ကူအရွက် ၂၀ အား အသုံးပြုခဲ့သူများအပါအဝင် ပစ္စတိုသေနတ်တစ်လက်ပါ ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံမြို့နယ် နောင်လုံအနောက် ကျေးရွာတွင် နေထိုင်သူ နန်းညွန့်သိန်းသည် ဘားအံမြို့နယ် အိန္ဒြူစံပြကျေးရွာ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်သည့် အောင်မျိုးထံမှ အကြွေးရရန်ရှိသည့် ငွေကျပ်လေးသိန်းကို အောင်မျိုးက ဆပ်ခိုင်းသည်ဆိုပြီး ဘားအံမြို့နယ် ကျော့ရွာအုပ်စု ကုလားစုကျေးရွာနေ စနေမောင်မောင်(ခ)ဆေးခဲဆိုသူက အကြွေးလာဆပ်ရာတွင် ငွေကျပ်လေးသိန်းအနက် တစ်သောင်း ကျပ်တန် ငွေစက္ကူအရွက် ၂၀ မှာ အတုများဖြစ်နိုင်သည်ဟု သံသယရှိ၍ အိန္ဒြူနယ်မြေရဲစခန်းသို့ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခန့်က လာရောက်အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။





အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စနေမောင်မောင်(ခ)ဆေးခဲ (၂၉နှစ်)အား စုံစမ်းရှာဖွေတွေ့ရှိခဲ့၍ စစ်မေးရာ အောင်မျိုးက နန်းညွန့်သိန်းထံမှ ချေးယူထားသော ငွေကျပ်လေးသိန်းဆပ်ရန်အတွက် ၎င်းတွင် ငွေကျပ်နှစ်သိန်းသာရှိ၍ လိုနေသည့် ငွေကျပ်နှစ်သိန်းအား ချေးပေးရန် အကူအညီတောင်းခံသဖြင့် သူငယ်ချင်းဖြစ်သူ ဘားအံမြို့နယ် ကျော့ရွာနေ ချစ်စမ်းမောင်(ခ)ဗိုက်ရွဲထံမှချေးယူကာ ဆပ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ အောင်မျိုး၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ အောင်မျိုးနှင့်ဇနီးဖြစ်သူတို့မှာ ရှောင်တိမ်းသွားသောကြောင့် နေအိမ်အား သက်သေများရှေ့၌ ရှာဖွေရာ ၉ မမပစ္စတိုသေနတ်တစ်လက် ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲခဲ့သည့် စနေမောင်မောင်(ခ) ဆေးခဲ၊ ချစ်စမ်းမောင် (ခ)ဗိုက်ရွဲတို့ နှစ်ဦးနှင့် ထွက်ပြေးတိမ်းရှောင်သွားသူ အောင်မျိုးနှင့်ဇနီးဖြစ်သူ မသဲအိဖိတို့အား အိန္ဒြူနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# (၂၂)ဘီးကုန်တင်ယာဉ်နှင့် ဒိုင်နာယာဉ်တိုက်မိ ယာဉ်နောက်လိုက်သေဆုံး

**ရေတာရှည် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက် သုံးမိုင်ကျော်ခန့်အကွာရှိ တောင်နန်ချွန်ကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၂၁ ရက်က (၂၂)ဘီး ကုန်တင်ယာဉ်နှင့် ဒိုင်နာယာဉ်ငယ် တို့ တိုက်မိပြီး ဒိုင်နာယာဉ်ပေါ်၌ လိုက်ပါလာသည့် ယာဉ်နောက်လိုက် သေဆုံးသွားခဲ့ပြီး နှစ်ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ဝင်းကျော်ဌေး (ခ)ငပွ(၂၇ နှစ်) အမှတ်(၄)ရပ်ကွက် ရေတာရှည်မြို့နေသူ မောင်းနှင်လာသော (၂၂)ဘီး ကုန်တင်ယာဉ်သည် တောင်နန်ချွန်ကျေးရွာ အနီး မိုင်တိုင်အမှတ် ၁၈၇/၇နှင့် ၁၈၈/၀ အကြားတွင် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဇော်လွင်ဦး(၄၃နှစ်)(၆၁)လမ်း မန္တလေးမြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်၌ ဦးဌေးအောင်(၆၅နှစ်)နှင့် မောင်ဝင်း (၄၃ နှစ်) မဟာအောင်မြေ မန္တလေးမြို့နေသူတို့ စီးနင်းလိုက်ပါလာသည့် ခြောက်ဘီး ဒိုင်နာယာဉ်တို့ တိုက်မိခဲ့ရာ ယာဉ်နောက်လိုက်ဖြစ်သူ မောင်ဝင်းမှာ ရရှိသောဒဏ်ရာဖြင့် နေရာတွင် သေဆုံးပြီး ဇော်လွင်ဦးနှင့် ဦးဌေးအောင်တို့မှာ (မစိုးရိမ်ရ) ဒဏ်ရများရရှိသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကျောက်မဲမြို့တွင် တောမီးမှတစ်ဆင့် အဆောက်အအုံတစ်ခုမီးလောင်

**ကျောက်မဲ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့ ကွဲကုန်းကျေးရွာအုပ်စု နောင်ပိန်လေးကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် ဖေဖော်ဝါရီ ၂၁ ရက်က တောမီးမှတစ်ဆင့် အဆောက်အအုံတစ်ခု မီးလောင်ကျွမ်းခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာအုပ်စု နောင်ပိန်လေးကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း ရွာသူ ရွာသားများအတွက် ကွန်ပျူတာသင်ကြားပေးနေသော မြေစိုက် အဆောက်အအုံတစ်လုံးအား ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က တောမီးမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရွာသူ ရွာသားများနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မြင့်အောင်**

# ကန့်ဘလူမြို့တွင် ဂက်စ်အိုးပေါက်ကွဲမှုဖြစ်ပွား

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်ဘုရားပွဲတော် ပွဲခင်းဈေး၌ ဖေဖော်ဝါရီ ၂၁ ရက် ည ၆ နာရီခွဲခန့်က ဂက်စ်အိုး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါပွဲခင်းဈေး၌ ဝုန်းဆိုသည့် ကျယ်လောင်စွာမြည်သံကြောင့် ပွဲခင်းရှိလူများ ဗုံးပေါက်ကွဲသည်အထင်ဖြင့် ထွက်ပြေးကြကြောင်း၊ အမှန်မှာ ဗုံးပေါက်ကွဲခြင်းမဟုတ်ဘဲ မိုးပျံပူဖောင်းပြုလုပ်သည့် ဂက်စ်အိုး ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုအရှိန်ကြောင့် အနီးရှိ ကုက္ကိုပင်မှ သစ်ကိုင်းများကျိုးကျခဲ့ပြီး ဈေးဆိုင်များ၊ လူများပျက်စီးသေကျေခြင်းမရှိကြောင်း၊ ဈေးရောင်းချနေသည့် ကလေးငယ်(၇ နှစ် ၊ ၈ နှစ်ခန့်) တစ်ဦး အနည်းငယ်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိ၍ မြို့နယ်ခုတင် ၁၀၀ ဆံ့ဆေးရုံသို့ ပို့ဆောင်ပေးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မြိတ်မြို့တွင် နေအိမ်တစ်လုံးမီးလောင်မှု ဖြစ်ပွားရာ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့

**မြိတ် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ပါရမီ(၂)ရပ်ကွက် ကြာညိုလမ်းတွင် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၄ နာရီခန့်က ဒေါ်အေးမြင့်ပိုင်ဆိုင်သော ခြေတိုင်ရှည် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေအိမ်၌ စက်ချုပ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုပြီး မီးပလပ်မဖြုတ်ဘဲထားခဲ့ရာမှ လျှပ်စစ်မီးပူအပူလွန်ကဲပြီး ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ရပ်ကွက်နေပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။ အဆိုပါမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ မီးကိုပေါ့ဆစွာသုံးစွဲသူ အိမ်ပိုင်ရှင်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**


## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ဘားဘူတောင်အုပ်စု၊ ငတန်မျင်းကျေးရွာနေ အဘ ဦးမောင်ကျော်လှ၏သမီး မမြင့်မြင့်စံအား မမြတ်မြတ်စံဟုခေါ်ပါရန်။

မမြတ်မြတ်စံ

## တစ်ဦးတည်းဖြစ်ပါကြောင်း

အဘဦးအေးမောင်၏သား ဦးမောင်သင်နှင့် ဦးသင် [၁၂/သကတ (နိုင်)၁၁၁၀၅၃] သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးမောင်သင်(ခ)ဦးသင်
[၁၂/သကတ (နိုင်)၁၁၁၀၅၃]

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2348, Toyota Landcruiser HDJ 81,S/W(4x4)RHD ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ထွန်း ၁၂/အစန(နိုင်)၁၈၁၃၄၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ၁၉၇၃-၁၉၇၉တိ-မွေး-ကု တက္ကသိုလ်ကျောင်းသား/သူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

၁၉၇၃-၁၉၇၉ ခုနှစ်အတွင်း ရန်ကုန် တိ-မွေး-ကု တက္ကသိုလ်တွင် ပညာသင် ကြားခဲ့ကြသော ကျောင်းသား/သူဟောင်းများ၏'စတုတ္ထအကြိမ်မြောက်မြတ်ဆရာ ပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ'ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြား အပ်ပါသည်။

၁၉၇၃-၁၉၇၉ ရန်ကုန် တိ-မွေး-ကု တက္ကသိုလ် ကျောင်းသား/သူဟောင်းများ

**အစီအစဉ်**

နေ့ရက်- ၂၀၁၆ ခုနှစ်၊ မတ်လ (၆)ရက်၊ တနင်္ဂနွေနေ့။
အချိန်- နံနက် ၁၀ နာရီမှ နေ့လည် ၂ နာရီထိ
နေရာ-တော်ဝင်နှင်းဆီ (သီရိခန်းမ)၊ အမှတ်-၂၂၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနပိုင် အမှတ် ၅၇၉၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ မြေညီထပ်အခန်းအား တစ်နှစ်သက်တမ်း ခြောက်လတစ်ကြိမ် စာချုပ်စနစ်ဖြင့် ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၂-၂၀၁၆ ရက်မှ ၂၉-၂-၂၀၁၆ ရက်အထိ
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၂-၂၀၁၆ ရက် ၁၀း၀၀ နာရီ
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်
(ဃ) **တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်/အချိန်** - ၂၉-၂-၂၀၁၆ ရက် မွန်းတည့် ၁၂း၀၀ နာရီ
(င) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ** - ၂၉-၂-၂၀၁၆ ရက် ၁၃း၀၀ နာရီ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့်အခန်း၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၄၁၀ သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/8522 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ အုတ်ဖြတ်လမ်းနေ ဦးအုန်းငွေ PYU-၀၃၈၂၁၁-ဒေါ်ကြည် PYU-၀၀၃၈၁၅ တို့၏မြေး၊ မယွန်းရွှေရည်ဝင်း ၇/ဖမန(နိုင်)၁၉၇၇၈၂ သည် အဘိုး၊ အဘွား၊ ဦးလေးများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အဘိုး၊ အဘွား၊ ဦးလေးများအပေါ် စိတ်ငြိုငြင်၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ယခုတွင်လည်း ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံမြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များသည် အဘိုး၊ အဘွား၊ ဦးလေးများနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မေးမြန်းစုံစမ်းခြင်း သည်းခံပါ။**

ဦးအုန်းငွေ-ဒေါ်ကြည်
အုတ်ဖြတ်လမ်း၊ ဖြူးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8542 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၃၄၀၇၇၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧက၊ ဦးမြင့်သိန်း အမည်ပေါက် နှစ် ၃၀အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၅၈/၂၀၁၅(၂၄-၁၁-၂၀၁၅)တင်ပြ၍ ဦးသန်းကိုကို ၁၂/လမတ(နိုင်)၀၀၀၇၆၁(ဘ)ဦးလှသန်းက မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရား ဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၃-၂-၂၀၁၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၈း၄၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၉း၃၅ - ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ **(မြန်မာစာဘာသာရပ်)**
၁၀း၃၅ - သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၁း၃၅ - သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့ တရားတော်
၁၃း၅၀ - ဆိုကြမယ်၊ ပျော်ကြမယ်

**ညပိုင်း**

၁၅း၃၅ - ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (အင်္ဂလိပ်စာဘာသာရပ်)
၁၆း၃၅ - Football Magazine (ဧရာဝတီယူနိုက်တက်)
၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
၁၈း၃၅ - ပြည်သူတို့ရဲ့ စကားသံများ
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၉၀)
- Yes or No Talk Show (Love Marriage or Arranged Marriage) (Part-2)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# Southern နှင့် ဟံသာဝတီအသင်းတို့ ဂိုးမရှိသရေကျ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၆ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ်(၇)နောက်ဆုံးပွဲကို ယနေ့ ညနေပိုင်း က သုဝဏ္ဏကွင်း၌ကျင်းပရာ Southern အသင်းနှင့် ဟံသာဝတီ အသင်းတို့ဂိုးမရှိ သရေကျခဲ့သည်။

ဟံသာဝတီအသင်းမှာ နိုင်ပွဲ ပြန်ရရန်အတွက် လူစုံအသုံးပြုခဲ့ပြီး ဒဏ်ရာမှ ပြန်ကောင်းလာသည့် မောင်မောင်လွင်ကို ပွဲထွက်လူစာရင်း တွင် အသုံးပြုခဲ့သည်။ နိုင်ပွဲမရသေးသည့် Southern အသင်းမှာ အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ဟံသာဝတီ အသင်း အသာရခဲ့သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်မဖန်တီးနိုင်ခဲ့ပေ။ တိုက်စစ်တွင် အဓိကကစားသမားများဖြစ်သည့် အီမန်စ်နှင့် ဘမ်ဘာတို့အချိတ်အဆက်လွဲနေ၍ ဟံသာဝတီတိုက်စစ် ထင်တိုင်းမပေါက်ခဲ့ပေ။ ဒုတိယပိုင်းတွင်လည်း ဟံသာဝတီအသင်းက ဖိကစားနိုင်ခဲ့ပြီး ခံစစ်တွင် စုပြုံပိတ်ဆို့နေသည့် Southern နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် Southern အသင်းက ဂိုးရနိုင်သည့်အခွင့်အရေး ပိုရခဲ့ပြီး ဘားထိထွက်ခြင်း၊ ဟံသာဝတီဂိုးသမား ကိုကိုနိုင်ကာကွယ်နိုင်ခဲ့ခြင်းတို့ကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်း ခေါင်းဆောင်အောင်ဇော် အပိုင်ခေါင်းတိုက်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၇) အပြီးတွင် ရတနာပုံအသင်းက ၁၇ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၁၅ မှတ်ဖြင့် ဒုတိယ၊ ဇွဲကပင်အသင်းက ၁၄ မှတ်ဖြင့် တတိယ၊ ဖေယျာ ရွှေမြေနှင့် ဧရာဝတီအသင်းတို့က ၁၂ မှတ်စီ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၁၀ မှတ်၊ မကွေးအသင်းက ကိုးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ရခိုင်အသင်းကခြောက်မှတ်၊ ချင်းယူနိုက်တက်အသင်းက ငါးမှတ်၊ Horizon အသင်းက လေးမှတ်၊ Southern အသင်းက နှစ်မှတ်တို့ ရရှိထားသည်။

**ရဲရင့်ရှိုင်း**

# အက်ဖ်အေဖလားပဉ္စမအဆင့် ချယ်လ်ဆီးတို့ ဂိုးပြတ်အနိုင်ရ



အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၁ ရက် တနင်္ဂနွေနေ့ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးနှင့် မန်စီးတီးတို့ပွဲစဉ်တွင် အိမ်ရှင် ချယ်လ်ဆီးတို့ စတမ်းဖို့ဒ်ကွင်း၌ မန်စီးတီးကို ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

နည်းပြဟစ်ဒင့်ခ်လက်ထက်တွင် ပုံမှန်ခြေစွမ်း ပြန်လည်ရရှိလာသော ချယ်လ်ဆီးအသင်းသည် ယင်းပွဲတွင် ၄-၂-၃-၁ ကစားကွက်ဖြင့် ကော်စတာ၊ ဟာဇတ်၊ ဝီလီယံ၊ ပက်ထရို၊ အိုဘီမီခေး၊ ဖာဘရီဂတ်စ်၊ ဘာဘာ၊ အိုင်ဗန်နိုဗစ်၊ ဂယ်ရီကာဟေးလ်၊ အက်ဇ်ပီလီကျူတာနှင့် ဂိုး-ကော့တွိုက်စ်တို့ ပါဝင်ခဲ့သည်။ ရာသီကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်သော နည်းပြပယ်လီဂရီနီ၏ မန်စီးတီးအသင်းမှာ ၄-၄-၂ ပုံစံဖြင့် လူငယ်ကစားသမားများကို ပွဲထုတ်ကာ ယှဉ်ပြိုင်ခဲ့သည်။

ပွဲချိန် ၃၅ မိနစ်တွင် ဟာဇတ်ဖန်တီးပေးမှုကို တိုက်စစ်မှူး ကော်စတာက ခေါင်းတိုက်သွင်းယူခဲ့ပြီး ချယ်လ်ဆီးတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ၃၇ မိနစ်တွင် တိုက်စစ်မှူး ဒေးဗစ်ဖော်ပါလာက မန်စီးတီးအတွက် တစ်လုံးတည်းသော ချေပဂိုးကိုသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ချယ်လ်ဆီးအတွက် အနိုင်ဂိုးများကို ၄၈ မိနစ်တွင် ဝီလီယံ၊ ၅၃ မိနစ်တွင် ဂယ်ရီကာဟေးလ်၊ ၆၇ မိနစ် ဟာဇတ်၊ ၈၉ မိနစ်တွင် ထရာအိုရေးတို့က သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ချယ်လ်ဆီးအသင်း ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

**သီဟ**

◆ ကျောဖုံးမှ

အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ ရန်ကုန်အသင်းမှာ အုပ်စု (G)တွင် တောင်တရုတ် (ဟောင်ကောင်)၊ မိုဟမ်ဘေဂန် (အိန္ဒိယ)၊ မာဇီယာ (မော်လ်ဒိုက်)၊ ဧရာဝတီအသင်းမှာ ဂျိုဟိုဒါရူးလ် (မလေးရှား)၊ ဘင်ဂါလူရူး (အိန္ဒိယ)၊ လာအိုတိုယိုတာ (လာအို)တို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့မှာ ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် အိမ်ကွင်းပွဲစဉ်များ လက်ခံကျင်းပလျက်ရှိသော်လည်း ယခုပြိုင်ပွဲတွင် သုဝဏ္ဏကွင်းကိုသာ အသုံးပြုသွားမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ ပွဲဦးထွက်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာ အိမ်ကွင်းဖြစ်သည့် သုဝဏ္ဏကွင်း၌ ဟောင်ကောင်ကလပ် တောင်တရုတ်အသင်းနှင့်လည်းကောင်း၊ ဧရာဝတီအသင်းမှာ မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်းနှင့် မလေးရှားနိုင်ငံ၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျိုဟိုဒါရူးလ်အသင်းသည် ပြိုင်ပွဲ၏လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ယင်းအုပ်စုတွင် အင်အားအတောင့်တင်းဆုံးဖြစ်သည်။

ဧရာဝတီအသင်းမှာ ယခုရာသီအစတွင် ရလဒ်များဆိုးရွားခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များ၌ ရလဒ်များပြန်ကောင်းကာ လေးပွဲဆက်အနိုင်ရထားသည်။ နည်းပြချုပ် ဦးကျော်လွင်၊ နည်းစနစ်ဒါရိုက်တာ ဦးမျိုးဝင်းတို့၏ ပြည်တွင်းနည်းပြများ လက်အောက်တွင် တိုးတက်မှုရှိလာခဲ့ပြီး ရှုံး/ထွက်အဆင့်တက်ရောက်ရန် မျှော်မှန်းထားကြောင်း သိရသည်။ ဧရာဝတီအသင်းသည် ဂျိုဟိုဒါရူးလ်အသင်းနှင့် ယှဉ်ပြိုင်ရန် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက မလေးရှားသို့ ထွက်ခွာသွားပြီဖြစ်သည်။ ရန်ကုန်အသင်းမှာ ယခုရာသီတွင် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း အကြိုခြေစစ်ပွဲ ဒုတိယအဆင့်တွင် ထိုင်းပရီမီယာလိဂ်ကလပ် ချောင်ဘူရီအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် AFC Cup ပြိုင်ပွဲတွင် ပြန်လည်ကစားရခြင်းဖြစ်သည်။ သို့သော် ယင်းပွဲတွင် အနီကတ်ဖြင့်ထုတ်ပယ်ခံရသည့် ဇော်မင်းထွန်းနှင့် သန်းထက်အောင်တို့မှာ ပွဲပယ်ခံထားရသောကြောင့် တောင်တရုတ်အသင်းနှင့် ပွဲတွင်ပါဝင်နိုင်မည်မဟုတ်ပေ။ မြန်မာကလပ်အသင်းမှာ AFC Cup ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်ကတည်းက ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့မှာ AFC Cup ပြိုင်ပွဲကို လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး နှစ်သင်းစလုံးအမြင့်ဆုံး ရှုံး/ထွက်အဆင့်သို့ တက်ရောက်ဖူးကြောင်း သိရသည်။

## ဥရောပလိဂ်ဘောလုံးပွဲများ အနိုင်/အရှုံး

### ၂၁/၂၂-၂-၂၀၁၆

**လာလီဂါပွဲစဉ်(၂၅)**

| | | |
|---|---|---|
| မာလာဂါ | ၁-၁ | ရီးရဲ |
| အက်သလက်တီကို | ၀-၀ | ဗီလာရီးရဲ |
| ဘီလ်ဘာအို | ၀-၁ | ဆိုစီဒက် |
| ဂရင်နာဒါ | ၁-၂ | ဗလင် |

**ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၂)**

| | | |
|---|---|---|
| ရှော်လ်ကေး | ၁-၁ | စတုဂတ် |
| လေဗာကူဆင် | ၀-၁ | ဒေါ့မွန် |
| ဟန်နိုဗာ | ၀-၁ | အော့စ်ဘတ် |

**စီးရီးအေ ပွဲစဉ်(၂၆)**

| | | |
|---|---|---|
| ဖရိုဆီနိုနီ | ၀-၀ | လာဇီယို |
| ရိုးမား | ၅-၀ | ပါလာမို |

**လီဂူးပွဲစဉ်(၂၆)**

| | | |
|---|---|---|
| ကိန်း | ၁-၀ | ရင်းနက်စ် |
| လိုင်လီ | ၁-၀ | လိုင်ယွန် |

**အက်ဖ်အေဖလား ပဉ္စမအဆင့်**

| | | |
|---|---|---|
| စပါး | ၀-၁ | ပဲလေ့စ် |


## အိမ်တွင်းအလှဆင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်

1. **Project Manager/Asst: Project Mgr** ကျား (၆)ဦး
   - ME, BE (Civil, EP, MP), Interior Decoration အတွေ့အကြုံ (၃)နှစ်ရှိရမည်။
   - Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Site အများကို Manage လုပ်နိုင်သူဖြစ်ရမည်။
   - High Pressure အောက်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
   - Project/Product Plan အား ကိုယ်တိုင်ရေးသား အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။
   - ခံစားခွင့် ၅ သိန်းမှ ၁၅ သိန်း(ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)
2. **Product Marketing/Product Penetration Manager**
   - အနည်းဆုံး လုပ်သက် (၅)နှစ်။
   - The candidate should have strategic idea and penetration planning idea.
   - Preferrable with relevant education.
   - ခံစားခွင့် ၅ သိန်းမှ သိန်း ၂၀ (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)
3. **Finance Manager**
   - အနည်းဆုံးလုပ်သက် (၃)နှစ်အတွေ့အကြုံရှိသူ။
   - ခံစားခွင့် ၅သိန်းမှ ၁၂ သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)
4. **Contract & Legal Manager**
   - အတွေ့အကြုံ အနည်းဆုံး (၃)နှစ်။
   - Preferrable with relevant education.
   - ခံစားခွင့် ၄သိန်းမှ ၁၀သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)
5. **Market Researcher**
   - Research အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
   - Preferrable product/market research experience with Relevant education
6. **Risk Management & Audit Manager**
   - အတွေ့အကြုံ အနည်းဆုံး (၃)နှစ်။
   - Preferrable with relevant education.
   - ခံစားခွင့် ၄ သိန်းမှ ၁၀ သိန်း(ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)
7. **Area Manager/Product Manager** ကျား/မ (၂၀)ဦး
   - BE (Civil, EP, MP), B.Arch/Interlor Decoration လုပ်ငန်းအတွေ့အကြုံရှိရမည်။
   - မိမိ Group များကို Product များ နိုင်နင်းစွာ ထိန်းကျောင်းစီစဉ် လုပ်ငန်းခွင်အောင်မြင်စွာ ဝင်ပေးနိုင်သူဖြစ်ရမည်။
   - အဆောင်နေနိုင်သူ/နယ်အလှည့်ကျ သွားနိုင်သူဦးစားပေးမည်။
   - ခံစားခွင့် ၃ သိန်းမှ ၁၀ သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)
8. **သင်တန်းကြီးကြပ်ရေးမှူး**
   - အနည်းဆုံး လုပ်သက် (၈)နှစ်။ အဆောင်စီစဉ်ပေးမည်။
   - သင်တန်းများကို အအောင်မြင်ဆုံး ရလဒ်ဖြစ်အောင် စီမံခန့်ခွဲနိုင်သူ။
   - ခံစားခွင့် ၃ သိန်းမှ ၈ သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)
9. **အဆောင်မှူး**
   - အနည်းဆုံး လုပ်သက် (၅)နှစ် ကျားဆောင် စီမံခန့်ခွဲနိုင်သူ။
   - Blue Colar, White Colar အဆောင် ကိုင်တွယ်စီမံဖူးသူ။
   - ခံစားခွင့် ၃ သိန်းမှ ၆ သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)
10. **Chinese Translator** ကျား/မ (၅)ဦး
   - အနည်းဆုံးလုပ်သက် (၁)နှစ်အထက်
   - ကားမောင်းကျွမ်းကျင်သူ ဦးစားပေးမည်။
   - ခံစားခွင့် ၂ သိန်းမှ ၆ သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)
11. **Tele-Marketing**
   - Tele-marketing အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
   - ခံစားခွင့် ၂ သိန်းမှ ၁၀သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)
12. **E-commence**
   - e-commence အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိသူ။
   - ခံစားခွင့် ၂ သိန်းမှ ၁၀သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)
13. **Project Coordination Officer** ကျား/မ (၃)ဦး
   - ရုပ်ရည်ချောမောထင်ရှား၍ စကားပြောအထူးကျွမ်းကျင် သွက်လတ်ချိုသာရမည်။
   - ဘွဲ့ရဖြစ်ရမည်။ English စကားပြော ကျွမ်းကျင်သူ ဦးစားပေးမည်။ ကားမောင်းတတ်သူကို ဦးစားပေးမည်။
   - Model သင်တန်းတက်ဖူးသူ ဦးစားပေးမည်။ စမတ်ကျစွာ ဝတ်စားဆင်ယင်တတ်ရမည်။
   - ခေတ်နှင့်လိုက်လျောညီထွေစွာ နေထိုင်တတ်ရမည်။ အလှစာတ်ပုံပူးတွဲပါရမည်။
   - ခံစားခွင့် ၃ သိန်းမှ ၈ သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်။)
14. **Sale Executive** ကျား/မ (၂၀)ဦး
   - အနည်းဆုံး အရောင်းအတွေ့အကြုံ ၂-၃ နှစ် ရှိရမည်။ စကားပြောကျွမ်းကျင်လိမ္မာသူ။
   - Sale Tele Communication ပိုင်း ကျွမ်းကျင်ရမည်။
   - ရုပ်ရည်ချောမော၍ ဆက်ဆံရေးကောင်းမွန်စွာပြောနိုင်ဆိုနိုင်ရှိရမည်။
   - သင်တန်းတက်ရောက်စေ၍ အောင်မြင်သူကိုသာ ခန့်ထားပါမည်။
   - ခံစားခွင့် ၁.၅ သိန်းမှ ၈ သိန်း (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)

အမှတ် (၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံဘေး၊ ဆေးရုံမှတ်တိုင် cv.reserve@gmail.com Email နှင့်လည်းပေးပို့နိုင်ပါသည်။ (သို့မဟုတ်) နယ်တွင်နေထိုင်သူများစာတိုက်၊ လူကြုံဖြင့် ပေးပို့နိုင်ပါသည်။ (သို့မဟုတ်) နယ်သမားများ၊ မေးမြန်းစုံစမ်းလိုလျှင် ဖုန်း-၀၉-၇၉၅၈၉၉၉၅၈၊ ၀၉-၂၅၄၃၂၂၅၀၈သို့ (ရုံးချိန် နံနက် ၈း၃၀မှ ညနေ ၄း၃၀ နာရီ)အတွင်း ဖုန်းဆက်ပါ။

**မှတ်ချက်။ ။** နယ်မှ လာသူများအားလုံးအတွက် အဆောင်စီစဉ်ပေးပါမည်။ ဆေးအောင်မှ အဆောင်တွင် နေထိုင်ခွင့်ပေးပါမည်။

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁)၊ ပဉ္စမတန်း(D)မှ မောင်ဝင်းထက်၏ ဖခင်အမည်မှန်မှာ ဦးတင်မိုးအောင် ၈/ရစက(နိုင်)၂၀၇၅၁၄ ဖြစ်ပါသည်။

**ဦးတင်မိုးအောင် ၈/ရစက(နိုင်)၂၀၇၅၁၄**

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

## 7Stars (ရာထူးဝင်သင်တန်းကြီး)

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ခေါ်ယူသော
☆ အငယ်တန်းစာရေး ၄၃၀ နေရာ (တက္ကသိုလ်တစ်ခုခုမှဘွဲ့)
☆ ရုံးအကူ / စာပို့ ၇၀ နေရာ (အခြေခံပညာအထက်တန်းအောင်)
အပြည့်စုံဆုံးမှတ်စုများကို ရောင်းချပေးနေပါပြီ။ နယ်သို့ပို့ပေးသည်။
တိုက်(18 / 3B)၊ သမြေပြည့်ကွန်ဒို(၁)၊ ဦးထွန်းလင်းချီလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09.789107733, 09.799860155, 09421052736, 09.780080052

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်းသွယ်၊ အမှတ် (၁၀၄)၊ အခန်း(၃/၄)၊ မြေညီထပ်၊ တစ်ခန်းလျှင်အကျယ်အဝန်းပေ (၁၅×၅၅) ရှိ နှစ်ခန်းတွဲတိုက်ခန်း စုစုပေါင်းအကျယ်အဝန်းပေ(၃၀×၅၅)ရှိ တိုက်ခန်းနှစ်ခန်းနှင့် ယင်းတိုက်ခန်းများ၌ ဆွဲကပ်တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိသူ ဦးသီဟလင်း ၈/ပခက(နိုင်)၁၅၂၉၆၂သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိပြီး ကန့်ကွက်ရန်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်ပါက ကန့်ကွက်သူမရှိ ဟုသတ်မှတ်ပြီး အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဟန် B.A(Law),LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(၄၅၄၆/၈၈)**
**အမှတ်(၂၈)၊ အခန်း(၄)၊ သုံး-လွှာ၊ ၄၀လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉-၅၁၅၃၂၉၃**

# လူငယ်နှင့် အပြုသဘောစိတ်ထား

**ချစ်နိုင်(စိတ်ပညာ)**

**ပြဿနာအားလုံးကို အောင်မြင်စွာဖြေရှင်းနည်း၏ အခြေခံအုတ်မြစ်မှာ အပြုသဘောစိတ်ထား မွေးမြူခြင်းဖြစ်ပါသည်။ ရင်ဆိုင်ဖြေရှင်းနေရသော အခြေအနေတစ်ရပ်ကိုရှုမြင်ရာတွင် အပျက်သဘောစိတ်မမွေးဘဲ အပြုသဘောစိတ်မွေးမြူခြင်းဖြင့် နည်းလမ်းကောင်းများကို အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ပါသည်။**

## တုံ့ပြန်ကြပုံမတူ

နေ့စဉ်နှင့်အမျှ အမှုကိစ္စအဝဝကို အဆက်မပြတ်ကြုံတွေ့ဖြတ်သန်းနေကြသော လူများတွင် အချို့က ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင်၊ အချို့က ညစ်ညူးမှိုင်းပျ၊ စိတ်ဓာတ်ကျလျက်၊ အချို့က ဆူပူမာန်မဲ ခက်ထန်ရန်လိုစွာ၊ တုံ့ပြန်ပုံအခြေအနေချင်း မတူညီကြပါ။ စာဖတ်သူလည်း သတိပြုမိပါလိမ့်မည်။ နေ့စဉ်မြင်တွေ့ကြရသည်။

ဤကဲ့သို့ အပြုအမူ ကွဲပြားခြားနားရခြင်းကား အမှုကိစ္စတစ်ခုအပေါ် ရှုမြင်ပုံချင်း မတူညီကြသဖြင့် ဖြစ်ပါသည်။ သူလည်း အလုပ်များပါလျက်၊ ကိုယ်လည်း အလုပ်များပါလျက်၊ အဘယ်ကြောင့်၊ သူရောကိုယ်ပါ ရှုပ်ထွေးစုပုံနေသော ပြဿနာမျိုးစုံအခြေအနေကို မျက်မှောက်ပြုနေကြရပါလျက်၊ အပြုံးမပျက် မိမိက ဖြေရှင်းနေစဉ်မှာ သူကတော့ "အကျပ်အတည်း" "အခက်အခဲ"၊ "အတားအဆီး" "အသေပိတ်ဆို့ထားသော တံခါး" အစရှိသော စကားလုံးများ အသုံးပြုလျက် ညည်းညူအော်ဟစ်နေပါသနည်း။

အကျပ်အတည်းဟူသော ဝေါဟာရကိုပင် မကျေနပ်သံဖြင့် ထပ်ခါထပ်ခါရေရွတ်နေခဲ့ခြင်းကြောင့် ဘာမှတော့ တိုးတက်မလာရှာပေ။

## အဖြေရှိစမြဲပါ

အသာတကြည်ရင်ဆိုင်လျှင် အခြေအနေတစ်ရပ်သည် ပြောင်းလဲသွားမှာပဲဖြစ်၏။ မေးခွန်းတိုင်းမှာ အဖြေရှိ၏။ ပြဿနာတိုင်းမှာ ဖြေရှင်းသော နည်းလမ်းရှိ၏။ အသွားရှိလျှင် အပြန်ရှိ၏။ အတားအဆီးရှိလျှင် ဖြတ်ကျော်နည်းလည်းရှိရမည်ပင်။ ချက်ချင်းမရလျှင် အချိန်ယူစောင့်ဆိုင်းပြီး ရှာဖွေရုံပါပဲ။ အခြေအနေကို ပကတိအရှိတရားအတိုင်း မှန်ကန်စွာ ရှုမြင်နိုင်စွမ်းရှိရန်သာလိုအပ်၏။ သူတစ်ပါးကို အပြစ်ဖို့ငြူစူနေစရာမလိုပါပေ။

ပြဿနာအားလုံးကို အောင်မြင်စွာ ဖြေရှင်းနည်း၏ အခြေခံအုတ်မြစ်မှာ **"အပြုသဘောစိတ်ထား"** မွေးမြူခြင်းဖြစ်ပါသည်။

ရင်ဆိုင်ဖြေရှင်းနေရသော အခြေအနေတစ်ရပ်ကို ရှုမြင်ရာတွင် အပျက်သဘောစိတ်မမွေးဘဲ အပြုသဘောစိတ်မွေးမြူခြင်းဖြင့် နည်းလမ်းကောင်းများကို အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ပါသည်။ ရှေ့လူက ပြဿနာတွေချန်ထားခဲ့သည်။ အရင်လူက အမှိုက်ပုံတွေလွှဲပေးခဲ့သည်။ ထိုသူများက ထောင်ချောက်မိုင်းတွေ ဆင်ထားရစ်ခဲ့သည် စသည့်အဆိုးအမြင်၊ အဖျက်မြင်သဘောထားမျိုးသည် ကောင်းကျိုးမပြု။ ကောင်းကျိုးလုံးဝမပြု။ အပြုသဘောစိတ်မွေးမြူထားပါမှ စိတ်ကိုကြည်လင်ပျော်ရွှင်စေသည့်အပြင် မိမိလိုလားသော ပန်းတိုင်သို့ ချောမောစွာ ရောက်ရှိအောင်မြင်နိုင်ပေမည်။ အောင်မြင်ရေးသော့ချက်များသည် သဘောထားအမြင် Out look အပေါ်တွင် အခြေပြုပါသည်။

## ဖန်ခွက်ထဲရှိရေတစ်ဝက်

ရိုးရှင်းစွာဖော်ပြရလျှင် ဖန်ခွက်ထဲမှာ ရေတစ်ဝက်ရှိနေသော အခြေအနေကို လူနှစ်ယောက် တစ်မျိုးစီ ရှုမြင်ပုံသာဓကအတိုင်းပင်။ တစ်ယောက်က "ဟာ ရေတစ်ဝက်ပဲ ကျန်တော့တယ်ကွာ၊ တစ်ဝက်တောင် ကုန်သွားပြီ။ ဒုက္ခပဲ" ဟုဆို၏။ သူ့ရှုထောင့်ကို အဆိုးမြင်ဟုဆိုကြ၏။ "ဟော့ ကံကောင်းတယ်ဟေ့၊ ဖန်ခွက်ထဲမှာ ရေတစ်ဝက်တောင် ရှိနေပါသေးတယ်ကွ" ဟု ပြောသူကို အကောင်းမြင်စိတ်ရှိသူဟု သတ်မှတ်ကြ၏။ အဆိုးမြင်သမားက စိတ်ပျက်စိတ်ညစ်ရပြီး အကောင်းမြင်သမားကား အားတက်ပျော်ရွှင်နေလေသည်။ တူညီသော အခြေအနေတစ်ခုမှာပင် အမြင်မတူကြပေ။ အပြုစိတ်ထားရှိသူမှာ ပိုပြီးအားသာချက်ရှိလေသည်။

စိတ်ဓာတ်ကျစရာ မစဉ်းစားသင့်။

စိတ်ပျက်စရာ မတွေးနှင့်။

စိတ်ညစ်စရာရှာဖွေ တွေးတောမနေနှင့်။

အလိုမကျ၊ မကျေမနပ်ဖြစ်မနေနှင့်။

အရာရာကို အပြုသဘောစိတ်ထားဖြင့်

ရှုမြင်ချဉ်းကပ်မှသာ အကောင်းဆုံးအဖြေကို ရနိုင်သည်။

## သာဓကနှစ်ခု

ပြဇာတ်တိုကဲ့သို့ သဘာဝနှစ်ခုကို သာဓကပြုသောဖြစ်ရပ်ကို တင်ပြချင်ပါသေး၏။

အိမ်ထောင်စုတစ်ခုတွင် လူငယ်တစ်ဦးသည် ထမင်းစားပွဲအစွန်းပေါ်၌ တင်ထားသော ဖန်ခွက်ကို မတော်တဆ လက်နှင့်တိုက်မိသွား၏။ ဖန်ခွက်ကကြမ်းပြင်ပေါ်သို့ကျပြီးကွဲသွား၏။ သူကလည်း အလောတကြီးနှင့် အပြေးအလွှားရှိနေခဲ့မိ၏။

"ဒီဖန်ခွက်ကို စားပွဲအစွန်းပေါ် ဘယ်သူတင်ထားတာလဲ။ အစွန်းနားမှာ တင်ထားတော့ကျတာပေါ့။ ကျတော့ကွဲတာပေါ့။ မမကသူ့နေရာနဲ့သူမှမထားဘဲ"။

"အောင်မယ်၊ နင်ကပြာလောင်ပြာလောင်လုပ်လို့ ကျကွဲတာကို။ နင့်အပြစ်ကို ဘာသူများဆီလွှဲချနေတာလဲ။ မေမေဆေးသောက်ဖို့ရေခပ်သောက်ပြီး တင်ထားတာဟေ့။ ငါ့ကို အပြစ်လာတင်မနေနဲ့။ ဖန်ခွက်အကွဲစတွေ နင်ပဲ ကောက်လိုက်"

"အဲဒါ နင်တို့အဖေရဲ့ အပြစ်ပဲ။ စတီးခွက်ဖြစ်ဖြစ်၊ နီးခွက်ဖြစ်ဖြစ် ဝယ်ခဲ့ပါလို့ ငါပြောတာကြာလှပြီ။ ဖန်ခွက်တွေဝယ်ထားတော့ အလွယ်တကူကွဲတာပေါ့။ ကျုပ်ပြောတာကို နားမှမထောင်ဘဲ။

## ရန်ပွဲမစဲ

"ဟော့. . . မိန်းမ၊ မဆီမဆိုင် ငါ့ဒေါသဖြစ်အောင် လာပြောမနေနဲ့။ နင်အသုံးမကျလို့ဖန်ခွက် ကျကွဲရတာ မဟုတ်လား။ ဆေးသောက်ဖို့ရေသောက်ပြီးရင် ဖန်ခွက်ကို ဖန်ခွက်နေရာ ပြန်ထားပါလား။ နင်က စည်းကမ်းမှ မရှိဘဲ။ ဘာမဆို သူ့နေရာနဲ့သူ ချက်ချင်းပြန်ထားရမယ်လို့ ငါအမြဲပြောနေတာပဲမဟုတ်လား။ အလကား မိန်းမ"

ဒေါသနဲ့ အော်ဟစ်ဆူပူရန်ဖြစ်။

လင်မယားချင်းလည်း စကားများ။

မောင်နှမချင်းလည်း အပြစ်တင်။

ပျော်ရွှင်စရာမကောင်းဘဲ နေ့စဉ်နေ့တိုင်း ဆူညံပြီး ရန်ဖြစ်သံတွေပဲ ကြားနေရတဲ့မိသားစုဟာ အခြေခံ အကြောင်းအရင်းက ဘာလဲ။

အခြားမိသားစု၊ သူတို့ရဲ့ အိမ်နီးချင်းအိမ်တစ်အိမ်က မိသားစုမှာ အလားတူ အဖြစ်အပျက် ဖန်ခွက်ကျကွဲခြင်းဖြစ်ရပ် အတူတူပဲဖြစ်ပြန်ပြီဆိုပါစို့။

"မေမေရေ၊ သားပျာယီးပျာယာလုပ်မိလို့ ဖန်ခွက်ကျသွားပြီ။ ကွဲသွားတယ်။ ကျွန်တော် သတိမထားမိလို့ ဖြစ်တာပါ။ တောင်းပန်ပါတယ်။"

## အပြစ်ဝန်ခံ

"ရတယ်၊ ရတယ်မောင်လေး၊ သွားစရာရှိတာသွား။ အချိန်နောက်မကျစေနဲ့။ ဖန်ခွက်အကွဲအစတွေကို မမကောက်ပြီး ရှင်းလိုက်ပါ့မယ်"

"ကျေးဇူးပဲနော်မမ။ နောက်နောင် အခုလို မတော်တဆမဖြစ်ရအောင် မောင်လေး ပြုပြင်ပါ့မယ်"

"သားအပြစ်မဟုတ်ပါဘူးကွယ်။ မေမေ အစွန်အဖျား နေရာတင်ထားမိတာပါ။ ဆေးတစ်မျိုးသောက်ပြီး နောက်ထပ်ဆေးတစ်မျိုးသောက်ရဦးမှာ သတိရလာလို့ သွားယူနေမိတာကွယ်။ မေမေ့အပြစ်ပါပဲ။ နောင်ကို ဖန်ခွက်မကွဲစေရအောင် သတိထားပါ့မယ်"

"အေး တကယ်တော့ ဖေဖေ့အပြစ်ပဲဟေ့။ ငါ့ကိုယ်တိုင်က မေ့လျော့တာကွဲ့။ သမီးတို့သားတို့ မေမေက စတီးခွက်ဖြစ်ဖြစ်၊ နီးခွက်ဖြစ်ဖြစ် မကွဲနိုင်တာမျိုး ဝယ်လာပေးဖို့မှာနေတာကြာပြီဟ။ နောင်ကျရင် ဖန်ခွက်အစား ရေခွက်ကို နီးခွက်လေးထားပေးမယ်"

## သည်းခံခွင့်လွှတ်

ဤမိသားစုမှာ အပြုံးမပျက်။

ဖန်ခွက်တစ်လုံး ကျကွဲခြင်းဖြင့် ချစ်ခြင်းမပျက်။ မိမိအပြစ်ကို မိမိဝန်ခံလျက် အပြုသဘောစိတ်ထားဖြင့် မိမိတို့ပြုပြင်ရန် လိုအပ်လာသောအချက်ကိုသာ စဉ်းစားသုံးသပ်ကြ၏။ သူတစ်ပါးကို လက်ညှိုးထိုး အပြစ်မဆိုပေ။ ပျော်ရွှင်ချစ်ခင်စွာပဲ အပြန်အလှန် ဆက်ဆံကြ၏။ မိသားစုစည်းလုံးညီညွတ်မှုခိုင်မြဲ၏။ သာယာချမ်းမြေ့သောအိမ်ထောင်စုဖြစ်၏။

အပျက်သဘောစဉ်းစားတွေးတောသော မိသားစုနှင့် တုံ့ပြန်ပုံချင်းမကွာခြားပေလော။

## မီဒီယာများ

လောကကို စိတ်ကဦးဆောင်သည်ဟု ဆိုလေ့ရှိကြ၏။ စိတ်သာရှင်စောဘုရားဟောဟု ပြောကြ၏။ စိတ်နေသဘောထား Attitude ၏ အရေးပါပုံကို အလေးအနက် ဖော်ညွှန်းကြခြင်းဖြစ်ပါသည်။ ပြည်သူလူထု၏ နားမျက်စိသဖွယ် ဖြစ်ကြသောသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်စသည့် ပုံနှိပ်မီဒီယာများ၊ တီဗွီ၊ ရုပ်သံ၊ အသံလွှင့်လိုင်းများတွင် တာဝန်ထမ်းဆောင်နေကြသော အီလက်ထရွန်နစ် မီဒီယာသမားများတွင် အပြုသဘောစိတ်ထားအမှန်ပင်လိုအပ်နေကြောင်း တွေ့မြင်နေရပါသည်။

ဥပဒေပြုရေးမဏ္ဍိုင်လွှတ်တော်များအားလုံးအသစ်စက်စက်ပြောင်းလဲလာကြပြီ။ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များ၊ အပြုသဘောအတွေးအမြင်ရှိကြစေရန် စတုတ္ထမဏ္ဍိုင်က ကူညီအားဖြည့်ကြရမည်။ နားမခံသာဖွယ်ကောင်းသော စူးရှခါးသီးလှသည့် စကားလုံးများဖြင့် ပစ်ပေါက်ပြီး တပည့်တစ်ယောက်ကို ဒေါသကြီးသည့် ဆရာတစ်ယောက်က အော်ငေါက်ဆူပူသလို ရေးသားနေကြဦးမည်လော။ မဲ့ကာရွဲ့ကာ ငြူစူစွာဖြင့် အပြစ်ရှာနေကြဦးမည်လော။

## အပြောမတတ်တော့

အုပ်ချုပ်ရေးအာဏာပိုင်ရလာသည့် မဏ္ဍိုင်တစ်ခုနေရာရှိ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ မကြာမီကာလတွင် အသစ်ဖွဲ့စည်းကြတော့မည်။ ယခင်ကလိုပင် အပြစ်ရှာအပြစ်ပြော၊ ဆဲဆိုပုတ်ခတ်၊ ရှုတ်ချ၊ တိုက်ခိုက်ကာ စတုတ္ထမဏ္ဍိုင်ကျင့်ဝတ်နှင့် မလျော်ညီသော တစ်ဖက်သတ်ကြီး ဘက်လိုက်ရေးသားပြောဆိုမှုတွေပြုနေဦးမည်လား။ ကြည်ကြည်သာသာ ပြုံးပြုံးရွှင်ရွှင်နှင့် လက်ခံလိုက်နာချင်အောင် ဆွဲဆောင်ရေးသားကြလျှင် ပိုမိုအောင်မြင်အဆင်ပြေမည် မဟုတ်ပါလော။ အပြုသဘောစိတ်ထားကို စာနယ်ဇင်းသမားများက ဦးစွာပထမပြသသင့်ကြသည် မဟုတ်လော။

တရားစီရင်ရေးမဏ္ဍိုင်ကို ဝေဖန်ထောက်ပြလိုလျှင်လည်း စာနယ်ဇင်းသမားများသည် ကျီးကန်းတွေလို ဝိုင်းအာနေခြင်းဖြင့် စာဖတ်ပရိသတ်၏ လေးစားထောက်ခံမှုကို မရနိုင်ပေ။ ထောင်နှုတ်ခမ်းကို နင်းပြီး ခွေးတစ်ကောင်လို ဟောင်နေ၍လည်း မည်သူမှ ထကြည့်မည်မဟုတ်ချေ။ အချို့သော ပြည်ပစာနယ်ဇင်း သင်တန်းဆရာများက သတင်းစာဆရာဆိုသည်မှာ ခွေးကဲ့သို့ ဟောင်နေရမည်ဟု သင်ပြပို့ချနေကြလေသည်။ လူတွေက ဆူဆူညံညံ ခွေးဟောင်သံတွေကို အတော်ပင်စိတ်ကုန် နားကလောနေခဲ့ကြပေပြီ။ တော်လောက်ပြီဟုထင်၏။ အပြုသဘောပါသော သဘောထား၊ အကြံကောင်းဉာဏ်ကောင်း၊ အကြံသစ်ဉာဏ်သစ်တွေကိုပဲ တောင့်တမျှော်လင့်နေကြ၏။ စိတ်ကောင်းစေတနာကောင်း သတင်းစာဆရာ လူငယ်များကို ကြိုဆိုနေကြပါ၏။

## ပရော်ဖက်ရှင်နယ်ပီသပါစေ

အခြေအနေအရပ်ရပ်က အသစ်ဖြစ်နေပြီ။ စိန်ခေါ်မှုများကလည်း အသစ်ဖြစ်ပေမည်။ ရှုမြင်ပုံ၊ ချဉ်းကပ်ပုံ၊ သဘောထားလည်းအသစ်အဖြစ် ပြုပြင်ပြောင်းလဲချိန်တန်ပေပြီ။ အပျက်သဘောထားဝတ်ရုံနက် အဟောင်းအဆွေးများကို ယနေ့ချွတ်ချထားရစ်ခဲ့ရပါမည်။ ပုပ်စော်နံစော်ဟောင်နေပါပြီ။ အခြေအနေမှန်ကိုသိပါ။ နက်ဖြန်နံနက်မှစ၍ အပြုသဘော စိတ်ထားဖြင့် နိုင်ငံကောင်းကျိုး၊ လူမျိုးတိုးတက်ရေး၊ ပြည်သူများ၊ ဝန်ထမ်းများ၊ ဆင်းရဲချမ်းသာနိုင်ငံသားအားလုံး ပျော်ရွှင်အားသစ်အောင် စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းဆရာများက တာဝန်ကျေစွာဦးဆောင် လုပ်ဆောင်ပြကြစေလိုပါသည်။

အထူးသဖြင့် လူငယ်သတင်းစာဆရာများ အပြုသဘောစိတ်ထား ပြည့်ဝကြပါမှ တိုင်းပြည်လည်း လှမည်။ မိမိတို့ဘဝလည်း အမှန်တကယ် ပြုပြင်ပြောင်းလဲပြီး တိုးတက်မည်။ အပြုသဘောစိတ်ထားမျိုးကို မွေးခြင်းအားဖြင့် ဆိုးစရာမရှိ၊ ကောင်းကျိုးအဖြာဖြာကိုသာ မုချခံစားရမှုဖြစ်ပါ၏။ စိတ်ကောင်းမွေးက ကောင်းကျိုးရမှာ ဘာများဆန်းပါသနည်း။

## ဆက်ဆံရေး

သူတစ်ပါးအပေါ်တွင် အပြုသဘောစိတ်ထားဖြင့် ဆက်ဆံပုံသည် မိမိဘဝ၏ အောင်မြင်ရေးအတွက် အလွန်တရာပင် အရေးကြီးပါသည်။ ဆက်ဆံပုံနေရာမကျသော အုပ်ချုပ်ရေးထက် အကြီးအကဲတို့လက်အောက်တွင် ဝန်ထမ်းတို့သည် များစွာစိတ်ဆင်းရဲခဲ့ကြရသည်။ တမင်နှိပ်စက် ကလူပြုမူခြင်းမဟုတ်သော်လည်း ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံမိခဲ့ကြသည်။ ထိုအခါ ဝန်ထမ်းများကလည်း ခေါင်းမာပုန်ကန်ပြီး ဆန္ဒမဲပေးခွင့်အခွင့်အရေးရသောအခါ အားလုံးကို ရှုံးနိမ့်သွားအောင် ငြင်းပယ်လိုက်ကြလေတော့သည်။ အမတ်လောင်းများ ချောင်ကျမကျ။

လူများအပေါ်တွင် ဂရုစိုက်ကြင်ကြင်နာနာသာ ဆောင်ရွက်ခဲ့လျှင် သူတို့ကလည်း ရေရှည်လေးစားနေမှာဖြစ်၏။ သူတို့ကို ပွဲ့ဖက်ပြီး ဘယ်လောက်တော်သည်၊ ဘယ်လောက်ထူးချွန်သည်ဟု ချီးကျူး အသိအမှတ်ပြုစကားကိုသာ ပြောခဲ့ပါလား။ အမှန်တကယ်ပင် ထူးထူးချွန်ချွန် ထက်ထက်မြက်မြက် အလုပ်လုပ်ပေးကြမှာပဲဖြစ်၏။ အပြုသဘောစိတ်ထား၏ ကောင်းကျိုးရလဒ်များကား ရေတွက်၍ မကုန်နိုင်ပါ။ လက်တွေ့ကျင့်သုံးကြည့်ပါဟုသာ မေတ္တာရပ်ခံလိုက်ပါရစေ။

**စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့တွင် ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မွေးကင်းစမှအသက် ငါးနှစ်အောက်ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးနေစဉ်။**
ဦးငယ်(ဆားလင်းကြီး)



## လောကဥဒ္ဒေါင်ဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**လက်ပံတန်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်ရှိ မြို့ကျက်သရေဆောင် လောကဥဒ္ဒေါင်မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၁၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အား ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ဗုဒ္ဓမြတ်စွယ်တော်အား အာရုံခံတန်ဆောင်း၌ အပူဇော်ခံထားရှိကာ မြို့တွင်းသို့ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ လှည့်လည်ကြွချီအပူဇော်ခံမည်ဖြစ်ရာ အဝေးရောက် မြို့သူ မြို့သားများအနေဖြင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဖုန်း-၀၉ -၂၅၀၄၁၅၁၆၆၊ ၀၉ -၄၂၃၆၈၄၃၀၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၉၈)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ထားဝယ်အသင်း(မော်လမြိုင်)က ကြီးမှူး၍ (၃၂) ကြိမ်မြောက်အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် အသက် (၇၅နှစ်) အထက် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် ရွှေမြင့်မိုလ်ထွန်း ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အသက် (၇၅နှစ်)အထက် အဘိုးအဘွား ၁၇ ဦးကို ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့စဉ်။

ကျော်သန်း(မော်လမြိုင်)



# နမ့်ဆန်မြို့ တည်ဆောက်ရေးလုပ်ငန်းများ ပွင့်လင်းရာသီအမီ စတင်နိုင်ရန်ဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့အား မိုးမကျမီ ပွင့်လင်းရာသီ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ စတင်နိုင်ရန် မီးလောင်ပြင်သန့်ရှင်းရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မီးလောင်ပြင်မှ လောင်စာနှင့် စွန့်ပစ်ပစ္စည်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီလူမှုရေး အသင်းအဖွဲ့များနှင့် ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နောင်ချို၊ နမ္မတူ မြို့နယ်များမှ အဖွဲ့အစည်းများ အပြင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန (ရုံးခွဲ) လားရှိုးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းဦး ဦးဆောင်၍ သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့် ကြီးကြပ်သော ဝန်ထမ်း ၃၂ ဦးတို့က အုပ်ချုပ်မှုယာဉ်၊ အမှိုက်သိမ်းယာဉ်များဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ သန့်ရှင်းရေးပြုလုပ်ကာ မြို့ဧရိယာပြင်ပသို့ သွားရောက်စွန့်ပစ်ပေးကြသည်။

နမ့်ဆန်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် မြို့ကွက်ရိုက်နေရာချလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ရန် မီးလောင်ပြင်သန့်ရှင်းရေးလုပ်ငန်းများကို တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြရာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ကော့သောင်းမြို့ အောင်ဘာစံပြကျေးရွာ တိုက်နယ်ဆေးရုံအဆောက်အအုံသစ်ဖွင့်

**ကော့သောင်း ဖေဖော်ဝါရီ ၂၂**

ကော့သောင်းမြို့နယ် အောင်ဘာစံပြကျေးရွာ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါဆေးရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျေးလက်ပြည်သူများတက်ရောက်ကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား အေးရိပ်စံဆောက်လုပ်ရေးကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးတည်ကြည်ဦးက ကော့သောင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လူနာများအား အားပေးစကားပြောကြားခဲ့သည်။

အဆိုပါ တိုက်နယ်ဆေးရုံ အဆောက်အအုံကို ကျေးလက်ပြည်သူများ ကျန်းမာရေးကိစ္စ လွယ်ကူအဆင်ပြေစေရေး ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၅၆၂၄ သိန်း သုံးစွဲကာ အေးရိပ်စံ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ပြန်/ဆက်)**

# ဈေးကွက်ဝင်နနွင်းတက်များ ယခင်နှစ်များထက်ဈေးကောင်းရရှိ

**လိပ်သို ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများတွင်စိုက်ပျိုးသော နနွင်းတက်များ ယခင်နှစ်များထက် ဈေးကောင်းရရှိလျက်ရှိကြောင်း သိရသည်။

လိပ်သိုမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသော နနွင်းတက်များအား ဈေးကွက်ဝင်ရောင်းချရာတွင် မြေအောက်မှ တူးဖော်သန့်စင်ထားပြီးသား နနွင်းတက်များအား ရေနွေးပြုတ် အခြောက်လှန်းပြီးသား တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ နှင့် အဆိုပါ အခြောက်နနွင်းတက်များအား အမှုန့်ကြိတ်ရောင်းချဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ခန့်ရရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ် နနွင်းတက်ဈေးနှုန်းနှင့် အမှုန့်ဈေးနှုန်းများသည် ယခင်နှစ်များထက် ပိုမိုရရှိသဖြင့် နနွင်းစိုက်ဒေသခံများ အနေဖြင့် ဝင်ငွေပိုမိုရရှိရေးအတွက် တိုးချဲ့စိုက်ပျိုးနိုင်ရေးကို အာရုံထားလျက်ရှိကြောင်း သိရသည်။

**နွယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးပြတိုက် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ တတိယပတ်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီ အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း) က အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က ငွေစာရင်းရှင်းတမ်းကို ကဏ္ဍအလိုက်ဖတ်ကြားခြင်းလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြို့နယ်များ၌ ပိုလီယိုဆေးတိုက်ကျွေး

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့တွင် မွေးကင်းစအရွယ်မှ ငါးနှစ်အောက် ကလေးများအား အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာလှိုင်နှင့် တာဝန်ရှိသူတို့က မွေးကင်းစအရွယ်မှ ငါးနှစ်အောက် ကလေးများကို ကာကွယ်ဆေးတိုက်ကျွေးပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**ပဲခူး**

ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်တွင် မွေးကင်းစ ငါးနှစ်အရွယ် ကလေးငယ်တိုင်း ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ ရက်က ရပ်ကွက်အုပ်ချုပ်ရေးရုံး၌ တိုက်ကျွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မွေးကင်းစမှ ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့်ဝန်ကြီးများက မွေးကင်းစမှ ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ယင်းမာပင်မြို့(ခ)ရပ်ကွက်တွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ဆေးတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

**အလုံ**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

**ဗိုလ်တထောင်**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်တွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်ကကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက မွေးကင်းစမှ အသက်ငါးနှစ်ကလေးသူငယ် စုစုပေါင်း ၁၉၉၇ ဦးအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

**တာမွေ**

တာမွေမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် ဖေဖော်ဝါရီ ၂၀ ရက်က အမျိုးသားကာကွယ်ဆေးတိုက်ကျွေးသည့် အခမ်းအနားကို ကျင်းပရာ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာ ဒေါ်မိမိတင်နှင့် တာဝန်ရှိသူတို့က မွေးကင်းစမှ ငါးနှစ်အောက် ကလေးများအား အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**လှလှ**

**လှိုင်လင်**

လှိုင်လင်မြို့နယ် ကျန်းမာရေးဦးစီးဌာန မှ အသက် ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က သတ်မှတ်စုရပ်များတွင် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

**မြန်အောင်**

မြန်အောင်မြို့နယ်အတွင်း၌ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ် ၁၆၀၄၃ ဦးကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ စုရပ် ၂၅၃ စုတွင် ဆေးတိုက်ကျွေးအဖွဲ့ ၅၇ ဖွဲ့ဖြင့် တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။


**ဝင်းဗိုလ် (ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၁)ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးငယ်များကို ဖေဖော်ဝါရီ ၂၀ ရက်က အောင်ချမ်းသာဓမ္မာရုံ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကျင်းပမည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ဆက်သွယ်သောလမ်း၌တည်ရှိသည့် ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၅၃ )ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မတ် ၈ ရက် ညနေ ၄ နာရီတွင် တိုင်းဒေသကြီး လှိုင်၊ ကမာရွတ်၊ အင်းစိန်၊ မရမ်းကုန်းမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၂၀၀ မှ ပင့်သံဃာ အပါး ၂၀၀ ကို ပင့်ဖိတ်၍ စာရေးတံမဲပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ နေ့ညအသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလှည့်ကျ ဂေါပကအဖွဲ့ဝင်များ၏ စေတီတော်ဘက်စုံပြုပြင်ထိန်းသိမ်းမှုကြောင့် ပင်မစေတီ၊ အရံစေတီ ၁၀၇ ဆူ လုံးတော်ပြည့် ရွှေသက်န်းကပ်လှူပြီး မုခ်လေးမုခ် စောင်းတန်းကြီးလေးခု တည်ဆောက်ကာ ရဟန်းသံဃာအပါး ၆၀၊ သံဝေဇနိယလေးဌာန၊ သတ္တသတ္တာဟ ခုနစ်ဌာန၊ မဂ္ဂင်ရှစ်ပါး၊ သာသနာပြုစေလွှတ်ခန်း၊ ဥတု ဝေလတော၊ ရသေ့တစ်ထောင်စေလွှတ်ခန်းနှင့် ဝတ်ကြွေးတော်ပြည့်စေတီတစ်ဆူတို့ကို တိုးချဲ့ဆောက်လုပ်လှူဒါန်းထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဒေးစွန်ပါတောင်ခြေမှ ပရဆေးပင်များကို လေ့လာမှတ်တမ်းတင်

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာများအသင်း ဥက္ကဋ္ဌ ကျမ်းပြုဆရာကြီး ဦးသောင်းနိုင်နှင့် တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဌာနမှူး ဦးဝင်းမြင့်ဦးတို့ ဦးဆောင်သော တိုင်းရင်းဆေးဆရာများသည် ဖေဖော်ဝါရီ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ ဒေးစွန်ပါတောင်ခြေတစ်လျှောက်၌ ပရဆေးပင်များကို ရှာဖွေမှတ်တမ်းတင် လေ့လာခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေးဆရာများအဖွဲ့သည် ဒေးစွန်ပါတောင်ခြေရှိသံဃာတော်များနှင့် သီလရှင်များကိုလည်း အလှူငွေနှင့်တိုင်းရင်းဆေးများ လှူဒါန်းခဲ့ပြီး ဒေသခံများ၏ ကူညီမှုဖြင့် ဒေးစွန်ပါတောင်ခြေတွင် သဘာဝအလျောက် ပေါက်ရောက်နေသော ပရဆေးပင်များကို ရှာဖွေမှတ်တမ်းတင်ခဲ့ကာ ဝမ်းဘဲအင်းကျေးရွာရှိ ပိဋကတ်သုံးပုံကျောင်း ဓမ္မာရုံ၌ ဆေးပင်များ၏ အသုံးဝင်ပုံများကို နှီးနှောဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဆည်းမုန်းကျေးရွာရှိ ရွှေအပ်ငရုတ်စိုက်တောင်သူများ ယခုနှစ်အထွက်နှုန်းကောင်းကြသော်လည်း စိုက်ပျိုးမှုနည်းပါး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်းမုန်းကျေးရွာရှိ တောင်သူများဒေသအခေါ် ရွှေအပ်ငရုတ်သီး ယခုနှစ်တွင် အထွက်နှုန်းကောင်း၍ ဈေးကောင်းရရှိသော်လည်း စိုက်ပျိုးသူနည်းပါးကြောင်း သိရသည်။

ဆည်းမုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံတောင်သူများသည် ကောက်ပဲသီးနှံစိုက်ပျိုးရေးကို အဓိကစီးပွားရေးတစ်ရပ်အနေဖြင့် လုပ်ကိုင်လျက်ရှိပြီး နှစ်စဉ် ဝါခေါင်လမှစတင်ကာ အသီးရှည်၍အရောင်လှသော ရွှေအပ်မျိုးငရုတ်ပင်များကို ကွင်းလုံးပြည့်တွင်ကျယ်စွာ စိုက်ပျိုးလေ့ရှိသော်လည်း



တောင်သူများအနေဖြင့် ငရုတ်စိုက်ရာသီချိန်တွင် အထွက်နှုန်းကောင်းစပါးများကို ကိုင်းမြေနုကျွန်းများပေါ်၌ ရေသွင်းစိုက်ပျိုးကြသဖြင့် ယခင်နှစ်များထက် စိုက်ပျိုးသူနည်းပါးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဘက်ကျေးရွာတွေမှာ ဝါခေါင်၊ တော်သလင်းကစပြီး ငရုတ်ပင်တွေကို စတင်စိုက်ပျိုးကြတယ်။ လေးလကြာ ပြာသို၊ တပို့တွဲဆို ဆွတ်ပြီး ပျိုးပင်တွေကို ရေနံချောင်းအထက်ကပင်းထိ မော်တော်သုံးဘီးတွေနဲ့သွားဝယ်ရတယ်။ ပျိုးတစ်ဆို့ ငွေကျပ် ၂၀၀၀ ပေးရပြီး နောက်ကျရင်ငွေကျပ် ၂၅၀၀ ထိပေးဝယ်ရလေ့ရှိကာ တစ်ယောက်စိုက်ကို ခုနစ်ဆို့စိုက်ပျိုးရ၍ တစ်ဧကအဆို့ ၃၀ နီးပါးကုန်ကျတယ်။ စိုက်ပျိုးစရိတ်ထက် အလုပ်သမားခတွေကပိုကုန်တော့ သီးနှံဖြစ်ထွန်းပြီး ဈေးကောင်းရတဲ့ နှစ်တွေကျရင်ငရုတ်စိုက်တောင်သူတွေပိုပြီး စိုက်ပျိုးရကျိုးနပ်ပါတယ်။ ဒီနှစ်က အထွက်နှုန်းကောင်းပြီးဈေးလည်းရပါတယ်။ ရွာထိကိုဈေးပေးပြီး လာဝယ်ကြတယ်။ တစ်ဧကစိုက်ပျိုးစရိတ်ငွေကျပ် ၆၀၀၀၀ နီးပါးကုန်ကျပေမယ့် ငရုတ်သီးအချိန် ၈၀၀ ကနေစပြီး ၁၀၀၀ ထိရကြတော့ တစ်ဧကဆိုဆိုသလောက် ငရုတ်စိုက်တောင်သူတွေ အဆင်ပြေကြပါတယ်" ဟု တောင်သူတစ်ဦးက ပြောပြသည်။

ငရုတ်စိုက်ပျိုးရာသီချိန်တွင် ဒေသခံတောင်သူများကိုင်းမြေများပေါ်၌ ရေသွင်း၍ အထွက်နှုန်းကောင်းစပါးများစိုက်ပျိုးသဖြင့် ငရုတ်စိုက်ပျိုးမှုနည်းပါးခဲ့သော်လည်း ငရုတ်စိုက်ခင်းအထိ လာရောက်ကာ အစိုတစ်ပိဿာငွေကျပ် ၈၀၀ ထိပေးဝယ်ပြီး အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ယခင်နှစ်ထက် ဈေးကောင်းရသဖြင့် လာမည့်ရာသီချိန်တွင် ငရုတ်ပင်များ တွင်ကျယ်စွာ ပြန်လည်စိုက်ပျိုးကြတော့မည်ဖြစ်ကြောင်း တောင်သူများက ပြောပြသည်။

**ပိုင်ဇေ(မကွေး)**

# ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလီဘောပြိုင်ပွဲဗိုလ်လုပွဲကျင်းပ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၂**

ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူးဖလား လေးမြို့နယ် အလွတ်တန်းကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျောက်ဆည်မြို့ရှိ ခရိုင်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောက်ဆည်မြို့နယ် ကလပ်အသင်းနှင့် သံရွာကလပ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး ကျောက်ဆည်မြို့နယ် ကလပ်အသင်းက သုံးပွဲပြတ်ဖြင့်အနိုင်ရခဲ့သည်။ ထို့နောက် ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ကျောက်ဆည်မြို့နယ် ကလပ်အသင်းနှင့်ဆုရအသင်းများ၊ တစ်ဦးချင်းအကောင်းဆုံးဆုများကို ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ကျောက်ဆည်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝမ်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘော်လီဘောပြိုင်ပွဲတွင် ကလပ်အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက် ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း နှစ်မျိုးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | FOREVER YOUNG Phytocelltec Alp Rose Facial Cell Boosting Mask | Seafarers South East Inter Trade Co., Ltd./ Doctor-Pharma Co., Ltd., Product of Thailand | Clobetasol propionate(+) |
| ၂။ | FOREVER YOUNG White Active Radiance 3 Triple Nourishment | Seafarers South East Inter Trade Co., Ltd./ Doctor-Pharma Co., Ltd., Product of Thailand | Clobetasol propionate(+) |

၃။ အဆိုပါ အလှကုန်ပစ္စည်းကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်း၊ ဖြန့်ဖြူးရောင်းချနေမှုများကို တွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




**FOREVER YOUNG Phytocelltec ALP Rose Facial Cell Boosting Mask**




**FOREVER YOUNG White Active Radiance 3 Triple Nourishment**

# ခက်ခဲတဲ့ပုစ္ဆာကို အဖြေထုတ်ရဦးမယ့် မန်ယူရဲ့ ယူရိုပါလိဂ် ဒုတိယအကျော့ပွဲစဉ်

မိုးမြင့်လင်းလက်

ယူရိုပါလိဂ် ၃၂ သင်းအဆင့် ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပထမအကျော့တုန်းက ရလဒ်မကောင်းခဲ့တဲ့အသင်းတွေက ခြေကုန်ထုတ်ဖို့ ရှိလာမှာဖြစ်လို့ နောက်တစ်ဆင့်တက်ရေးအတွက် ပြိုင်ဆိုင်မှု ပြင်းထန်ဦးမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပထမအကျော့မှာ ရလဒ်မပြတ်သားဘဲ နိုင်ပွဲရခဲ့တဲ့အသင်းတွေအတွက်ကလည်း ဒီပွဲမှာ သေချာတဲ့ ကနဦး သွင်းဂိုးတွေကို လက်ဦးမှုရအောင် သွင်းယူပြီး အနိုင်ရလဒ်ကို ဆုပ်ကိုင်ထိန်းချုပ်မှာမို့ အကြိတ်အနယ်ရှိပြီး အတိမ်းအစောင်းမခံတဲ့ပွဲတွေအဖြစ် အားပေးစောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။




### မန်ယူနှင့် မစ်ဂျေလန်း

ပထမအကျော့ မစ်ဂျေလန်းကွင်းမှာ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ အခုပွဲ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ မန်ယူတို့အားသွန်ကစားရတော့မှာ ဖြစ်ပါတယ်။ ဒိန်းမတ်ကလပ် မစ်ဂျေလန်းဟာ လောလောဆယ် နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ မန်ယူတို့က အခုတစ်လော ရှုံးပွဲတွေ ဆက်နေလို့ နည်းပြ ဗန်ဂါးလ်ဟာ ဒီပွဲမှာ ဘယ်လိုဗျူဟာခင်းကျင်းပြီး ကစားကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒီဂီယာနဲ့ ရွန်နေတို့ ဒဏ်ရာတွေကြောင့် မပါဝင်နိုင်တာဟာ မန်ယူခြေစွမ်းကို ယိမ်းယိုင်စေတာမို့ ဒီပွဲမှာ ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ ရင်ခုန်စရာပါ။ ဒီပေး ဦးဆောင်ထွက်လာမယ့် မန်ယူရဲ့ တိုက်စစ်ဟာ နောက်တစ်ဆင့် တက်လှမ်းဖို့ အထောက်အကူပြုနိုင်ပ့ါမလားဆိုတဲ့ သံသယဝင်မိတာ အမှန်ပါပဲ။

### စပါးနှင့် ဖီအိုရင်တီးနား

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ ဒီပွဲမှာ နှစ်သင်းစလုံး ခြေကုန်ထုတ်ကြပါတော့မယ်။ ဒီနှစ်မှာ ခြေစွမ်းကောင်းတွေ ပြသနေတဲ့ စပါးတို့က တိုက်စစ်ရော ခံစစ်မှာပါ အကောင်းဆုံးလုပ်အားတွေ ဖော်ထုတ်နိုင်နေတာကြောင့် ဖီအိုရင်တီးနားတို့အတွက် ခက်ခဲမယ့်ပွဲဖြစ်နေပါတယ်။ ဖီအိုရင်တီးနားတို့ကလည်း စီးရီးအေမှာ နိုင်ပွဲတွေရအောင် စွမ်းဆောင်နေတာကြောင့် အိမ်ကွင်း ဆိုပေမယ့် စပါးတို့လည်း သိပ်တော့မလွယ်ပါဘူး။ ဒါပေမယ့် အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတက်တဲ့ ဖီအိုရင်တီးနားကို စပါးတို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲကို ဖော်ထုတ်ပြီး နောက်တစ်ဆင့်တက်ရေး ကြိုးစားပါလိမ့်မယ်။

### လီဗာပူးနှင့် အော့စ်ဘက်

ပထမအကျော့မှာ ဂိုးမရှိသရေပွဲဖြစ်ထားတဲ့အတွက် လီဗာပူးတို့ အခုပွဲ အိမ်ကွင်းဖြစ်တာကြောင့် နောက်တစ်ဆင့်တက်ရေး ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ အက်ဖ်အေဖလားပြိုင်ပွဲက ထွက်ခဲ့ရတဲ့ လီဗာပူးဟာ ယူရိုပါလိဂ်မှာတော့ မျှော်လင့်ချက်ထားပြီး ပွဲတိုင်းရလဒ်ကောင်းဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ ဘွန်ဒက်လီဂါမှာ ရလဒ်တွေ ကမောက်ကမဖြစ်နေတဲ့ အော့စ်ဘက်တို့ကတော့ အဝေးကွင်းမှာ လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးနေတာမို့ အခုပွဲဟာ လီဗာပူးရဲ့ပွဲလို့ သတ်မှတ်ရမှာပါ။

### ရက်ပစ်ဗီယင်နာနှင့် ဗလင်စီယာ

ပထမအကျော့မှာ ခြောက်ဂိုးပြတ်နိုင်ပွဲရထားတဲ့ ဗလင်စီယာကို ဩစတြီးယားကလပ် ရက်ပစ်ဗီယင်နာတို့ အခုပွဲမှာကျော်ဖြတ်ပြီး နောက်တစ်ဆင့်တက်ဖို့ဆိုတာ မလွယ်ပါဘူး။ ဗလင်စီယာတို့ကလည်း အဝေးကွင်းဆိုပေမယ့် တိုက်စစ်ကို ရဲရဲဖွင့်ပြီး ကစားဦးမှာမို့ အိမ်ရှင်တို့ ယူရိုပါလိဂ်က နှုတ်ဆက်လမ်းခွဲရမယ့်ပွဲဖြစ်သွားပါလိမ့်မယ်။

### မိုလ်ဒီနှင့် ဆီဗီလာ

ပထမအကျော့မှာ ဆီဗီလာတို့က သုံးဂိုးပြတ်အနိုင်ရထားတာမို့ နော်ဝေကလပ်မိုလ်ဒီတို့ အခုပွဲအိမ်ကွင်းမှာ ပြန်ချေပကျော်ဖြတ်နိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဆီဗီလာဟာ ၁၃ ပွဲဆက်တိုက် ရှုံးပွဲမရှိ ကစားနေတဲ့ ခြေစွမ်းနဲ့အတူ မိုလ်ဒီကို ဒီပွဲမှာ အသာစီးရအောင် ကြိုးစားပါဦးမယ်။ အခုတစ်လော နိုင်ပွဲတွေ ပျောက်ဆုံးနေတဲ့ မိုလ်ဒီတို့အတွက်တော့ ဆီဗီလာ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးတွေနဲ့အတူ အခုပွဲဟာ ဒီနှစ် ယူရိုပါလိဂ်ရဲ့ နောက်ဆုံးပွဲဖြစ်သွားပါလိမ့်မယ်။ ဆီဗီလာအသင်းအနေနဲ့ ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်တဲ့ ခြေစွမ်းရှိတဲ့အသင်းဖြစ်တဲ့အတွက် မိုလ်ဒီကို အနိုင်ကစားဖို့ရှိပါတယ်။ ။




## အက်ဖ်အေဖိုလ်လုပွဲရောက်နိုင်တယ်ဆိုတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းမှာ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ဝဲလ်ဘက်ဟာ ၁၀ လအကြာမှာ ပြန်လည်ကစားလာနိုင်ပြီဖြစ်တဲ့အတွက် အာဆင်နယ်အသင်းအနေနဲ့ အက်ဖ်အေဖလားကို ပြန်လည်ရယူဖို့ အသင့်ရှိနေပြီလို့ ဆိုပါတယ်။ ဝဲလ်ဘတ်ဟာ ဟားလ်စီးတီးနဲ့ သရေကျတဲ့ပွဲမှာ ဆန်ချက်ဇ် မကစားမီ ၆၇ မိနစ်ကြာ အာဆင်နယ်အသင်းမှာ ပါဝင်ကစားခဲ့တာပါ။ ဝဲလ်ဘတ်ဟာ လက်စတာနဲ့ ကစားတဲ့ ပွဲမှာလည်း အနိုင်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အာဆင်နယ်အသင်းမှာ အစပွဲ ပါဝင်ကစားခွင့်ရလာတဲ့ ဝဲလ်ဘတ်ဟာ အာဆင်နယ်အသင်းကို အက်ဖ်အေဖလား ဗိုလ်လုပွဲ အရောက်ပို့ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။

သို့ပေမယ့် ဝင်ဘလေကွင်းမှာ ကစားမယ့် ဗိုလ်လုပွဲမှာတော့ သူပါဝင်မည် မပါဝင်မည်ကို မပြောနိုင်ပါဘူး။ အာဆင်နယ်ကတော့ အက်ဖ်အေဖလားမှာ ဗိုလ်လုပွဲကို ရောက်ဖို့ အလားအလာကောင်းနေပြီး ဖလားရဖို့လည်း ရေပန်းစားနေတယ်လို့ ဆိုပါတယ်။

## လာလီဂါမှာ ရှစ်ပွဲဆက်တိုက်အနိုင်ရခဲ့တဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းအနေနဲ့ စပိန်လာလီဂါမှာ လက်ဒါးမတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲဟာ ရှစ်ပွဲ ဆက်တိုက်အနိုင်ရခဲ့တဲ့ပွဲဖြစ်ပါတယ်။ ဒီပွဲမှာ ထူးခြားချက်တစ်ရပ်ကတော့ လူးဝစ်ဆွာရက်ဇ်က ပွဲစပြီး ခြောက်မိနစ်မှာ သွင်းယူလိုက်တဲ့အဖွင့်ဂိုးဟာ လွန်ခဲ့တဲ့ ၂၄ ပွဲမှာ သူ့ရဲ့ ၂၅ ဂိုးမြောက်ဂိုး ဖြစ်ခဲ့ပါတယ်။

ဘာစီလိုနာက ဒါးမတ်ကို အနိုင်ရလိုက်တဲ့အတွက် စပိန် လာလီဂါမှာ ကိုးမှတ်အသာနဲ့ ဦးဆောင်နေပြီဖြစ်ပါတယ်။ နှစ်စဉ်ခြေစွမ်းပြခဲ့တဲ့ ဘာစီလိုနာတို့ဟာ ဒီနှစ်မှာလည်း ရှစ်ပွဲဆက်တိုက်အနိုင်ရတဲ့ ခြေစွမ်းနဲ့အတူ ရာသီမကုန်မီမှာဘဲ လာလီဂါဖလားကိုရသွားနိုင်တဲ့ အနေအထားကို တွေ့မြင်နေရပြီဖြစ်ပါတယ်။




## မန်ယူနည်းပြဖြစ်လာတော့မယ်လို့ဆိုတဲ့ မော်ရင်ဟို

ချယ်လ်ဆီးက အလုပ်ဖြုတ်ခံလိုက်ရတဲ့ မော်ရင်ဟိုဟာ မန်ယူနည်းပြဖြစ်လာလိမ့်မယ်လို့ အင်တာမီလန်အသင်း ဒါရိုက်တာ ဘက်ဒီမိုရက်တီက ပြောဆိုလိုက်ပါတယ်။ ဗန်ဟားလ်နေရာမှာ မော်ရင်ဟိုကို အစားထိုးလိမ့်မယ်လို့ မိုရက်တီက မီလန်မြို့မှာ မော်ရင်ဟိုနှင့် တွေ့ဆုံစဉ် ပြောဆိုလိုက်တာပါ။ မော်ရင်ဟိုဟာ မန်ယူကို သွားနေပါပြီ။ မကြာမီ နည်းပြအလုပ်ကို ပြန်လုပ်ပါလိမ့်မယ်လို့ မိုရက်တီက မီလန်မြို့ နေ့လယ်စာစားပွဲအပြီး ရင်းနှီးသော မိတ်ဆွေများကို ပြောဆိုလိုက်ခြင်း ဖြစ်ပါတယ်။ အသက် ၅၃ နှစ် အရွယ်ရှိပြီဖြစ်သော မော်ရင်ဟိုဟာ ဒီဇင်ဘာလကတည်းက ချယ်လ်ဆီးမှ ထွက်ခွာခဲ့ပြီးနောက် နည်းပြအလုပ်နဲ့ အဆက်ပြတ်တောက်လျက် ရှိပါတယ်။ ပေါ်တူဂီနိုင်ငံသား မော်ရင်ဟိုဟာ နည်းပြထဲမှာ အကောင်းဆုံးနည်းပြ တစ်ဦးဖြစ်လို့ မန်ယူအနေနဲ့ လက်မလွှတ်သင့်ဘူးလို့ သူက ဆိုပါတယ်။ မော်ရင်ဟိုဟာ အီတလီစီးရီးအေပြိုင်ပွဲတစ်ခုဖြစ်တဲ့ အင်တာမီလန်နဲ့ပွဲကို ကြည့်ဖို့ ဆမ်ဒိုးရီးယားကို ရောက်ရှိနေတာဖြစ်ပါတယ်။ မော်ရင်ဟိုက သူ့အနေနဲ့ အသင်းရှာနေတာ မဟုတ်ဘဲ အသင်းတွေကသာ သူ့ကိုရှာနေတာလို့ ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**မုဒုံ ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် မုဒုံမြို့နယ် ကွမ်တာကျေးရွာရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းခန်းမ၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မော်လမြိုင်မြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အမှတ်(၉)တပ်ဖွဲ့စုမှ ဒုရဲအုပ်ဌေးလွင်က လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မုဒုံမြို့စခန်းမှူး ဒုရဲမှူးပြုံးချိုက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သူနာပြုကြီး(၁) ဒေါ်မြင့်မြင့်ရီက ကျန်းမာရေးဆိုင်ရာ အသိပညာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

**မုဒုံမောင်မောင်**



၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသော ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်မှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကြည့်မြင်တိုင် အထက(၁)၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိန်သန်း ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ဘော်ဂါသွေး

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာ့အလင်းသတင်းစာ ဆက်သွယ်မှာယူနိုင် . . .

ရန်ကုန်မြို့တွင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ သတင်းစာမှာယူလိုခြင်း၊ ပုံနှိပ်အရည်အသွေးမကောင်းခြင်း၊ ကြားညှပ်အချပ်ပိုများ အပြည့်အဝမပါခြင်းစသည့် ကိစ္စအရပ်ရပ်အတွက် ဖြန့်ချိရေးဌာန ဖုန်း ၀၁-၅၄၄၃၁၇ သို့ဖြစ်စေ၊ အောက်ပါကိုယ်စားလှယ်များနှင့် စုရပ်ခေါင်းဆောင်များထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | ဆက်သွယ်ရန် ဖုန်းနံပါတ် | မြို့နယ်စုရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပြည့်ဖြိုး | ၀၉-၃၂၃၆၅၈၅၉ | ဗဟန်း | စုရပ်ခေါင်းဆောင် |
| ၂ | ဦးမောင်မူ | ၀၉-၅၃၀၀၇၁၂၊ ၀၉-၇၃၀၅၃၉၆၀ | သာကေတ | စုရပ်ခေါင်းဆောင် |
| ၃ | ဦးထွန်းဦး | ၀၉-၂၅၄၃၁၆၅၉၇ | စမ်းချောင်း | စုရပ်ခေါင်းဆောင် |
| ၄ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၅ | ဦးစန်းဝင်း(ဒေါ်ထားထားဝင်း) | ၀၉-၁၁၀၃၃၁၅၈ | မြောက်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၆ | ဦးဌေးကို | ၀၉-၇၃၀၇၆၀၀၁၊ ၀၉-၂၅၄၀၄၈၀၉၆ | မရမ်းကုန်း | စုရပ်ခေါင်းဆောင် |
| ၇ | ဦးစိုးနိုင်ဦး | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | စုရပ်ခေါင်းဆောင် |
| ၈ | ဦးအောင်မို့(စထမာ) | ၀၉-၂၅၉၈၁၃၈၈၃ | မင်္ဂလာဒုံ | စုရပ်ခေါင်းဆောင် |
| ၉ | ဦးညဏ်တေဇာထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သယ်န်းကျွန်း | စုရပ်ခေါင်းဆောင် |
| ၁၀ | ဦးအောင်ကျော်ထွန်း(ဒေါ်ကြည်မြ) | ၀၉-၃၁၀၂၅၂၀၁ | တောင်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၁ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၂ | ဒေါ်တိုး | ၀၉-၇၉၉၇၇၃၃၄၇ | ကြည့်မြင်တိုင် | ကိုယ်စားလှယ် |
| ၁၃ | ဦးထွန်းဦး | ၀၁-၅၂၅၅၁၃ | စမ်းချောင်း | ကိုယ်စားလှယ် |
| ၁၄ | ဦးထွန်းဦး | ၀၉-၁၁၀၆၉၇၇၉ | အလုံ | ကိုယ်စားလှယ် |
| ၁၅ | ဦးအောင်မြင့် | ၀၉-၇၃၂၁၆၈၀၁ | ပန်းဘဲတန်း | ကိုယ်စားလှယ် |
| ၁၆ | ဦးစိုးအောင် | ၀၁-၂၅၃၂၅၅ | လသာ | ကိုယ်စားလှယ် |
| ၁၇ | ဦးကျော်ကျော် | ၀၉-၃၀၂၄၅၃၆၀ | လမ်းမတော် | ကိုယ်စားလှယ် |
| ၁၈ | ဒေါ်စန်းမြင့် | ၀၉-၇၃၁၀၄၀၆၁ | ဗိုလ်တထောင် | ကိုယ်စားလှယ် |
| ၁၉ | ဒေါ်မြင့်ကြည် | ၀၉-၂၁၅၇၀၁၉ | ပုဇွန်တောင် | ကိုယ်စားလှယ် |
| ၂၀ | ဦးခင်မောင်လှိုင် | ၀၉-၂၅၄၂၀၁၆၀၁ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၁ | ဦးထွန်းရွှေ | ၀၉-၇၃၀၆၃၄၂၃ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၂ | ဒေါ်ကြည်ကြည်ဌေး | ၀၉-၂၅၄၇၁၉၃၃၁ | ဗဟန်း | ကိုယ်စားလှယ် |
| ၂၃ | ဦးကျော်ကျော် | ၀၉-၂၅၄၀၆၃၀၅၉ | ဒဂုံ | ကိုယ်စားလှယ် |
| ၂၄ | ဦးညို | ၀၉-၉၇၂၃၆၆၉၀၁ | တာမွေ | ကိုယ်စားလှယ် |
| ၂၅ | ဦးအေးငွေ | ၀၉-၃၂၂၅၄၆၈၂ | တာမွေ | ကိုယ်စားလှယ် |
| ၂၆ | ဦးတင်စိုး | ၀၉-၇၃၅၄၈၃၄ | လှိုင်သာယာ | ကိုယ်စားလှယ် |
| ၂၇ | ဦးခင်မောင်အေး | ၀၉-၂၆၃၉၉၈၈၂၃ | အင်းစိန် | ကိုယ်စားလှယ် |
| ၂၈ | ဦးသန်းအေး | ၀၉-၇၃၁၁၈၀၆၈ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |

# ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒိစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သောရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါရောဂါပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန္ဓာနိုင်ငံရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန္ဓာဒါနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံတို့၌ လူသို့ကူးစက်မှုရှိခဲ့ပါသည်။ ထိုင်းနိုင်ငံ၌ ၂၀၁၂ ခုနှစ်က စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်အထိ ဖြစ်ပွားသူ စုစုပေါင်း ခုနစ်ဦးရှိကြောင်း သိရှိရသည်။

ဇီကာဗိုင်းရပ်စ်သယ်ဆောင်လာသော အေးဒိစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသော အိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသောစွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက် စသည်တို့တွင် တွေ့ရသည်။ နေ့အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားစေပါသည်။ ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများစတင်ဖြစ်ပေါ်လာနိုင်ပါသည်။ ရောဂါကူးစက်ခံရသူငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာ ပေါ်ပေါက်ကြောင်း သိရှိရသည်။

အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင်အနီစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သား/ အဆစ်များ နာကျင်ခြင်းတို့ဖြစ်တတ်ပါသည်။ လတ်တလောတွင် ဘရာဇီးနိုင်ငံ၌ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားခြင်း၏ နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဦးနှောက်သေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းအပေါ် ဆက်စပ်မှုရှိ မရှိ သက်သေပြနိုင်ရန် ပညာရှင်များအနေဖြင့် ကြိုးစားလျက်ရှိပါသည်။

ဇီကာရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာ သက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ အနားယူခြင်း၊ ရေလုံလောက်စွာ သောက်သုံးခြင်း၊ ဆေးမြီးတိုများနှင့် အခြားအကိုက်အခဲပျောက်ဆေးများကို မသောက်ရန်၊ ပါရာစီတမော့ကိုသာ အညွှန်းအတိုင်း သောက်သုံးရန်နှင့် ဇီကာရောဂါလက္ခဏာများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ/ ဆေးခန်းများသို့သွားရောက်ပြသ၍ စစ်ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။

ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျားပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ခြင်ကိုက်ခံရခြင်းမရှိအောင် နေထိုင်ရေးဖြစ်ပါသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရုံးဌာနတိုင်း၌ ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

- ဖုံး - ရေလှောင်ထားသောအိုးခွက်များတွင် ခြင်များဝင်ရောက်မဥနိုင်ရန် လုံခြုံစွာဖုံးအုပ်ထားရန်၊
- သွန် - အိုးခွက်နံရံတွင်ကပ်နေသောခြင်ဥများသေစေရန် အိုးခွက်များ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောရန်၊ ခြင်ကျားလောက်လမ်းတွေ့ရှိသောရေများကိုသွန်ပစ်ရန် သို့မဟုတ် အခြားအိုးထဲသို့ ရေစစ်ဖြင့်ပြောင်းထည့်ရန်၊
- လဲ - ပန်းအိုး၊ နတ်အိုးများ၏အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြော၍ ရေများကို တစ်ပတ်နှစ်ကြိမ်လဲလှယ်ရန်၊
- စစ် - ခြင်ကျားလောက်လမ်းများမပါစေရန် ရေဖြည့်သည့်အခါ ရေစစ်ဖြင့်စစ်ထည့်ရန်၊
- လောင်း - ရေထည့်ထားသောကြောင်အိမ်အောက်ခံခွက်များနှင့် ရေမြောင်းများတွင် ဒီဇယ်ဆီနှင့် စက်ဆီဟောင်းများ လောင်းထည့်ရန်၊
- ထောင် - ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ် ခြင်ထောင်ထောင်အိပ်ရန်၊ တတ်နိုင်က ဆေးစိမ်ခြင်ထောင် အသုံးပြုရန်၊
- မြှုပ် - အသုံးမပြုတော့သော ရေတင်ကျန်နေသည့်စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ရန်၊
- ရှင်း - အိမ်အတွင်း၊ အပြင် ခြင်များမခိုအောင်းနိုင်ရန် သန့်ရှင်းစွာထားရန်၊ ခြုံများရှင်းရန်၊
- ဖွင့် - အလင်းရောင်ရရန် ပြတင်းပေါက်များကိုဖွင့်ထားရန်၊
- မှုတ် - လူနာရှိက ဆေးမှုတ်မည့်အဖွဲ့ကိုကူညီရန်။

ထို့အပြင် ခြင်ကိုက်မခံရစေရန် ခြင်ဆေးလိမ်းခြင်း၊ အကျီလက်ရှည်နှင့် ဘောင်းဘီရှည်များဝတ်ဆင်ခြင်း၊ နေအိမ်၌ ခြင်လုံဆန်ခါတပ်ခြင်းစသည်တို့ဆောင်ရွက်ရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ခြင်ကျားလောက်လမ်းတစ်ကောင်မျှမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဇီကာရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုမရှိအောင် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆို

**မုဒုံ ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၁)ရပ်ကွက်ရှိ ရွှေဟင်္သာခန်းမ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲကို လူအင်အား ၁၀၀၀ ကျော်ဖြင့် ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲသို့ မုဒုံမြို့ပေါ်ရပ်ကွက်များမှပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ ထောက်ခံပွဲတွင် သဘာပတိဦးမြသောင်းက အမှာစကားပြောကြားကာ ကရင်တိုင်းရင်းသားကိုယ်စားလှယ်မန်းရွှေကျော်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ထောက်ခံကြိုဆိုကြောင်းနှင့် လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသော အဖွဲ့များအနေဖြင့်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမြန်ဆုံးလက်တွဲပါဝင်ရေးကို အဆိုတင်သွင်းပြီး မွန်တိုင်းရင်းသားကိုယ်စားလှယ် နိုင်မြမောင်က ထောက်ခံဆွေးနွေးခဲ့သည်။ ထို့နောက်ပြည်သူများကလည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုကြောင်း ဆန္ဒပြုခဲ့ကြကြောင်း သိရသည်။ **မုဒုံမောင်မောင်**

## ပန်းလောင်မြစ်ကူးကွန်ကရစ်တံတား ဖွင့်လှစ်

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၂**

ကျောက်ဆည်ခရိုင် ခရိုင်ပတ်လမ်း (၃)ပေါ်ရှိ ပန်းလောင်မြစ်ကူး အနောက်ငယ်တိုး-ကျီးပြေ သစ်သားတံတားသည် အချိန်ကာလကြာမြင့်မှုကြောင့် ပျက်စီးယိုယွင်းလာပြီး ယာဉ်များသွားလာရန် ခက်ခဲနေသောကြောင့် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ဒီတံတားက အရင်ကတည်းကရှိတယ်၊ ၁၉၉၆ ခုနှစ်က ကိုယ်ထူကိုယ်ထသစ်သားတံတားအဖြစ်ဆောက်ခဲ့တာ၊ အချိန်ကာလကြာလာတော့တံတားကြမ်းခင်းတွေ၊ ယက်မတွေ၊ ဒေါက်တိုင်တွေက ဆွေးမြေ့ပြီး ပျက်စီးနေတာ။ ယာဉ်သွား ယာဉ်လာတွေအတွက် အန္တရာယ်ရှိလာလို့ ရပ်မိရပ်ဖတွေနဲ့တိုင်ပင်ပြီး ကျွန်တော်တို့ဌာနက ရေရှည်ခံအောင် သံကူကွန်ကရစ်တံတားအဖြစ်အသစ်ဆောက်လုပ်ပေးခဲ့တာပါ"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးမြင့်က ပြောသည်။

တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၅၁ ဒသမ ၀၃ သန်းဖြင့် ၂၀၁၅ခုနှစ် ဇွန်လအတွင်းက စတင်တည်ဆောက်ခဲ့ကာ အရှည် ပေ ၉၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၀ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမျိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ကျေးရွာ ရပ်မိရပ်ဖ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော် အလယ်ဌာပနာသွင်းမင်္ဂလာ ကျင်းပ



**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်(တောင်)ကျေးရွာ မဟာဗောဓိတစ်ထောင်သာသနာ့နယ်မြေအတွင်းရှိ ဗန္ဓဝ တောင်ကုန်းတော်တွင် တည်ထားသော မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အလယ်ဌာပနာသွင်းမင်္ဂလာကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပကြောင်း သိရသည်။

လေးကျွန်းစကြာ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ၏ ဆန္ဒရှိခဲ့တော်မူခဲ့သည့်အတိုင်း မဟာဗောဓိတစ်ထောင်သာသနာ့နယ်မြေ၏ ဦးစီးနာယက ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဝန်ကြီးများ၊ မြန်မာပြည်အရပ်ရပ်မှ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ထားလျက်ရှိကြောင်း သိရသည်။

"ထိုင်တော်မူရုပ်ပွားတော်ကြီးကို စတင်တည်ဆောက်လာတာ သုံးနှစ်ရှိပြီ၊ အခုအကြမ်းထည်တွေပြီးစီးလုနီးပြီ၊ ဆရာတော်ကြီး(၈၅)နှစ်ပြည့်မွေးနေ့အဖြစ် အလယ်ဌာပနာပိတ်မင်္ဂလာပွဲကိုကျင်းပမယ်၊ ပြီးရင် ဆရာတော်၊သံဃာတော် ၈၅ ပါး၊ သီလရှင် ၈၅ ပါးတို့ကို သံဃဒါနလောင်းလှူပွဲ၊ ရှင်အပါး ၆၀ ကို ရှင်ပြုအလှူတော်၊ အသက် ၇၀ နှစ်အထက်အဘိုးအဘွားတွေကို သက်ကြီးပူဇော်ပွဲတွေနဲ့ လေးကျွန်းစကြာထိုင်တော်မူရုပ်ပွားတော်ကြီး တည်ထားရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပမယ်"ဟု မဟာဗောဓိတစ်ထောင်သာသနာ့နယ်မြေ ပဓာနနာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တသြဘာသက မိန့်ကြားသည်။

အဆိုပါ လေးကျွန်းစကြာ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် အောက်ခံကြာပလ္လင်တောင်မြောက် ၂၄၀ ပေ၊ အရှေ့အနောက် ၁၃၃ ပေရှိပြီး၊ အမြင့် ၂၇ ပေ၊ ဒူးခွင်တော်အကျယ် ၁၆၅ ပေ၊ အရှေ့အနောက် ၉၃ ပေ၊ ညဏ်တော်အမြင့် ၂၀၇ ပေရှိကာ ပလ္လင်နှင့်ညဏ်တော်စုစုပေါင်း အမြင့် ၂၃၄ ပေရှိမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



## ကသာအင်းတော်လမ်းပိုင်း ကွန်ကရစ်တံတားတည်ဆောက်မှု မကြာမီပြီးစီးမည်

**အင်းတော် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကသာ-အင်းတော်ကားလမ်း မိုင်တိုင်အမှတ် (၁၀/၀) နှင့် (၁၀/၁)ကြားတွင် တည်ဆောက်လျက်ရှိသော အရှည်ပေ ၁၀၀၊ အမြင့် ၁၅ ပေ ၉ လက်မရှိ ကွန်ကရစ်တံတားတည်ဆောက်မှုလုပ်ငန်းများမှာ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး မကြာမီ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ် ၂၅၉ ဒသမ ၄၅ သိန်းဖြင့် ကသာခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ၍ တည်ဆောက်လျက်ရှိကြောင်း၊ ယခုအခါ တံတားတည်ဆောက်မှုများ ၇၀ ရာနှုန်းခန့်ပြီးစီးနေပြီဖြစ်ကာ မတ်လ ဒုတိယပတ်တွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ကသာခရိုင် လမ်းဦးစီးဌာနမှသိရသည်။

**လှအောင်(ကသာ)**

# ကျောက်ဖရုံသီးများ ပြည်ပပို့ကုန်အဖြစ် ဈေးကွက်တွင်ကျယ်ပြီး ဈေးကောင်းရရှိနေ

**မြင်းမူ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ စိုက်ပျိုးသောကျောက်ဖရုံသီးများကိုပွဲစားများက ဈေးကောင်းပေးဝယ်ယူ၍ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ ကျောက်ဖရုံသီးဈေးကွက်မှာ တွင်ကျယ်လာလျက်ရှိကြောင်း သိရသည်။

ကျောက်ဖရုံသီးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ သီးနှံစိုက်ပျိုးသော တောင်သူများ အလေးပေးစိုက်ပျိုးကြသည့် သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။ မိုးဦးကျက စိုက်ပျိုးခဲ့သော ကျောက်ဖရုံများသည် နွေပေါက်သည်နှင့် အလုံးကြီးအသီးထွား ရင့်မှည့်၍ခူးဆွတ်ရသည့်အချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့သည့်ဈေးကွက် တွင်ကျယ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပွဲစားကြိုက်တဲ့ ရှယ်သီးဆိုရင် အမြင့်ဆုံးဈေး သုံးထောင်ကျပ်အထိရတယ်။ ပယ်သီးတွေကိုတော့ ပြည်တွင်းက ယိုလုပ်ငန်းရှင်တွေဆီမှာပဲ သူတို့ဖြတ်တဲ့ဈေးနဲ့သွင်းရတယ်။ ကျွန်တော့်အခင်းက တစ်နှစ်တစ်နှစ် ဆယ်ဘီးကား နှစ်စီးတိုက်တော့ ရပါတယ်။ ဆိုတော့ သိန်းတစ်ရာကျော်လောက်တော့ရပါတယ်။ အရင်းနှုတ်လိုက်ရင် ကိုယ့်အတွက် သိန်းလေး၊ ငါးဆယ်တော့ ကျန်ပါတယ်"ဟု ကျောက်ဖရုံသီး စိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

ကျောက်ဖရုံသီး ပွဲစားတစ်ဦးကလည်း "ကျွန်မတို့ ကျောက်ဖရုံသီးကို မြင်းမူမြို့နယ်ထဲအထိ ဆင်းဝယ်ရပါတယ်။ ကျောက်ဖရုံသီးအများဆုံး စိုက်တဲ့ရွာကတော့ စံတင်းကင်းရွာပါ။ တခြား ရွာတော်တော်များများလည်း စိုက်ကြပါတယ်"ဟု ပြောသည်။

ကျောက်ဖရုံသီးကို ပြည်တွင်းစားသုံးမှုအနေဖြင့် ပုံမှန်ရှိသလို ကျောက်ဖရုံယို လုပ်ငန်းကလည်း ကျောက်ဖရုံသီးများ ဝယ်ယူသဖြင့် ပြည်တွင်း၌လည်း ပုံမှန်ဈေးကွက်ရှိနေကြောင်း၊ ယခုအခါ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်အဖြစ်လည်း ဈေးကွက်၌နေရာရလာခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသမျှသော ကျောက်ဖရုံသီး များကို ပွဲစားများက ဈေးကောင်းပေး၍ဝယ်ယူကြပြီး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ကာ အရောင်းအဝယ်လုပ်နေကြကြောင်း သိရသည်။ **(၀၇၇)**



# ကျောက်ကာကျေးရွာ မီးဘေးသင့်ပြည်သူများ၏ နေအိမ်များ မကြာမီ ပြန်လည်တည်ဆောက်နိုင်တော့မည်

**ပုလော ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက်ကာကျေးရွာမှ မီးဘေးသင့်ပြည်သူများအနေဖြင့် ပျက်စီးဆုံးရှုံးခဲ့သော နေအိမ်များနေရာတွင် နေအိမ်သစ်များကို ပြန်လည်တည်ဆောက်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီ နေအိမ်သစ်များတည်ဆောက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ကာကျေးရွာတွင် ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် စုစုပေါင်းအိမ်ခြေ ၂၉၄ လုံး မီးလောင်ကျွမ်းပျက်စီးခဲ့ပြီး မီးတားရာတွင် ပျက်စီးခဲ့ရသည့် အိမ်ခြေ ၃၄ လုံးအပါအဝင် အိမ်ထောင်စု ၄၁၈ စု မီးဘေးသင့်ခဲ့သည်။ အဆိုပါ မီးဘေးသင့်ပြည်သူများ၏ဘဝပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများဖြင့် ကော်မတီဖွဲ့စည်း၍ အနီးကပ်ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်မှုဖြင့် မီးဘေးသင့်ခဲ့ရသော အိမ်မြေယာများကို လုပ်ငန်းရှင်များ၏ ယန္တရားစက်များဖြင့် ကူညီရှင်းလင်းဆောင်ရွက်ပေးမှုကြောင့် မီးဘေးသင့်ပြည်သူများအနေဖြင့်မိမိတို့၏ နေအိမ်များကို မကြာမီ ပြန်လည်တည်ဆောက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မီးဘေးသင့်ခံရသော ကျောက်ကာကျေးရွာပြည်သူများထံ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များက ဖေဖော်ဝါရီ ၂၀ ရက်က စတုတ္ထအကြိမ် လာရောက်၍ မီးဘေးသင့်ပြည်သူများအနေဖြင့် မိုးမကျမီ နေအိမ်များ ပြန် လည်တည်ဆောက်နိုင်ရေးအတွက် တစ်အိမ်လျှင်ငွေကျပ်သိန်း ၂၀စီ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့အတူ လူမှုဝန်ထမ်းကယ် ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း တစ်အိမ်လျှင် သွပ်အချပ်ရေ ၅၀ စီနှင့် ထောက်ပံ့ငွေကျပ်တစ်သိန်းစီကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၄င်းအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ကျေးရွာတံတားတည်ဆောက်နိုင်ရေးအတွက် ငွေကျပ်သိန်း ၇၀၀ ထောက်ပံ့ပေးအပ်ပြီး မီးဘေးသင့်ပြည်သူများအတွက်ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှလည်း အစားအစာနှင့် ထောက်ပံ့ငွေများ၊ ထားဝယ်ခရိုင်မှ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေ ၂၁၇ သိန်းကျော်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ထောက်ပံ့ငွေ ကျပ်သိန်း ၂၀၊ NRC အဖွဲ့ကရေသန့်အိုးအလုံးရေ ၁၆၀၊ ဆေးစိမ်ခြင်ထောင် ၁၅၁ လုံး၊ ဆိုလာမီး အလုံး ၄၀ ကို ထောက်ပံ့ထားပြီးဖြစ် သည်။ ထို့အပြင်မီးဘေးသင့်အိမ်ထောင်စုများမှ တက္ကသိုလ်ဝင်တန်းဖြေဆို ကြမည့် ကျောင်းသားကျောင်းသူ ၂၉ ဦးအား တစ်ဦးလျှင် အလှူငွေကျပ် ၆၀၀၀၀ စီကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်ကာကျေးရွာမီးဘေးသင့်ပြည်သူများ၏ဘဝ ပြန်လည်ထူထောင်ရေးနှင့် မီးဘေးသင့်ခဲ့ရသောအိမ်များ မိုးမကျမီ ပြန်လည်တည်ဆောက်နိုင်ရေးတို့အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အနယ်နယ်အရပ်ရပ်မှ လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေများ၊ ဆန်၊ ဆီများ၊ အစားအသောက်များ၊ ရေသန့်၊ အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ အပါအဝင် အခြားပစ္စည်းများ ပို့ဆောင်ကူညီပေးလျက်ရှိသောကြောင့် မီးဘေးသင့်ပြည်သူများအနေဖြင့် မကြာမီ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကသာမြို့နယ် ယာဉ်ရပ်နားစခန်း ဆောက်လုပ်လျက်ရှိ

**ကသာ ဖေဖော်ဝါရီ ၂၂**

ကသာမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်ကြောများရှင်းလင်းစေရေးအတွက် ယာဉ်ရပ်နားစခန်းကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယာဉ်ရပ်နားစခန်းကို ကသာ-ဗန်းမော်ကားလမ်းဆုံဖြစ်သည့် အမှတ် (၉) ပတ္တမြားရပ်ကွက်နေရာအနီးတွင် ၄ ဒသမ ၈၂ ဧကအကျယ်မြေနေရာတွင် တည်ဆောက်နေခြင်းဖြစ်ကာ အဆိုပါ ယာဉ်ရပ်နားစခန်းတွင်အလျား အနံ ပေ ၂၀ ရှိ ကားဂိတ်ခန်း ၂၀၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ စားသောက်ဆိုင် ၈ ခန်း၊ အလျား ပေ ၈၀၊ အနံ ပေ ၆၀ ရှိတည်းခိုခန်း၊ အလျား ၁၅ ပေ၊ အနံ ၁၃ ပေရှိ စတိုးဆိုင်ခန်း ၂၅ ခန်း၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀ ရှိကြီးကြပ်ရေးရုံး၊ ရေတွင်းရေကန်နှင့်ရေစက်ရုံ၊ မီးသတ်စခန်း၊ အများသုံးအိမ်သာ၊ လုံခြုံရေးဂိတ်များ ပါဝင်ကြောင်းနှင့် မတ်လကုန်ပိုင်းလောက်တွင်ပြီးစီးနိုင်ရေးအတွက် ကသာခရိုင်နှင့် မြို့နယ်တာဝန်ရှိများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့ပေါ်တွင် လမ်းများတိုးချဲ့ပြုပြင်ပြီး ယာဉ်လိုင်းများကိုလည်း စနစ်တကျနေရာထားရှိနိုင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ရပ်နားစခန်း ကားကြီးကွင်းသစ်ကို တည်ဆောက်နေခြင်းဖြစ်ရာ ပြီးစီးပါက ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ ခရီးသည်များအတွက်အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့် မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဈေးများမီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို မော်လမြိုင်မြို့ရှိ အမှတ်(၁)ဈေးနှစ်ထပ်ဈေးကြီး၌ ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးသောင်းထိုက်နှင့် မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းတို့က ဈေးများတွင် မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

ထို့နောက်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ အခြားအဖွဲ့များ ပူးပေါင်း၍မီးသတ်ဆေးဗူးဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဈေးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆိုင်ရှင်များအား မီးဘေးကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**




# အေးမြစိုးဖောင်ဒေးရှင်းအစီအစဉ်ဖြင့် မျက်စိအခမဲ့ခွဲစိတ်ကုသမှု ဆောင်ရွက်ပေး

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော် (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် အေးမြစိုးဖောင်ဒေးရှင်းမှ လှူဒါန်းသော အခမဲ့မျက်စိခွဲစိတ်ကုသခြင်းကို အမှတ်(၃)ရပ်ကွက် ညောင်အိုင် အထက(ခွဲ)ကျောင်း ဒေါက်တာဉာဏဝရခန်းမ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ မျက်စိအခမဲ့စမ်းသပ်စစ်ဆေးခွဲစိတ်ခြင်းများကို မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာသန်းထွန်းဦး၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာတင်မောင်သန့်(စစ်ကိုင်း)၊ ဒေါက်တာအေးသီတာမြင့်(မုံရွာ)၊ ဒေါက်တာဖြူဖြူကင်း(ရွှေဘို)နှင့် အထက်တန်း သူနာပြုများ၊ မျက်မှန်ကျွမ်းကျင်ဝန်ထမ်းများ၊ သူနာပြုများက ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး မြို့နယ်ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အခမဲ့ မျက်စိစမ်းသပ်ကုသပေးရာသို့ ကန့်ဘလူမြို့နယ်အပြင် အနယ်နယ်အရပ်ရပ်မှ လာရောက်ပြသကြပြီး ဖေဖော်ဝါရီ ၂၀ ရက်အထိ မျက်စိဝေဒနာရှင် အမျိုးသား ၂၂၄ ဦး၊ အမျိုးသမီး ၄၇၉ ဦး၊ ပေါင်း ၇၀၃ ဦး လာရောက်ပြသကြကြောင်းနှင့် မျက်မှန်တပ်ဆင်ရန်လိုအပ်သူ ၄၁၀ ဦး၊ အကြီးစားခွဲစိတ်သူ ၇၈ ဦးနှင့် အသေးစားခွဲစိတ်သူ ၃၁ ဦးရှိပြီး မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်းနှင့် အခမဲ့ခွဲစိတ်ခြင်းများကို ဆောင်ရွက် ပေးခဲ့ကြောင်း၊ ကျန်ဝေဒနာရှင်များအား စားဆေး၊ သောက်ဆေး၊ မျက်စဉ်းဆေးများ ပေးခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၁ ရက်တွင်လည်း ဆက်လက်စစ်ဆေးကုသပေးခဲ့ရာ အကြီးစားခွဲစိတ်သူ ၁၀၇ ဦး၊ အသေးစားခွဲစိတ်သူ ၄၆ ဦး ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သဘာဝမြေသြဇာ အသုံးပြုစိုက်ပျိုး၍ တောင်သူများအဆင်ပြေ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ၌ ဒေသခံတောင်သူများအနေဖြင့် ဥယျာဉ်လယ်ယာများမှထွက်သော သစ်ရွက်အမှိုက်များကို သဘာဝမြေသြဇာအဖြစ် အသုံးပြုစိုက်ပျိုးလျက်ရှိပြီး ကုန်ကျစရိတ်သက်သာခြင်း၊ ပေါပေါများများ သုံးနိုင်ခြင်းနှင့် သီးနှံအထွက်နှုန်းကောင်းမွန်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနေကြကြောင်း သိရသည်။

သဘာဝမြေသြဇာ ပြုလုပ်ရန်အတွက် သစ်ရွက်အမှိုက်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကာ အရိပ်ရသစ်ပင်ကြီးများအောက်တွင် စုပုံထား၍အပေါ်တွင် နွားချေးဆွေး၊ ဆိတ်ချေးဆွေးများဖြူး၍ဖုံးပေးရကြောင်း၊ ထိုအပေါ်တွင် ဖွဲမှုန့်တစ်ထပ်ဖြူးပေးရပြီးနောက် ရေရွှဲရွှဲဖျန်း၍ပလတ်စတစ်စများဖြင့်လုံခြုံစွာဖုံးအုပ်ထားရကြောင်း၊ ၅ ရက်သို့မဟုတ် ၇ ရက်ခန့်တွင်တစ်ကြိမ် ဖုံးအုပ်ထားသည်ကိုဖယ်၍ အထက်အောက်လှန်ပြီး သမအောင်မွှေကာ နှမ်းဖတ်ပုပ်ရည်ဖျန်း၍ ပလတ်စတစ်ပြန်အုပ်ထားရကြောင်း၊ ထိုသို့ငါးကြိမ်ခန့်ပြုလုပ်ပြီးပါက အားလုံးရော၍အမှုန့်ဖြစ်သွားပြီး သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ကြောင်း ကိုယ်တိုင်ပြုလုပ်အသုံးပြုနေသည့် တောင်သူတစ်ဦးက ရှင်းပြသည်။

သဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် မြေသြဇာတစ်အိတ်လျှင်ကျပ်သုံးသောင်းခန့် ပေးဝယ်နေရသည့် ကုန်ကျစရိတ်ကို သက်သာစေသည့်အပြင် ကိုယ်တိုင်ပြုလုပ်သော သဘာဝမြေသြဇာဖြစ်သောကြောင့် ပေါများစွာ အသုံးပြုနိုင်ကြောင်း၊ သဘာဝမြေသြဇာအသုံးပြုခြင်းကြောင့် သီးနှံအထွက်နှုန်းလည်း အထူးကောင်းမွန်ကြောင်း၊ ယခင်က သစ်ရွက်အမှိုက်များကို မီးရှို့ပစ်ရာ လေထုညစ်ညမ်းစေပြီး ယခုအခါတွင် သဘာဝမြေသြဇာအဖြစ် ပြုလုပ်အသုံးပြု ခြင်းကြောင့် လေထုညစ်ညမ်းမှုကိုလည်း လျော့နည်းစေနိုင်ကြောင်း သိရသည်။

**အောင်မင်း(စဥ့်ကိုင်)**

## သတင်းတိုများ

### မြို့နယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(TSDP)အရ ဝမ်းတွင်းမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ဝမ်းတွင်းမြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် သနပ်ခါးတောအသင်းနှင့်ဘုရားဖြူအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ပြီး သနပ်ခါးတောအသင်းက ငါးဂိုး-လေးဂိုးဖြင့်အနိုင်ရခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

### နမ့်ဆန်မြို့ မီးလောင်ကျွမ်းမှုတွင်ပါဝင်သော အာမခံထားသူထံသို့ မီးအာမခံလျော်ကြေးငွေပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်နမ့်ဆန်မြို့၌ ဖေဖော်ဝါရီ ၄ ရက်ကဖြစ်ပွားခဲ့သည့်မီးလောင်မှုတွင် ပါဝင်သွားခဲ့သော လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကျော် ပိုင်ဆိုင်သည့်နေအိမ်အတွက် IKBZ အာမခံကုမ္ပဏီမှ လျော်ကြေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်ကလားရှိုးမြို့ရှိ ကုမ္ပဏီရုံးခွဲ၌ ကျင်းပခဲ့ပြီး ကုမ္ပဏီအထွေထွေမန်နေဂျာဦးသန်းဇော်နှင့် အထက်မြန်မာပြည်တာဝန်ခံ ဦးဝင်းဦးတို့က အိမ်ပိုင်ရှင် ဦးဝင်းကျော်အား အာမခံလျော်ကြေးငွေ ကျပ် ၆၂၄ ဒသမ ၅ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၃)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် မင်းဗန္ဓုစေတီတော်ကြီး ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် လှူပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပစဉ်။** (မင်းဗန္ဓုစေတီတော်ကြီးသည် ဉာဏ်တော် ၁၁၂ ပေရှိပြီး သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရဦးစီး၍ တော်ဝင်မိသားစု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေးမိသားစု၏ ကျပ်သိန်း ၇၂၅၀ လှူဒါန်းမှုနှင့်အခြားအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုများဖြင့် ထီးတော်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ တင်လှူခဲ့ခြင်းဖြစ်သည်။)

**တင်စိုး(မြန်မာ့အလင်း)**

## မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက်ရှိ မြိတ်တက္ကသိုလ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲအမျိုးသမီးပွဲစဉ်တွင် သင်္ချာဘာသာရပ်အသင်းနှင့် ရူပဗေဒဘာသာရပ်အသင်းတို့ယှဉ်ပြိုင်ခဲ့ပြီး သင်္ချာအသင်းက သုံးပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ အမျိုးသားပွဲစဉ်တွင် ဘူမိဗေဒဘာသာရပ်အသင်းနှင့် ဓာတုဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး ဓာတုဗေဒအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ဆုရရှိသူများအား မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ဌေး၊ ဓာတုဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာနေသွယ်ကြည်နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## နှမ်း၊ မြေပဲ၊ နေကြာ သဘာဝဆုံဆီ ခေတ်နှင့်အညီ ပြောင်းလဲထုတ်လုပ်

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအုပ်စု ငါးမြွေကုန်းကျေးရွာ၌ သစ်သားကြိတ်ဆုံများကိုအသုံးပြု၍ ဆီကြိတ်ကာ သဘာဝအတိုင်း နှမ်းဆီ၊ မြေပဲဆီ၊ နေကြာဆီများကို ထုတ်လုပ်သော သဘာဝဆုံဆီလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဆီကြိတ်ရာတွင်ကုန်ကြမ်းအဖြစ် ကျောက်ဆည်မြို့နယ်အတွင်းရှိ မှိုင်းပန်ကျေးရွာ၊ ဖျောက်ဆိပ်ပင်ကျေးရွာ၊ ဓာတ်တော်ဒေသ၊ ကလေးကျေးရွာ၊ မြင်တွင်းကျေးရွာနှင့်တောင်တော်ဒေသများမှ နှမ်း၊ မြေပဲ၊ နေကြာများကို ဝယ်ယူ စုဆောင်းပြီး ဒေသတွင်းကုန်ကြမ်းရှားပါးသွားလျှင် ပခုက္ကူဒေသမှ မှာယူတင်သွင်းကြောင်း၊ ကုန်ကြမ်းများကိုမကြိတ်ခွဲမီစနစ်တကျဖယ်ရှားသန့်စင်၍ ဆီကြိတ်ထုတ်လုပ်ကြောင်း၊ ထွက်လာသောဆီများတွင် ဓာတုပစ္စည်းများ၊ စားအုန်းဆီများ ရောနှောခြင်း လုံးဝမပြုလုပ်ဘဲ စားသုံးသူများ သဘာဝဆုံဆီ အရသာကို ခံစားနိုင်ရန်ထုတ်လုပ်ကြောင်း ဆုံဆီလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကုန်ကြမ်းများ ဝယ်ယူရာတွင် မြေပဲ တစ်ပိဿာလျှင် ကျပ်၂၅၀၀ နှုန်း၊ နေကြာတစ်တင်းလျှင် ကျပ် ၁၄၀၀၀ နှုန်း၊ နှမ်းတစ်တင်းလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ဝယ်ယူရပြီး ဆီရောင်းဈေးမှာ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၆၀၀၀ နှုန်း၊ နေကြာဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀ နှုန်းနှင့် မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၆၈၀၀ နှုန်းရရှိကြောင်း၊ ဆီရောင်းချရာတွင်အစားအသောက်နှင့် ဆေးဝါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုမိန့်ရယူကာ ခေတ်မီဒီဇိုင်းတယ် ကတ္တားများဖြင့် ရောင်းချကြောင်း သိရသည်။

ဆီကြိတ်လုပ်ငန်းများတွင်သစ်သားကြိတ်ဆုံများကို ယခင်ကနွားဖြင့်ဆွဲ၍ လည်ပတ်သည့်အစား မြင်းကောင်ရေနှစ်ကောင်အား မော်တာဖြင့်တပ်ဆင်၍ လည်ပတ်ကာဆီကြိတ်ကြောင်း၊ သစ်သားကြိတ်ဆုံများကို ပခုက္ကူဒေသမှ ကြိတ်ဆုံလုပ်ငန်းကျွမ်းကျင်သူ မြန်မာ့ရိုးရာလက်မှုပညာရှင်များကိုခေါ်ယူ၍ ပြုလုပ်ရကြောင်း၊ ရိုးရာဆီဆုံလုပ်ငန်းကို မျက်မှောက်ခေတ်နည်းပညာဖြင့် ပေါင်းစပ်၍ လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆီဆုံလုပ်ငန်းများအနေဖြင့် ကုန်ကြမ်းများဝယ်ယူ၍ ဆီကြိတ်ထုတ်လုပ်သည့်အပြင် ဒေသခံတောင်သူများ၏ သီးနှံများကို လာရောက်ကြိတ်ခွဲလျှင်လည်း ကြိတ်ခွဲခယူ၍ကြိတ်ပေးကြောင်း၊ နှမ်းတစ်တင်းကြိတ်ခွဲခကျပ် ၃၅၀၀ ယူကြောင်း၊ နှမ်းကြိတ်ဖတ်များ ပြန်မယူလိုလျှင် ကြိတ်ခမယူဘဲ အခမဲ့ကြိတ်ပေးကြောင်း၊ ရိုးရာဆီဆုံလုပ်ငန်းကို ခေတ်နှင့် လျော်ညီအောင်လုပ်ကိုင်ခြင်းဖြင့် ဆီဆုံလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အောင်မင်း(စဥ့်ကိုင်)**

## အာဇာနည်ပန်းခြံတွင် ကလေးကစားကွင်းတည်ဆောက်ပေး၍ ဒေသခံများဝမ်းမြောက်လျက်ရှိ



**ညောင်တုန်း ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ဗိုလ်ချုပ်လမ်းနှင့် သွန်းဘုရားကြီးလမ်းဆုံဥသျှစ်လှစေတီရှေ့ရှိ အာဇာနည်ပန်းခြံအတွင်း၌ ကလေးကစားကွင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပေးထားသဖြင့် ကလေးကစားကွင်းမရှိသေးသော ညောင်တုန်းမြို့အတွက် အဆင်ပြေသွား၍ ဒေသမြို့ခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့တွင် ၁၉၈၈ ခုနှစ် မတိုင်မီက အာဇာနည်ပန်းခြံရှိခဲ့ပြီး အဆိုပါပန်းခြံအတွင်း အာဇာနည်ကျောက်တိုင်အပြင် ကလေးငယ်များ ဆော့ကစားနိုင်ရန် ကလေးကစားကွင်းကိုလည်း တည်ဆောက်ပေးထားခဲ့၍ကလေးငယ်များအတွက် အဆင်ပြေခဲ့ကြောင်း၊ အာဇာနည်နေ့ရောက်တိုင်းတွင်လည်း မြို့နယ်သူ မြို့နယ်သားများအနေဖြင့် အာဇာနည်ကျောက်တိုင်တွင် ကိုယ်တိုင်လွမ်းသူ့ပန်းခွေချ အလေးပြုနိုင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တွင် အာဇာနည်ပန်းခြံမှ စည်ပင်ပန်းခြံ၊ စည်ပင်ပျိုးဥယျာဉ်အဖြစ် ပြောင်းလဲသွားသဖြင့် ၂၀၁၀ ခုနှစ်အထွေထွေရွေးကောက်ပွဲအလွန် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလရောက်မှ အာဇာနည်ပန်းခြံဖွင့်လှစ်ခွင့် ပြန်လည်ရရှိခဲ့သည်။

ယခုအချိန်တွင် အာဇာနည်ပန်းခြံအတွင်း၌ ကလေးငယ်များ အပန်းဖြေဆော့ကစားရန် ကလေးကစားကွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြန်လည်တည်ဆောက်ပေးပြီး ပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် မြို့ခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

## ပြင်ဦးလွင်မြို့ရှိ ဂဲလောင်းချောင်းရေလဲရေိယာနှင့် ဒူးလမ်းကြားများ ပြန်လည်ဖော်ထုတ်မည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် မြို့သာယာလှပရေးအတွက် မြို့တွင်းရပ်ကွက်များရှိ ဒူးလမ်းကြားများ ပိတ်ဆို့နေမှုများကို ပြန်လည်ဖော်ထုတ်ရှင်းလင်းသွားမည်ဖြစ်ကြောင်းနှင့် မြို့တွင်း ရေမြောင်းများတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့၏ ရေပိုရေလျှံများ စီးထွက်ရာဖြစ်သော ဂဲလောင်းချောင်း ရေဝေရေလဲ ဧရိယာကို ပြန်လည်သတ်မှတ်၍ ပိတ်ဆို့တားဆီးနေသော အဆောက်အအုံများကို ဖယ်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ (မေမြို့)အား အင်္ဂလိပ်တို့ မြို့ပြအဖြစ် စတင်တည်ဆောက်ခဲ့သည့် အချိန်မှစ၍ မြို့တွင်းသာယာလှပရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် နောင်တစ်ချိန်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် ခေတ်မီမြို့ပြအဖြစ် ရည်ရွယ်၍ ရပ်ကွက်တိုင်းတွင် ဒူးလမ်းကြားများကို ထည့်သွင်းပုံဖော်လုပ်ထားခဲ့သည်။ ရပ်ကွက်တိုင်းတွင် အဆိုပါ ဒူးလမ်းကြားများရှိခြင်းအားဖြင့် နေအိမ်များမှ နေ့စဉ်ထွက်ရှိလာမည့် အမှိုက်သရိုက် အညစ်အကြေးများကို အလွယ်တကူ သန့်စင်ဖယ်ရှားပေးနိုင်သည့်အပြင် ဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်မီမြို့ပြကြီးဖြစ်လာသည့်တိုင် မြို့တွင်း လူနေအိမ်ခြေများ ပွတ်သိပ်မွန်းကျပ်မနေဘဲ လေဝင်လေထွက် ကောင်းမွန်နိုင်ခြင်း၊ မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ခြင်း၊ ရပ်ကွက်အတွင်းနေ ပြည်သူလူထု၏ ကျန်းမာရေးထိခိုက်မှု မရှိနိုင်ခြင်းစသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ထည့်သွင်းဖောက်လုပ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြို့လယ်ရှိ ဂဲလောင်းချောင်းကိုလည်း မြို့၏ကျက်သရေဆောင် ကန်တော်ကြီး၊ ကန်တော်လေးတို့မှ ရေပိုရေလျှံများ စီးဆင်းရာအဖြစ်လည်းကောင်း၊ ထောက်ပို့ရေထွက်ကန်နှင့် မြို့တွင်းရှိ ပြည်သူလူထုတို့ သုံးစွဲလိုက်သော စွန့်ပစ်ရေများ စီးဆင်းသွားလာရန်အတွက်လည်းကောင်း စနစ်တကျနှင့် တူးဖော်ထားရှိခဲ့သည်။ ဂဲလောင်းချောင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက်လည်း ချောင်းဘေးပတ်ဝန်းကျင်ကို ရေဝေရေလဲ ဧရိယာအဖြစ် သတ်မှတ်ပိုင်းခြားပေးခဲ့ကြောင်း သိရသည်။

အင်္ဂလိပ်တို့သည် ပြင်ဦးလွင်ခေါ် မေမြို့အား အင်္ဂလန်ရှိ မြို့ကြီးများ နည်းတူ ခေတ်မီမြို့ပြကြီးအဖြစ် ပုံဖော်ပေးထားခဲ့ကြသော်လည်း ယခုအခါ ရပ်ကွက်များအတွင်းရှိ ဒူးလမ်းကြားများပေါ်တွင် လူနေအိမ်များ၊ ဈေးဆိုင်များ ဆောက်လုပ်နေထိုင်လာကြခြင်း၊ ဂဲလောင်းချောင်းရေဝေရေလဲ ဧရိယာအတွင်း၌လည်း များပြားလှသော အဆောက်အအုံများ တည်ဆောက်လာခြင်းတို့ကြောင့် ပြင်ဦးလွင်မြို့မှာ သန့်ရှင်းသာယာလှပသည့် မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်မှုမရှိတော့ဘဲ မြို့ဂုဏ်ကျက်သရေ ညှိုးနွမ်းစေခဲ့ရသည်။ ထို့အပြင် ဂဲလောင်းချောင်း ရေဝေရေလဲဧရိယာအတွင်း အဆောက်အအုံများ ပိတ်ဆို့နေခြင်းကြောင့် မိုးရာသီ၌ တောင်ပေါ်မြို့ဖြစ်သော ပြင်ဦးလွင်တွင် ရေကြီးရေလျှံမှုများကို မကြုံစဖူး ကြုံတွေ့နေကြရသည်။

ထိုကဲ့သို့သော အခက်အခဲ အကြောင်းအခြင်းအရာတို့ကို ဖြေရှင်းသည့်အနေဖြင့် ဒူးလမ်းကြားများကို စနစ်တကျပြန်လည်ဖော်ထုတ်ခြင်း၊ ဂဲလောင်းချောင်း ရေဝေရေလဲဧရိယာကို ပြန်လည်သတ်မှတ်၍ ပိတ်ဆို့တားမြစ်နေသော အဆောက်အအုံများ ပြန်လည်ဖယ်ရှားခြင်းတို့ကို မြို့တော်နေ ပြည်သူလူထု အများစု စိတ်ချမ်းသာ ပျော်ရွှင်စေရန် ရှေးရှုလျက် မဖြစ်မနေ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၄၃/၀)ရှိ ယာယီသန့်စင်ခန်းများအား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် ခေတ္တပိတ်ထားမည့်အကြောင်း ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ တင်ဒါစနစ်ဖြင့် ပေးအပ်ထားသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၄၃/၀)ရှိ ယာယီသန့်စင်ခန်း(၂)ခုအား ၁-၃-၂၀၁၆ ရက်မှစ၍ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ခေတ္တပိတ်ထားမည်ဖြစ်၍ နီးစပ်ရာယာဉ်ရပ်နားစခန်း အသီးသီးတွင် ရပ်နားသွားနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**
**ဖုန်း-၀၆၇-၈၁၀၀၁၄၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်နှင့် ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီတို့ ပူးပေါင်းပါဝင်ဆောင်ရွက်သောစနစ် အခြေခံ၍ အကျိုးတူဆောင်ရွက်သွားလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၂-၂၀၁၆ရက် နံနက် ၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၂၅-၂-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၀-၃-၂၀၁၆ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါအဆိုပြုလွှာပြန်လည်တင်သွင်းရာတွင် မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာ နှစ်မျိုးစလုံးဖြင့် အဆိုပြုတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀၀ နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများအတွက် အကြံပြုစာများပေးပို့ရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအား ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးဖြစ်သဖြင့် ယင်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် နည်းဥပဒေများကို ရေးဆွဲရာတွင် သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်ရှိပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအား လေ့လာဖတ်ရှုလိုပါက ကျောက်မျက်အသင်းရုံး(ရန်ကုန်)နှင့် အသင်းခွဲများ(မန္တလေး၊ မိုးကုတ်၊ ဖားကန့်၊ မြစ်ကြီးနား၊ စစ်ကိုင်း)တွင် သွားရောက်ထုတ်ယူနိုင်ပါသည်။

၂။ ကျောက်မျက်ရတနာနည်းဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ အကြံပြုလိုသည်များရှိပါက စိတ်ပါဝင်စားသူ မည်သူမဆို တစ်ဦးချင်းသော်လည်းကောင်း၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး၊ မိုးကုတ်၊ ဖားကန့်၊ မြစ်ကြီးနား၊ စစ်ကိုင်း)များမှတစ်ဆင့်သော်လည်းကောင်း၊ ၂၉-၂-၂၀၁၆ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ အကြံပြုစာများကို ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**
**အမှတ် ၆၈၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၆၃၀၈၀၊ ၀၁-၆၆၃၁၁၉၊ ၀၉-၈၆၁၁၂၃၉၊ ၀၉-၈၆၁၁၂၈၅**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## နေပြည်တော်အုတ်စက်ရုံ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အုတ်စက်ရုံတွင် ကုန်ထုတ်လုပ်ငန်း၌ အသုံးပြု၍မရသည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အတိုင်း မြန်မာကျပ်ငွေဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အုတ်တင်တွဲ(၂၀၄)တွဲ၊ဘီးနှင့် Shaftအပါအဝင်သံထည်ပစ္စည်းများ
(ခ) 2 Ton Dump Truck ယာဉ်နှစ်စီး Faw(Dong Fang) (လေးလုံးထိုး)

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၄-၂-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၄-၃-၂၀၁၆ ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

- **ဘိလပ်မြေနှင့် အုတ်အရောင်းဌာနခွဲ**၊ မြို့တော်ခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၃၂၃၁၂
- **နေပြည်တော်အုတ်စက်ရုံ**၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆ မိုင်၊ ၃ ဖာလုံ၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၃၁၀၂၀၂၀၆

**စက်ရုံပစ္စည်းများ ထုခွဲရောင်းချရေးအဖွဲ့**
**နေပြည်တော်အုတ်စက်ရုံ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## ဘိလပ်မြေစက်ရုံ (နေပြည်တော်)
## လေလံတင်ဒါခေါ်ယူခြင်း

၁။ ဘိလပ်မြေစက်ရုံ(နေပြည်တော်)၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါပစ္စည်းအဟောင်းများကို လေလံတင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ လေလံတင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | သံမဏိဘောစေ့အဟောင်း | ၂၂.၆၆ | တန် |
| (ခ) | သံထည်ပစ္စည်းအဟောင်း | ၃၃ | တန် |
| (ဂ) | စက်ဆီ၊ ချောဆီအပျက် | ၅၂ | ပီပါ |
| (ဃ) | ဘက်ထရီအဟောင်း | ၅၆ | လုံး(1 Lot) |
| (င) | တာယာအဟောင်း | ၃၁၈ | လုံး(1 Lot) |
| (စ) | ပီနံအိတ်ခွံအဟောင်း | ၅၀၀ | ပိဿာ |
| (ဆ) | ကြေးပိုင်ယာအဟောင်း | ၅၈၄ | ပေါင် |
| (ဇ) | Conveyor Belt (အဟောင်း) | 1 | Lot |

၂။ လေလံတင်ဒါပုံစံများကို ၂၂-၂-၂၀၁၆ ရက်မှ ၂၆-၂-၂၀၁၆ ရက်အထိ အောက်ဖော်ပြပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး လေလံတင်ဒါများကို ၂၉-၂-၂၀၁၆ ရက် ၁၆ နာရီ နောက်ဆုံးထားပေးသွင်းရမည်။

**ဘိလပ်မြေအရောင်းဌာနခွဲ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊**
**ဖုန်း- ၀၆၇-၄၃၂၃၁၂**
**ဘိလပ်မြေစက်ရုံ(နေပြည်တော်) ဖုန်း- ၀၁-၃၃၃၄၀၁၅၊ ၀၉-၅၁၁၀၃၃၁**

## နွေရာသီပန်တျာသင်တန်းသားနှင့် ပန်းချီသင်တန်းသားခေါ်ယူခြင်း

| | | | |
|---|---|---|---|
| ၁။ | **သင်တန်းဖွင့်မည့်နေရာ** | (က) | အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်မြို့။ |
| | | (ခ) | အနုပညာအထက်တန်းကျောင်း၊ မန္တလေးမြို့။ |
| ၂။ | **အသက်** | | အသက်(၅)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ |
| ၃။ | **သင်တန်းသားခေါ်ယူခြင်း** | | ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၄ ရက်အထိ |
| ၄။ | **သင်တန်းစတင်ဖွင့်မည့်ရက်** | | ၂၀၁၆ ခုနှစ် မတ် ၇ ရက် |
| ၅။ | **သင်တန်းကာလ** | | ရက်သတ္တပတ် (၄)ပတ် |
| ၆။ | **တက်ရောက်လိုသောသင်တန်း** | (က) | ပန်တျာ(အဆို/အက) |
| | | (ခ) | ပန်းချီ (အခြေခံအဆင့်သင်တန်းတက်ရောက်ပြီးသူများ တန်းမြင့်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။) (တန်းမြင့်သင်တန်းပြီးဆုံးပါက သင်ရိုးကုန်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။) |
| ၇။ | **သင်တန်းအချိန်** | | နံနက်(၀၉း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ |
| ၈။ | **သင်တန်းကြေး** | | ကျပ်-၁၅၀၀၀ိ/- |
| ၉။ | **လျှောက်လွှာ** | | သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါကျောင်းများတွင် ရယူလျှောက်ထားနိုင်ပါသည်။ |
| | | | (က) အနုပညာအထက်တန်းကျောင်း(ရန်ကုန်)။ ဖုန်း-၀၁-၅၅၅၆၄၂ အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| | | | (ခ) အနုပညာအထက်တန်းကျောင်း(မန္တလေး)။ ဖုန်း-၀၂-၆၁၁၆၉၊ ၆၆လမ်း၊ ၂၀-၂၂လမ်းကြား၊ မန္တလေး |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၇၅၃/က၊ မြေကွက်တည်နေရာအမှတ် ၇၅၃/က၊ သန္တာ ၂ လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးမောင်ရ CF-၀၅၆၄၆၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ရနှင့် ၄င်းထံမှ အရောင်းအဝယ်(အရပ်ကတိ) စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ရွှေတို့ အပေါ် တရားပြိုင်ထားကာ ဒေါ်မိုးမိုးမြင့်မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် တရားရုံးတွင် မြေကွက်အကျယ် (၄၄×၆၀)ပေ အနက် (၂၄×၆၀)ပေအားအရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးကိုယ်စား ဘိလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ တရားမကြီးမှုအမှတ် ၈၉/၂၀၁၄၏ (၈-၉-၂၀၁၄) ရက်စွဲပါစီရင်ချက်၊ တရားမဇာရီမှုအမှတ် (၁၀၈/၂၀၁၄)၊ နေ့စဉ်မှတ်တမ်းနှင့် ဘိလစ်ခန့်အပ်ကြောင်းအကြောင်းကြားစာတို့တင်ပြ၍ (၂၄×၆၀)ပေ (Portion)အတွက် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၃၄၆၀)၊ ဧရိယာ ၀ဒသမ ၁၁၀၈ဧက ဒေါ်လှလှရွှေ အမည်ပေါက်နှစ်(၃၀) အငှားဂရန်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၇/၂၀၁၃ ဖြင့် ဒေါ်လှလှရွှေ၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဦးနေမျိုးမောင် ၉/မနမ(နိုင်)၀၄၁၂၇၉မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ ကန်သာယာ(၂)လမ်း၊ မြေကွက်အမှတ်-၁၂၉၁၊ အလျား-၄၁ပေ× အနံ-ပေ ၆၀ခန့် အကျယ်အဝန်းရှိ ဦးမြင့်ဦး ၁၂/လမန(နိုင်)၁၂၆၀၃၂ (U/RGN ၀၀၉၀၁၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကို ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်နီနီခင် ၁၀/ကထန(နိုင်)၀၂၅၃၇၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဆန်နီ (ပျဉ်းမနား)**
**အထက်တန်းရှေ့နေ (စဉ်-၁၆၉၅၁)**
**၁၀၃၇၊ သင်းဝင်(၅)လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၉၇၆၇၁၃၈၂၀**

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | ရာထူး | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၄၃၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |
| (ခ) | ရုံးအကူ/စာပို့ | ၇၀ နေရာ | အခြေခံပညာအထက်တန်းအောင် |

၂။ အဆိုပါရာထူးများအား အောက်ပါအတိုင်း ခန့်အပ်သွားပါမည်-

| | | အငယ်တန်းစာရေး | ရုံးအကူ/စာပို့ |
|---|---|---|---|
| (က) | ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)နေပြည်တော် | ၃၅ | ၉ |
| (ခ) | ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၁၂ | ၃ |
| (ဂ) | ကယားပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၈ | ၂ |
| (ဃ) | ကရင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၄ | ၆ |
| (င) | ချင်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၈ | - |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၄၅ | ၂ |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၁၇ | ၆ |
| (ဇ) | ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၃၈ | ၂ |
| (ဈ) | မကွေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၃၈ | - |
| (ည) | မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၅၁ | ၂ |
| (ဋ) | မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၄ | ၂ |
| (ဌ) | ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၂၄ | ၃ |
| (ဍ) | ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၅၀ | ၉ |
| (ဎ) | ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၄၂ | ၈ |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၄၃ | ၄ |
| (တ) | ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး | ၁၁ | ၁၂ |
| | **စုစုပေါင်း** | ၄၃၀ | ၇၀ |

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၉-၂-၂၀၁၆ ရက်တွင်အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရပါမည်-
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) လျှောက်ထားလိုသည့်ရာထူး
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၄င်းတို့၏ အလုပ်အကိုင်
(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
(ဈ) ရေးဖြေစာမေးပွဲဖြေဆိုမည့်စာစစ်ဌာန

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

၆။ လျှောက်လွှာကို အပိုဒ်(၂)တွင် ဖော်ပြထားသည့် မိမိတာဝန်ထမ်းဆောင်လိုသော ရုံးတစ်ခုခုသို့၂၂-၃-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာတင်သည့် ရုံး၏ သတ်မှတ်နေရာ၌သာ စာမေးပွဲဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲအား ၂၉-၃-၂၀၁၆ ရက်တွင် နေပြည်တော်ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထွေထွေဗဟုသုတဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများအား ၂၈-၃-၂၀၁၆ ရက်တွင် မိမိလျှောက်လွှာတင်ထားသည့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၃၀၀၂၁နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကိုကျော်မင်းလွင်နှင့် အများသိစေရန်ကြေညာခြင်း

လှိုင်ကော်မြို့၊ လောမရပ်ကွက်တိုးချဲ့၊ အမှတ်-က/၂၃နေ ဦးဘိုတင် ၂/လကန(နိုင်)၀၄၈၀၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဘိုတင်၏သား ကိုကျော်မင်းလွင် ၂/လကန(နိုင်)၀၇၃၇၈၉နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

